ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်၊ သောကြာနေ့ (12 - 4 - 2013) (၇၄၅၃)

ယ နေ့ မ ဂ္ဂ ဇိ က ာ

ထိန်းသိမ်းရမည့် ရိုးရာယဉ်ကျေးမှု စာမျက်နှာ ➢ ၂

အောင်အတိတ် အောင်နိမိတ် အောင်သပြေ စာမျက်နှာ ➢ ၆

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ရှိ လမ်းအချို့ တစ်လမ်းမောင်းစနစ် ကျင့်သုံးမည် စာမျက်နှာ ➢ ၇

ပရိမီယာလိဂ် ရင်ခုန်သံ - ၃၃ စာမျက်နှာ ➢ ၁၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၁၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ယန်ဟိုလန်အား ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်(ရန်ကုန်ရုံးခွဲ)၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော ဦးလှမြင့်ဦး၊ ဦးငွေးမြင့်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယန်ဟိုလန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာဆန်ဆန်ဝတ်စုံများဖြင့် ရိုးရာယဉ်ကျေးမှုစံပြအဖြစ် ရေပက်ကစားမည်

ရန်ကုန် ဧပြီ ၁၁

လာမည့်အတာသင်္ကြန်ပွဲတော်တွင် မြန်မာဆန်ဆန်ဝတ်စုံများဖြင့် အမျိုးသမီးလှပျိုဖြူများ သီးသန့်ရေကစားမဏ္ဍပ်တစ်ခုကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းနှင့် အနော်ရထာလမ်းထောင့်အနီး၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမဏ္ဍပ်ကို သျှိုင်းရေကစားမဏ္ဍပ်ဟု အမည်ပေးထားပြီး ယခုနှစ်တွင် (၂၄)ကြိမ်မြောက်အဖြစ် စီစဉ်ထားခြင်းဖြစ်သကဲ့သို့ သရုပ်ဆောင်ဝေဠုကျော်နှင့် ရုပ်ရှင်သရုပ်ဆောင်များ၊ နာမည်ကြီးတေးသံရှင်များက မဏ္ဍပ်တွင် နေ့စဉ်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်မှာ အလှူလုပ်ချင်လို့ မဏ္ဍပ်ဆောက်ရင်း ဒီလိုစီစဉ်ဖြစ်တာပါ။ မြန်မာ့ရိုးရာဝတ်စုံလေးတွေနဲ့ မြန်မာ့ရိုးရာ အတာသင်္ကြန်ကို ဆင်နွှဲမှာဖြစ်ပါတယ်။ ဒီနှစ်မှာ မြန်မာဆန်ဆန်ဝတ်စုံလေးတွေကို ရိုးရာယဉ်ကျေးမှုစံပြတစ်ခုအနေနဲ့ လုပ်သွားဖို့ရှိပါတယ်" ဟု အဆိုပါ ရေကစားမဏ္ဍပ်စီစဉ်သော ဝါဝါသန်းအလှပြုပြင်ရေးမှ ဒေါ်သန်းသန်းအေးက ပြောကြားသည်။

သင်္ကြန်အကြိုနေ့တွင် ဖွင့်ပွဲအခမ်းအနားနှင့်အတူ သင်္ကြန်ထမင်း၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ ဆီထမင်းစသော စတုဒိသာများကိုလည်းကောင်း၊ အကျနေ့တွင် ဒံပေါက်၊ အကြတ်နေ့တွင် သီးစုံဟင်းနှင့် ငါးပိသုပ်၊ အတက်နေ့တွင် ကြက်သားဟင်းစသည်ဖြင့် နေ့စဉ် မရိုးနိုင်အောင် စီစဉ်ထားပြီး ရေကစားသူများအပါအဝင် လမ်းသွားလမ်းလာများ၊ ရေပက်ခံထွက်သူများကိုလည်း ကျွေးမွေးလှူဒါန်းမည်ဟု သိရသည်။

ယခုနောက်ပိုင်း သင်္ကြန်ပွဲတော်တွင် သရုပ်ပျက်ဝတ်ဆင်မှုများပြားလာခြင်းကြောင့် မြန်မာ့ရိုးရာသင်္ကြန်တွင် မြန်မာဆန်ဆန် ဝတ်စုံများဖြင့် စံနမူနာပြ၍ ယင်းကဲ့သို့ စီစဉ်ခြင်းဖြစ်သည်ဟု သိရသည်။ ထိုမဏ္ဍပ်တွင် အမျိုးသမီးများသာ သီးသန့်ရေကစားကြမည်ဖြစ်သလို ပေ ၅၀ အရှည်မဏ္ဍပ်အဖြစ်ဆောက်၍ ရေပိုက် ၁၂၀ တပ်ဆင်သွားမည်ဖြစ်သည်။

ထက်ခိုင်(စမ်းချောင်း)

သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ကာလအတွင်း ပြည်သူအများ မီးရထားဖြင့် ခရီးသွားလာမှုအဆင်ပြေချောမွေ့ရေး ဆောင်ရွက်ပေးထား

သတင်း - သော်ဇင်

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ကာလအတွင်း အများပြည်သူများ မီးရထားဖြင့် လိုရာခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း ရန်ကုန်ဘူတာကြီးမှ သိရသည်။**(အောက်ပုံ)**

သင်္ကြန်ကာလ သုံးရက်တွင် ရန်ကုန်-နေပြည်တော် အမှတ် (၇)အဆန်၊ ရန်ကုန်-ပုဂံ အမှတ်(၆၁)အဆန်၊ ရန်ကုန်-မော်လမြိုင် အမှတ်(၃၅)အဆန်၊ ရန်ကုန်-မန္တလေး အမှတ်(၅)အဆန်တို့၏ ခရီးစဉ်ကို ခေတ္တရပ်နားထားမည်ဖြစ်သည်။

သင်္ကြန်မတိုင်မီ ရန်ကုန်မြို့မှ အနယ်နယ်အရပ်ရပ်သို့ ခရီးသွားလာသူများ များပြားလျက်ရှိရာ လက်မှတ်ရောင်းချမှုနှင့် ပတ်သက်၍ "ကျွန်တော်တို့ မီးရထားစီးခရီးသွားပြည်သူများ လက်မှတ်ရရှိရေးအတွက် အဆင်ပြေအောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထက်တန်းလက်မှတ်များကို သုံးရက်ကြိုရောင်းချပေးပြီး ရိုးရိုးတန်းလက်မှတ်များကို တစ်ရက်ကြိုရောင်းချပေးလျက်ရှိကြောင်း၊ ကြိုတင်လက်မှတ်အပြင် ပိုသောလက်မှတ်များကို ရထားထွက်မည့်နေ့တွင် ထပ်မံရောင်းချပေးကြောင်း၊ ရောင်းချပေးသည့် လက်မှတ်နှင့်ခရီးသွားမျှလျှင် ရထားတွဲဆိုင်းထပ်မံတိုးနိုင်သည့် အခြေအနေရှိလျှင် တွဲတိုး၍ လက်မှတ်ကို ထပ်မံရောင်းချပေးလျက်ရှိကြောင်း၊ အထူးသဖြင့် ကျွန်တော်တို့ဝန်ထမ်းများကို လက်မှတ်မှောင်ခိုမရှိအောင် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုပြောင်းလဲလာသည့်ခေတ်တွင် လက်မှတ်မှောင်ခိုမရှိတော့ကြောင်းကို ကျွန်တော့်အနေဖြင့် အာမခံပြောကြားလိုကြောင်း၊ အထူးသဖြင့် ခရီးသွားများအနေဖြင့် အမှန်တကယ်မဖြစ်မနေသွားရမည့်ခရီးစဉ်များတွင် အားလုံးအတွက် လက်မှတ်ရရှိအောင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

တောင်ကြီးမြို့ ဗဟိုမဏ္ဍပ်တွင် ယိမ်းအဖွဲ့များ အစမ်းလေ့ကျင့်ကပြ

တောင်ကြီး ဧပြီ ၁၁

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ယခုနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံ ရိုးရာမပျက်စည်ကားစွာ ကျင်းပနိုင်ရန် တာဝန်ရှိပုဂ္ဂိုလ်များစီစဉ်လျက်ရှိရာ ယနေ့ မွန်းလွဲ ၃ နာရီမှစတင်၍ တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း မြို့မဈေးကြီးတောင်ဘက်ရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ရှေ့တွင် သင်္ကြန်ပွဲတော်ဖွင့်ပွဲအတွက် တောင်ကြီးမြို့ပေါ်မှ အထကကျောင်းသူများ၊ ရပ်ကွက် ၂၀ မှ လှပျိုဖြူယိမ်းအဖွဲ့များ ဌာနဆိုင်ရာယိမ်းအဖွဲ့ဝင်များ၊ စုစုပေါင်း ၂၉ ဖွဲ့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ စာတည်းရှုထောင့် ၁၂-၄-၂၀၁၃၊ သောကြာနေ့

ထိန်းသိမ်းရမည့်ရိုးရာယဉ်ကျေးမှု

နိုင်ငံတိုင်း လူမျိုးတိုင်း မိမိတို့၏ရိုးရာယဉ်ကျေးမှုဓလေ့နှင့် အထိမ်းအမှတ်ပွဲတော်များကို သတ်မှတ်ထားသည့် နေ့ရက်အလိုက်ကျင်းပလေ့ရှိသည်။ အစဉ်အလာမပျက် ကျင်းပလေ့ရှိသည့် ပွဲတော်များသည် မိမိတို့၏ရိုးရာဓလေ့နှင့် ပျော်မွေ့ဖွယ်ရာအစဉ်အလာတို့ကို ထုတ်ဖော်ပြသခြင်းလည်း ဖြစ်သည်။ မိမိတို့၏ဝန်းကျင်နှင့် အခြားဒေသကွဲ၊ လူမျိုးကွဲတို့အား အစဉ်အလာမည်မျှကြီးမားကြောင်း ဖော်ကျူးပြသခြင်းဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံအဖို့ မကြာမီရက်ပိုင်းတွင် တန်ခူးလရေသဘင်ပွဲတော်ကို စတင်ဆင်နွှဲကြတော့မည်ဖြစ်သည်။ သမိုင်းကြောင်းအစဉ်အလာများအရ မြန်မာနိုင်ငံအတွက် ပျော်ရွှင်ဖွယ်အကောင်းဆုံး၊ တစ်မူထူးခြားဆုံး၊ ယဉ်ကျေးသိမ်မွေ့ဆုံး ပွဲတော်ဖြစ်သည်ကို မြန်မာနိုင်ငံသားများ သိရှိကြပြီးဖြစ်သည်။

သို့သော် ခေတ်ရေစီးကြောင်းနှင့်အတူ လိုက်ပါစီးမျောရင်း ခေတ်မီခေတ်ဆန်သည်ဟုဆိုသည့် ခေတ်ပေါ်ယဉ်ကျေးမှုများ အချို့လူငယ်ထုကြားတွင် ပေါ်ထွက်လာခဲ့ရာ မြန်မာ့ယဉ်ကျေးမှုများ ပါးလျားကွယ်ပျောက်လာသည်ဟု ဆိုရမည်ဖြစ်သည်။

ခေတ်မီသည်၊ ခေတ်ဆန်သည်၊ ဖက်ရှင်ကျသည်တို့ကို ကြိုဆိုပါသည်။ သို့သော် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်၏ အနှစ်သာရဖြစ်သည့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းရန်၊ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ရန်၊ အမျိုးဂုဏ် ဇာတိဂုဏ်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ကို ထိန်းသိမ်းမြှင့်တင်စောင့်ရှောက်ရန် လိုအပ်မည်ဖြစ်ပါသည်။

အထူးသတိထားရမည့် အချက်နှစ်ချက်မှာ မိမိတို့၏ယဉ်ကျေးမှုအတာသင်္ကြန်ကို ညစ်နွမ်းစေမည့် သရုပ်ပျက်ယဉ်ကျေးမှုနှင့် မူးယစ်သောက်စားမှုတို့ကို ရှောင်ရှားကြဖို့ဖြစ်သည်။ ထို့အပြင် သင်္ကြန်ပွဲတော်ကာလအတွင်း ဘေးအန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းပြီး ညစ်ညမ်းသော ရေကစားမှုနှင့် အုပ်စုဖွဲ့ရမ်းကားမှုများကို သတိထားကြဖို့ဖြစ်သည်။

ကြမ်းတမ်းပြီး ရမ်းကားမှုကျူးလွန်လျှင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၇၉(က) ဖြင့် ငြိစွန်းစေပြီး ဒေသဆိုင်ရာအာဏာပိုင်တို့က တရားစွဲဆိုသွားမည်ဟု ကြေညာထားရာ ကျူးလွန်မိပါက ထောင်ဒဏ် တစ်နှစ်ဖြစ်စေ၊ ဒဏ်ငွေ ငါးသောင်းဖြစ်စေ နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ထို့အပြင် သင်္ကြန်ရေကစားကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဆန့်ကျင်သည့် ဝတ်စားဆင်ယင်ခြင်း၊ မဖွယ်မရာပြုမူခြင်းတို့ကို တားမြစ်ထားရာ တွေ့ရှိပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၀၊ ၂၉၄ တို့အရ အရေးယူမည်ဖြစ်၍ ထိုပြစ်မှုပုဒ်မအရ ဒဏ်ငွေ ၂၀၀ကျပ်၊ ပုဒ်မ ၂၉၄ အရ ထောင်ဒဏ် သုံးလ သို့မဟုတ် နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်နိုင်သည်ဟု ပါရှိသည်။

သာဓကအားဖြင့် ယမန်နှစ် သင်္ကြန်ကာလက ဝတ်စားဆင်ယင်ပြုမူမှုများ အလွန်အကျွံဖြစ်ခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် မြန်မာ့ရိုးရာသင်္ကြန် အစဉ်အလာကို အရုပ်ဆိုးအကျည်းတန်စေခဲ့သည်။ ယခုနှစ်တွင် ယခင်နှစ်နှင့် မတူ ထူးကဲစွာ ဥပဒေ၊ စည်းကမ်းများ ထုတ်ပြန်ကြပ်မတ်သွားမည်ဖြစ်၍ အများ ပြည်သူ စိတ်နှလုံးချမ်းမြေ့မည်ဟု ထင်မြင်ယူဆမိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ယဉ်ကျေးမှုသည် တိုင်းပြည်ဂုဏ်ဒြပ်ကို ထင်ဟပ်စေသဖြင့် ယခုအခါ အချို့နိုင်ငံများတွင်ပင် ထိုနိုင်ငံ၏ ယဉ်ကျေးမှုအစဉ်အလာနှင့်ဆန့်ကျင်သော ပြုမူဆောင်ရွက်မှုများကို ဥပဒေဖြင့် ထိရောက်စွာ အရေးယူလာကြသည်ကို တွေ့ရသည်။

ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် မကြာမီကျရောက်တော့မည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ကာလတွင် ဝတ်စားဆင်ယင် ပြုမူဆောင်ရွက်မှုများကို သတိထားရင်း ပျော်ရွှင်စွာဖြင့် ရေကစားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ဆည်ရေသောက်မြေများတွင် စပါးကို ဖြစ်ထွန်းအောင်မြင်အောင် အထူးဦးစားပေးစိုက်ပျိုး

ရန်ကုန် ဧပြီ ၁၁

စက်မှုလယ်ယာစနစ်ကူးပြောင်းရန် မရှိမဖြစ် အခြေခံလိုအပ်သော ခေတ်မီစက်ယန္တရားများကို ပုဂ္ဂလိကနှင့် နိုင်ငံတော်ပိုင်ကဏ္ဍမှ ပြည်ထောင်စုတစ်ဝန်းလုံး လက်လှမ်းတစ်မီ အသုံးပြုနိုင်ရန် စီစဉ်ဖြည့်တင်းပေးရန် လိုအပ်ချက်ဖြစ်သည့်နည်းတူ ခေတ်မီစက်ယန္တရားများကို မောင်းနှင်၊ ကိုင်တွယ်အသုံးပြုရန် ကျွမ်းကျင်လုပ်သားများကိုလည်း စဉ်ဆက်မပြတ် မွေးထုတ်ပေးရန် လိုအပ်ချက်များကို ဆောင်ရွက်ပေးရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တာဝန်ယူအကောင်အထည်ဖော်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဧပြီ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ခပေါင်းဆည်ရေသောက်စနစ် စက်မှုလယ်ယာ မြေဧက ၂၀၀၀ စိုက်ကွင်း၌ စက်ယန္တရားကြီးများဖြင့် စက်မှုလယ်ယာမြေဖော်ထုတ်နေမှု၊ နိုင်ငံခြားမှ ပထမအသုတ် ရောက်ရှိလာသော မြင်းကောင်ရေ ၉၀ အားရှိ ခေတ်မီလယ်ထွန်စက် ၆၅ စီး(ယာပုံ)နှင့် လယ်ယာသုံးစက်ကိရိယာများအား လုပ်ငန်းခွင်ဝင်ရန် အသင့်ဖြစ်နေမှု၊ ဧက ၂၀၀၀ စိုက်ကွင်းအတွင်း ပုလဲသွယ် F1မျိုးစေ့ထုတ်ကွင်း၌ ဝတ်မှုန်ကူးလုပ်ငန်း အပြီးသတ်ဆောင်ရွက်ပြီး ရင့်မှည့်ဖြစ်ထွန်းနေသောစပါးခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖြူးမြို့နယ် ညောင်ပင်သာရှိ ဖြူးချောင်းဆည်ရေသောက်စနစ် ဧက ၂၀၀၀ စိုက်ကွင်းနှင့် ဝေါမြို့နယ် ဇကရာဇ်ကျေးရွာအနီးရှိ ဇောင်းတူးဆည်ရေသောက်စနစ် ဧက ၁၀၀၀ စက်မှုလယ်ယာမြေ စိုက်ကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်မှုလယ်ယာမြေစနစ် ဆည်ရေသောက်မြေများတွင် စပါးတစ်သီးကိုဖြစ်ထွန်းအောင်မြင်အောင် အထူးဦးစားပေးစိုက်ပျိုး၍ ကျန်ရှိသည့် ရာသီသီးနှံအမယ်များကို ဒေသနှင့်ကိုက်ညီသော ဈေးကွက်ဝင်၊ တွက်ခြေကိုက်မည့် သီးနှံအမယ်များကိုရွေးချယ်စိုက်ပျိုးကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်မည်

နေပြည်တော် ဧပြီ ၁၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက အမျိုးသမီးများအတွက် အခြေခံအင်္ဂလိပ်စာသင်တန်းကို မေ ၄ ရက်မှ ဇူလိုင် ၇ ရက် အထိ အပတ်စဉ်စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် အထက(၂)စမ်းချောင်း၌ ၁၀ ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ပညာအရည်အချင်း တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် ဖြေဆိုထားသူများ ဖြစ်ရမည်။ လျှောက်လွှာများကို အထက(၂)စမ်းချောင်းတွင်ရယူပြီး ဧပြီ ၂၆ ရက် နောက်ဆုံးထား၍ တင်ရမည်။ အသေးစိတ်အချက်အလက်များကို အထက(၂)စမ်းချောင်း ဖုန်း ၀၁-၅၃၅၄၉၇ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၁၁

အရာတော်မြို့နယ် ချောင်းဆိုကျေးရွာရှိ လေးလက်မ စက်ရေတွင်းမှ သောက်သုံးရေပေးဝေနေမှု၊ ဒီပဲယင်းမြို့နယ် မုတ်စီရွာ၌ ပုလဲသွယ်စပါးမျိုး နှစ်ဧက ပျိုးထောင်ထားရှိမှုတို့ကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဧပြီ ၃ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ပင်လည်ဘူးမြို့ ရိပ်သာ၌ မြို့မိမြို့ဖများ၊ NGO အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ပင်လည်ဘူးမြို့ ပြည်သူ့ဆေးရုံ အဆောက်အအုံသစ် ဆောက်လုပ်နေမှုနှင့် လူနာများအား ကြည့်ရှုအားပေးကာ ဆေးပဒေသာပင်အတွက် အလှူငွေများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မူးမြစ်ကူးတံတား (ပင်လည်ဘူး) တည်ဆောက်နေမှုနှင့် ပင်လည်ဘူးမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု၊ မံစီလေးစံပြကျေးရွာ တိုက်နယ်ဆေးရုံ ဆောက်လုပ်မည့် မြေနေရာနှင့် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်စာစောင်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နောင်ပန်ကျေးရွာ၊ ဗန်းမောက်မြို့နယ်၊ မဲဘူးကြီးကျေးရွာ၊ စာခမ်းကျေးရွာ၊ ကံကြီးကုန်းကျေးရွာနှင့် ကြောင်လည်ကျေးရွာများ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်စာစောင်များ၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဗန်းမောက်မြို့ ရိပ်သာ၌ မြို့မိမြို့ဖများ၊ NGO အဖွဲ့များနှင့် တွေ့ဆုံ၍ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အင်းတော်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မတ် ၅ ရက်တွင် အင်းတော်-ကသာလမ်းပေါ်ရှိ နားရခေါင်ချောင်း ရေကျော်တံတား တည်ဆောက်ပြီးစီးမှု၊ ကသာမြို့နယ် လမ်းခွကျေးရွာ၌ အောင်မြင်ဖြစ်ထွန်းနေသော မြေပဲစိုက်ခင်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ပြောင်းရွှေ့ဆောက်လုပ်မည့်နေရာနှင့် ကသာမြို့ ပြည်သူ့ဆေးရုံခွဲစိတ်ခန်းအသစ် ဆောက်လုပ်ပြီးစီးမှု၊ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု၊ ဧရာဝတီမြစ်ကမ်း မြေထိန်းနံရံ တည်ဆောက်မည့်နေရာ၊ ဧသုခတံတား တည်ဆောက်ပြီးစီးမှု၊ ရွှေဘို-မြစ်ကြီးနား လမ်းပေါ်ရှိ နန်းဟုတ်ချောင်းတံတားနှင့် ခွန်နန်းချောင်းတံတားတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဧပြီ ၆ ရက်တွင် ရွှေဘိုမြို့ ပြည်ရွှေဘိုရိပ်သာ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ရွှေဘိုမြို့နယ် ဧက(၁၀၀) အဆင့်မြင့်လယ်ယာဖော်ထုတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ယင်းနောက် ရေဦး-တမာတော-ကံထူးမလမ်း ကျောက်ချောလမ်းခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးကာ ဘုတလင်မြို့နယ် ဇီးတောကျေးရွာ မီးဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မွေးမြူရေးငါးဈေးကွက် မြင့်မားနေ

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်မြို့ရှိ ငါးဈေးကွက်တွင် မွေးမြူရေးငါးများသည် export ကုမ္ပဏီများက ဝယ်ယူသော ဈေးထက် ပြည်တွင်းဈေးက မြင့်နေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ဧပြီ ၉ ရက်တွင် ပြောကြားသည်။

ထိုသို့ဖြစ်ခြင်းမှာ ထုတ်လုပ်နိုင်မှုထက် ဈေးကွက်၏တောင်းဆိုမှုက ပိုနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ငါးဈေးကွက်တွင် ပင်လယ်ငါးဖမ်းလုပ်ငန်း၊ အင်းအိုင်မြစ်ချောင်းများမှ ငါးဖမ်းလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းတို့ ရှိကြပြီး ပင်လယ်ငါးဖမ်းလုပ်ငန်းသည် ယခုအချိန်တွင် ငါးအထိအမိနည်းကာ ငါးရရှိမှုလျော့နေသဖြင့် မွေးမြူရေးငါးကို အားထားရသော အခြေအနေမျိုး ဖြစ်လာကာ ထုတ်လုပ်နိုင်မှုထက် ဝယ်လိုအားတိုးနေခြင်း ဖြစ်ကြောင်း သိရသည်။

(၆၀)



ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

✱ သင်္ကြန်မတိုင်မီမှ

ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ သို့သော် အိပ်စင်အထက်တန်း၊ ရိုးရိုးတန်း၊ ခုံမဲ့နှင့် ရထားထွက်ချိန်ကိုမရွေးသင့်ကြောင်း၊ ယင်းကဲ့သို့ မရွေးလျှင် မိမိတို့အနေဖြင့် လက်မှတ်ရရှိအောင်ဆောင်ရွက်ပေးမည်ဟု အာမခံကြောင်း၊ လက်မှတ်ဝယ်ယူရာတွင် မြန်မာ့မီးရထားမှ တာဝန်ရှိသူများဖြင့် တိုက်ရိုက်ချိတ်ဆက်ဝယ်ယူသင့်ကြောင်း၊ အခက်အခဲရှိပါက မိမိအပါအဝင်တာဝန်ရှိသူများထံ တိုက်ရိုက်ဝင်ရောက်တွေ့ဆုံပြီး အကူအညီ တောင်းခံနိုင်ကြောင်း၊ မဖြစ် ဖြစ်အောင် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ်ကြီး ဦးအောင်သန်းကျော်က ပြောကြားသည်။

ရန်ကုန်ဘူတာကြီးမှ သင်္ကြန်မတိုင်မီကာလ တစ်လျှောက် ခရီးသွားဦးရေ နေ့စဉ်မြင့်တက်နေပြီး မြို့ပတ်ရထားစီးသူမပါ အဝေးပြေးခရီးစဉ်များ၌ ခရီးသည် ၄၀၀၀ ကျော်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် ဒုက္ခသည်ပြည်သူများအတွက် ငွေလှူဒါန်း

နေပြည်တော် ဧပြီ ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ဝန်ကြီးရုံး မေခလာခန်းမ၌ ကျင်းပသော မိတ္ထီလာမြို့နယ် ဒုက္ခသည်ပြည်သူများအတွက် အလှူငွေလှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့်ဇနီးဒေါက်တာခင်သီရိမိသားစုက လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀ ကို လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

❖ တောင်ကြီးမြို့မှ

ပူးပေါင်းကာ အစမ်းလေ့ကျင့်သီဆိုကပြကြသည်။ တောင်ကြီးမြို့ပေါ်တွင် ယခုနှစ် မဟာသင်္ကြန်ပွဲတော်၌ ဗဟိုမဏ္ဍပ်အပါအဝင် တိုင်းရင်းသားပေါင်းစုံငြိမ်းချမ်းရေးမဏ္ဍပ်၊ ချယ်ရီ၊ ပြည်ထဲရေး၊ အိပ်မက်သင်္ကြန်၊ ရွှေနေကြာ၊ ဌာနပေါင်းစုံမဏ္ဍပ်များအပြင် ရေပက်မဏ္ဍပ်ငယ် ၅၀ ကျော် ပါဝင်နွှဲပျော်ကြမည်ဖြစ်သည်။

မဏ္ဍပ်တိုင်းတွင် မြန်မာ့ယဉ်ကျေးမှုအဆိုအကအဖွဲ့များကိုသာ ဦးစားပေးသီဆိုကပြကြရန် စီစဉ်ထားသည်။ **(သန်းဝေ-တောင်ကြီး)**

နေပြည်တော် မဟာသင်္ကြန် ယိမ်းအဖွဲ့များလေ့ကျင့်လျက်ရှိ

နေပြည်တော် ဧပြီ ၁၁

နေပြည်တော်၏ ၁၃၇၄ ခုနှစ် မဟာသင်္ကြန်၌ နေပြည်တော် သင်္ကြန် ဗဟိုမဏ္ဍပ်တွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများမှ ဖွဲ့စည်းထားသော ယိမ်းအဖွဲ့ ၁၇ ဖွဲ့သည်အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်၍ အကများ ဇာတ်တိုက်လေ့ကျင့်လျက်ရှိရာ ဧပြီ ၁၀ ရက်တွင် သာသနာရေးဝန်ကြီးဌာန ယိမ်းအဖွဲ့ဖြစ်သော ငုဝါမင်းယိမ်းအဖွဲ့ အကလေ့ကျင့်နေကြောင်း သိရသည်။ **(အပေါ်ပုံ)**

သာသနာရေး ဝန်ကြီးဌာန၏ ငုဝါမင်းယိမ်းအဖွဲ့ကို အုပ်ချုပ်သူ ငါးဦး၊ ယိမ်းအကမယ် ၁၆ ဦးစုစုပေါင်း ၂၁ ဦးဖြင့် ဖွဲ့စည်းထားပြီး အကနည်းပြအဖြစ် ဆရာမဒေါ်တင်တင်ဝင်း (ယဉ်ကျေးမှုဝန်ကြီးဌာန)က တာဝန်ယူ လေ့ကျင့်ဆောင်ရွက်နေကြောင်း သိရသည်။

(ကျော်သူရ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စာကြည့်တိုက်လက်ထောက်(၄) ရာထူးခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် လိုအပ်သည့် စာကြည့်တိုက် လက်ထောက်(၄)၊ လစာနှုန်း (၆၇၀၀၀-၁၀၀၀-၇၂၀၀၀) ရာထူးနေရာများတွင် အလုပ်ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ/ သတ်မှတ်ချက်များ ပူးတွဲတင်ပြ၍ နီးစပ်ရာ နည်းပညာတက္ကသိုလ်/ကွန်ပျူတာ တက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် (၃၀-၄-၂၀၁၃) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ လူတွေ့စစ်ဆေးခြင်းခံရမည်-

(က) ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) B.A (Library and Information Studies) သို့မဟုတ် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခု ရရှိသူဖြစ်ရမည်။ စာကြည့်တိုက် ဒီပလိုမာရရှိသူများအား ဦးစားပေးစဉ်းစားမည်ဖြစ်ပါသည်။
(ဂ) (၃၀-၄-၂၀၁၃) ရက်တွင် အသက် (၂၅)နှစ်ထက် မကြီးသူ ဖြစ်ရမည်။
(ဃ) (၆)လအတွင်း ရိုက်ထားသော ပတ်စပို့ ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(စ) ခန့်အပ်ခြင်းခံရပါက ဝန်ထမ်းစာချုပ်ချုပ်ဆိုနိုင်ရမည်။
(ဆ) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ၊
(ဇ) (၁)လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊
(ဈ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ

၂။ သတ်မှတ်ချက်ကိုက်ညီပြီး လူတွေ့စစ်ဆေးခြင်းခံရသူများသည် (ဘွဲ့/ နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/ အလုပ်သမား မှတ်ပုံ တင်မူရင်းများတင်ပြနိုင်ရမည်။ အသေးစိတ်သိလိုပါက နီးစပ်ရာ နည်းပညာ တက္ကသိုလ်/ ကွန်ပျူတာတက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် ဆက်သွယ်စုံစမ်းမေး မြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ အသုံးမလိုတော့သည့် အောက်ဖော်ပြပါ ရုံးသုံးပုံသေပိုင်ပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း အိတ်ပိတ်တင်ဒါဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) Air Con(အဟောင်း) ၂လုံး
(ခ) ကွန်ပျူတာ ဆက်စပ်ပစ္စည်း(အဟောင်း) ၂၁၂ မျိုး
(ဂ) မီးအားမြှင့်စက်(အဟောင်း) ၆လုံး
(ဃ) ဖက်စ်ဖုန်း (အဟောင်း) ၁၈လုံး
(င) ဂဏန်းပေါင်းစက် (အဟောင်း) ၇၈ လုံး
(စ) စာကူးစက် (အဟောင်း) ၁လုံး
(ဆ) မိတ္တူကူးစက် (အဟောင်း) ၁၀လုံး
(ဇ) လက်နှိပ်စက်(အဟောင်း) ၅လုံး

၂။ အချိန် - ၂၄-၄-၂၀၁၃ ရက် ၁၂း၀၀နာရီ
နေရာ - ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊

၃။ အသေးစိတ်သိလိုသည့် အချက်အလက်များနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း တယ်လီဖုန်း အမှတ်-၀၆၇-၄၃၀၀၅၃၊ ၄၃၀၀၅၄ (နေပြည်တော်)သို့ လူကိုယ်တိုင်ဖြစ်စေ တယ်လီဖုန်းဖြင့်ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ပြည်တွင်းအခွန်များဦးစီးဌာန
ရုံးအမှတ်(၄၆)
နေပြည်တော်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်အား ယင်းဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က) ဒေါ်မော်မော် ဒုတိယညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ) ဦးဖေဇင်ထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် စွမ်းအင်စီမံရေးဦးစီးဌာန စွမ်းအင်ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စွမ်းအင်စီမံရေးဦးစီးဌာန စွမ်းအင်ဝန်ကြီးဌာန
(ဂ) ပါမောက္ခဒေါက်တာဒေါ်သီဂီလှိုင် ပါမောက္ခ/ဌာနမှူး ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာဌာန ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ဃ) ပါမောက္ခဒေါက်တာရွှေတိုး ပါမောက္ခ/ဌာနမှူး မေးရိုးနှင့်ခံတွင်းဆေးပညာဌာန သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

ခေတ္တလမ်းလွှဲမည်

၂၀၁၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် နံနက် ၆ နာရီမှ ၈ နာရီအတွင်း ပြည်လမ်းအား အလုံလမ်းမှ ရှင်စောပုလမ်းထိ လမ်းခေတ္တပိတ်ထားမည်ဖြစ်ကြောင်းနှင့် တောင်ဘက်မှလာသော မော်တော်ယာဉ်များသည် အလုံလမ်းမှလည်းကောင်း၊ မြောက်ဘက်မှလာသော မော်တော်ယာဉ်များသည် ရှင်စောပုလမ်း၊ ဗားကရာလမ်းမှ လည်းကောင်း လမ်းလွှဲမောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဖြူးမြို့တွင် အင်အားအသင့်အတင့်ရှိ ငလျင်နှစ်ကြိမ်လှုပ်

ဖြူး ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့တွင် ယနေ့နံနက်ပိုင်းက အင်အားအသင့်အတင့်ရှိ ငလျင်နှစ်ကြိမ်လှုပ်ခတ်သွားသည်။ ငလျင်လှုပ်ခတ်မှုမှာ နံနက် ၄ နာရီ ၃၅ မိနစ်တွင် ပထမအကြိမ် ငလျင်လှုပ်ခတ်ခဲ့ပြီး နံနက် ၁၀ နာရီ ၁၈ မိနစ်တွင် အင်အားအသင့်အတင့်ရှိ ငလျင်ထပ်မံလှုပ်ခတ် သွားခဲ့သည်။ ငလျင်လှုပ်ခတ်မှုကြောင့် တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

မြင့်ဦး (ဖြူး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့တွင်ရှိသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)နှင့် ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ) တို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းအသီးသီးအား (၂-၅-၂၀၁၃) ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါသင်တန်းများ၏ ၂၀၁၂-၂၀၁၃ ခုနှစ် ပညာသင်နှစ်အတွက် ပထမနှစ်ဝက်စာမေးပွဲအား (၆-၅-၂၀၁၃) ရက်နေ့မှ (၁၇-၅-၂၀၁၃) ရက်နေ့အထိ ကျင်းပစစ်ဆေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

မာဂရက်သက်ချာ၏ ဈာပနအခမ်းအနားသို့ ကျန်းမာရေးပြဿနာများကြောင့် ဂေါ်ဘာချော့ဗ် မတက်နိုင်

မော်စကို မေ ၁၁

ဆိုဗီယက်ခေါင်းဆောင်ဟောင်း မီခေးလ်ဂေါ်ဘာချော့ဗ်သည် ကျန်းမာရေးပြဿနာများကြောင့် ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာ၏ ဈာပနအခမ်းအနားသို့ တက်ရောက်နိုင်ဖွယ်မရှိကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကွယ်လွန်သူဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာနှင့် စစ်အေးခေတ်နိဂုံးကာလတွင် နီးကပ်စွာ လက်တွဲဆောင်ရွက်ခဲ့သူ အသက်(၈၂)နှစ်အရွယ်ရှိ ဆိုဗီယက်ခေါင်းဆောင်ဟောင်းသည် မာဂရက်သက်ချာ၏ ဈာပနအခမ်းအနားသို့ တက်ရောက်နိုင်မည့် ကမ္ဘာ့အဆင့်ခေါင်းဆောင်တစ်ဦးအဖြစ် မျှော်လင့်ထားခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ၏ ဈာပနအခမ်းအနားသို့ တက်ရောက်ရန်ဖိတ်ကြားသည့် ဧည့်သည်စာရင်းကို ညှိနှိုင်းနေဆဲဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံးက ပြောကြားခဲ့သည်။ သို့သော်လည်း အာဂျင်တီးနားသမ္မတခရစ္စတီနာ ဖာနန်ဒက်စ်ဒီကစ်ချနာကိုမူ ဖိတ်ကြားမည်မဟုတ်ဟု အတည်ပြု ပြောဆိုခဲ့သည်။

ဗြိတိန်ဘုရင်မကြီးနှင့် ၎င်း၏ခြင်ရာတော် ဖီးလစ်မင်းသားကြီးတို့မှာမူ လာမည့်ဗုဒ္ဓဟူးနေ့တွင် လန်ဒန်မြို့ စိန့်ပေါလ်ဘုရားကျောင်း၌ကျင်းပမည့် ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ၏ ဈာပနအခမ်းအနားသို့ တက်ရောက်မည် ဖြစ်သည်။ **အေပီ။**

ဆိုဗီယက်ခေါင်းဆောင်ဟောင်း ဂေါ်ဘာချော့ဗ်နှင့် မာဂရက်သက်ချာတို့အား တွေ့ရစဉ်။

ဘဏ္ဍာရေးအကျပ်အတည်းကိုထောက်ကူရန် အရန်ရွှေများ ဆိုက်ပရပ်စ် ရောင်းချမည်

နီကိုးရှား မေ ၁၁

နိုင်ငံတွင် ကျရောက်နေသော ဘဏ္ဍာရေးအကျပ်အတည်းကို ဖြေရှင်းရန် နည်းလမ်းတစ်ရပ်အနေဖြင့် ဆိုက်ပရပ်စ်နိုင်ငံက ၎င်း၏အရန်ရွှေပမာဏအများအပြားကို ရောင်းချမည်ဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆိုက်ပရပ်စ်သည် ယူရိုငွေ သန်း ၄၀၀(ပေါင် ၃၄၁သန်း)ခန့်ရှိ ၎င်း၏အရန်ရွှေများကို ရောင်းချလိမ့်မည်ဟု ဥရောပကော်မရှင်က အကဲဖြတ်ပြောကြားခဲ့သည်။

ဆိုက်ပရပ်စ်နိုင်ငံတွင် ယခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းက အရန်ရွှေတုံး ရွှေချောင်းတန်ချိန် ၁၃ဒသမ၉တန်ရှိခဲ့ကြောင်း ကမ္ဘာ့ရွှေကောင်စီ၏ အချက်အလက်များအရ သိရသည်။

လက်ရှိပေါက်ဈေးအရ ယူရိုငွေ သန်း ၄၀၀ နှင့် ညီမျှသော ရွှေတုံးရွှေချောင်းအလေးချိန်မှာ ၁၀ဒသမ ၃၆တန်မျှရှိသည်ဟု သတင်းတွင် ဖော်ပြထားသည်။

၂၀၀၉ခုနှစ် ပထမနှစ်ဝက်အတွင်း ပြင်သစ်နိုင်ငံက ရောင်းချခဲ့သော အရန်ရွှေ ၁၇ဒသမ၄တန်ပြီးလျှင် ဆိုက်ပရပ်စ်နိုင်ငံက ယခုရောင်းချမည့် ရွှေပမာဏမှာ ဥရောပဇုန်ဘဏ်များမှ အများဆုံးရောင်းချသော ရွှေပမာဏဖြစ်လာမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

ဆိုက်ပရပ်စ်နိုင်ငံက ရောင်းချမည့် အရန်ရွှေများကို တွေ့ရစဉ်။

ကာရစ်ဘီယန်ပင်လယ်ပြင်တွင် သဘော်နှစ်စင်း တိုက်မိမှုဖြစ်ပွား ရေနံများ ယိုဖိတ်

ဘိုဂိုတာ မေ ၁၁

ကိုလံဘီယာနိုင်ငံ ကာရစ်ဘီယန်ပင်လယ်ပြင်တွင် မေ ၁၀ရက်က သဘော်နှစ်စင်း ပြင်းထန်စွာတိုက်မိကြရာ ပင်လယ်ပြင်အတွင်း ရေနံများယိုဖိတ်မှုဖြစ်ပွားလျက်ရှိကြောင်း ကိုလံဘီယာနိုင်ငံ အာဏာပိုင်များက မေ ၁၁ ရက်တွင် ပြောကြားသည်။

ကိုလံဘီယာပင်လယ်အော်တွင် မေ ၁၀ရက် စောစောပိုင်းက အဆိုပါသဘော်နှစ်စင်း တိုက်မိခြင်းဖြစ်ကြောင်း၊ စင်ကာပူမှရေနံများတင်ဆောင်လာသော ရေနံတင်သဘော်နှင့် ဆွဲသဘော်တို့ တိုက်မိကြကြောင်း၊ အင်တီယိုကွီယာပိုင်နက်လီယွန်မြစ်ဝအနီးတွင်တိုက်မိကြပြီး ကာရစ်ဘီယန်ပင်လယ်ပြင်တွင် ရေနံများယိုဖိတ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ရေနံဂါလန်ပေါင်း ၁၀၀၀ ခန့် ယိုဖိတ်ပြီး ယင်းနေရာသို့ ယိုဖိတ်နေသော ရေနံများအား ဖယ်ရှားရှင်းလင်းရန် ရေတပ်သားများစေလွှတ်ခဲ့ကြောင်း ကိုလံဘီယာနိုင်ငံ ပင်လယ်ရေကြောင်းအာဏာပိုင်အဖွဲ့ အကြီးအကဲက ပြောကြားသည်။ **ဆင်ဟွာ။**

ကမ္ဘောဒီးယား၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်သူ ၁၅၀၀ ရှိ

ဖနောင်ပင် မေ ၁၁

ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ် ပထမသုံးလတွင် သွေးလွန်တုပ်ကွေးဖြစ်သူ ၁၅၀၀ ထက်မနည်းရှိပြီး ယခင်နှစ်က ၁၃၆၅ ဦးရှိကာ အလားတူကာလထက် ၁၀ ရာခိုင်နှုန်း များပြားလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက မေ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

စာရင်းများအရ ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် ကလေးရှစ်ဦး သေဆုံးခဲ့ကြောင်း၊ ပြီးခဲ့သောနှစ် အလားတူကာလက သေဆုံးသူအရေအတွက်နှင့် တူညီခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အမျိုးသားသွေးလွန်တုပ်ကွေး ထိန်းချုပ်ရေးအစီအမံဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာနန်ချန်သာက ပြောကြားသည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားသူများတွင် အသက်ငါးနှစ်မှ (၁၄)နှစ်ကြား ကလေးများအများဆုံးဖြစ်သည်။တစ်ချိန်တည်းမှာပင် ရောဂါကြိုတင်ကာကွယ်ရန် ၎င်းကခြင်ထောင်များထောင်၍ အိပ်ကြရန်နှင့် မိမိတို့ နေအိမ်ပတ်ဝန်းကျင်ကို သန့်ရှင်းစွာထား၍ နေထိုင်ကြရန် ပြည်သူများကို တိုက်တွန်းခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသည် မိုးရာသီဖြစ်သော မေလမှစ၍ အောက်တိုဘာလအထိ သွေးလွန်တုပ်ကွေးရောဂါ အမြဲလိုဖြစ်တတ်သည်။

ပြီးခဲ့သောနှစ်က သွေးလွန်တုပ်ကွေးရောဂါဖြစ်သူ ၄၂၃၆၂ ဦးရှိပြီး သေဆုံးသွားသောကလေးမှာ ၁၈၉ ဦး ရှိသည်ဟု ကမ္ဘောဒီးယားနိုင်ငံက စာရင်းပြုစုခဲ့သည်။ **ဆင်ဟွာ။**

ဂျပန်ကား ၃ ဒသမ ၄ သန်းကို ပြန်လည်သိမ်းဆည်းလျက်ရှိ

တိုကျို မေ ၁၁

ဂျပန်နိုင်ငံ၏ ထိပ်တန်းမော်တော်ကားကုမ္ပဏီလေးခုက စုစုပေါင်းကားစီးရေ ၃ဒသမ ၄သန်းကို ယင်းတို့၏ခရီးသည်လေအိတ်များတွင် ချွတ်ယွင်းချက်များရှိနေသဖြင့် ပြန်လည်သိမ်းဆည်းလျက်ရှိကြောင်း ကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တိုယိုတာစီးရေ ၁ ဒသမ ၇၃ သန်း၊ ဟွန်ဒါစီးရေ ၁ ဒသမ ၁၃ သန်း၊ နစ်ဆန်းစီးရေ ၅၀၀,၀၀၀ နီးပါးနှင့် မာဇဒါစီးရေ ၄၅,၀၀၀ တို့ကို ပြန်လည်သိမ်းဆည်းလျက်ရှိသည်။

ယင်းကားများမှာ ၂၀၀၀ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ရောင်းချသည့် ကားများဖြစ်ပြီး ချွတ် ယွင်းချက်ရှိသော ကားစက်ပစ္စည်းများမှာ ကားပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်သော တာကာတာကော်ပိုရေးရှင်းက ထုတ်လုပ်သည့်ပစ္စည်းများဖြစ်သည်ဟုဆိုသည်။ **ဘီဘီစီ။**

နယ်သာလန်အမဲသားတန် ၅၀,၀၀၀ တွင် မြင်းသားများပါဝင်သည်ဟု သံသယရှိ

အမ်စတာဒမ် မေ ၁၁

နယ်သာလန်နိုင်ငံမှ အမဲသားလက်ကားရောင်းသူ နှစ်ဦးက ဥရောပတစ်ခွင်သို့ အမဲသားဟုဆိုကာ ရောင်းလိုက်သည့် အသားတန် ၅၀၀၀၀ ခန့်တွင် မြင်းသားများပါဝင် ဖွယ်ရှိကြောင်း နယ်သာလန်အာဏာပိုင်များက ပြောသည်ဟု ကြာသပတေးနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

နယ်သာလန်အစားအစာနှင့် စားသောက်ကုန်များ အန္တရာယ်ကင်းစင်ရေးအာဏာပိုင်(အန်ဗွီဒဗလျူအေ)က ဗုဒ္ဓဟူးနေ့တွင် ကြေညာချက်ထုတ်ပြန်ရာ၌ ဝီလ်ဂျီအင်ပို့-အိတ်စ်ပို့နှင့် ဝီလီဆဲလ်တန်မိဟိုးဆဲလားတို့က ရောင်းချသော အသားများကို ပြန်လည်သိမ်းယူလျက်ရှိသည်။

ကြိုတင်ကာကွယ်သောအားဖြင့် ဈေးကွက်အတွင်းမှ အသားများကို ဆက်လက်ရောင်းချခြင်း မပြုရန်နှင့် ယင်းတို့ကို မှန်၊ မမှန် သေချာစွာစစ်ဆေးကြည့်ရှုရန် အာဏာပိုင်များက နယ်သာလန်နိုင်ငံရှိ လက်ကားရောင်းဝယ်ရေးနှစ်ခု၏ ဖောက်သည် ၁၃၀ ခန့်ကို စာပို့အကြောင်းကြားထားသည်။

ယင်းအမိန့်သည် ၂၀၁၁ နှစ်ဆန်းမှစ၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောင်းချသော အသားများအပေါ် အကျိုးသက်ရောက်ကြောင်း အန်ဗွီဒဗလျူအေ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ၎င်းအသားများ၏ အများစုမှာ စားသုံးပြီး ဖြစ်သည်ဟုဆိုသည်။ **အင်တာနက်။**

မြင်းသားများပါဝင်သည်ဟု သံသယရှိသော အမဲသားများကို တွေ့ရစဉ်။

ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

ကမ္ဘာ့ပထမဆုံး ဖန်ပြွန်သန္ဓေသားဖန်တီးခဲ့သူ သေဆုံး

ကမ္ဘာ့ပထမဆုံးဖန်ပြွန်သန္ဓေသား လူစီဘရောင်းအမည်ရှိ အမျိုးသမီးကို ဖန်တီးမွေးဖွားပေးခဲ့သူ ပါမောက္ခဆာရောဘတ်အတ်ဒ်ဝတ်မှာ မေ ၁၀ ရက်တွင် ၎င်း၏အသက် (၈၇)နှစ်အရွယ်၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရသည်။ အတ်ဒ်ဝတ်သည် သားသမီးရယူနိုင်စွမ်းမရှိသော မောင်နှံစုံတွဲများအတွက် (IVF)ဟု လူသိများသော ဖန်ပြွန်သန္ဓေနည်းလမ်းဖြင့် သားသမီးရတနာရရှိရန် တီထွင်ဖန်တီး လုပ်ဆောင်ပေးခဲ့သူဖြစ်သည်။ ယင်းသို့လုပ်ဆောင်မှုကြောင့် ၎င်းသည် ၂၀၁၀ ခုနှစ်အတွင်းက ဆေးဘက်ဆိုင်ရာ နိုဗယ်ဆုချီးမြှင့်ခြင်းခံခဲ့ရသည်။ အက်ဒ်ဝတ်သည် မစ္စလူစီဘရောင်းအား ၁၉၇၈ ခုနှစ်တွင် အိုးဟမ်အထွေထွေရောဂါကုဆေးရုံ၌ မွေးဖွားပေးခဲ့သည်။ (IVF)နည်းလမ်းကို ကမ္ဘာတစ်ဝန်း၌ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလျက်ရှိပြီး ယင်းနည်းလမ်းဖြင့် မွေးဖွားလာသော ကလေးအရေအတွက်မှာ ငါးသန်းကျော်ရှိကြောင်း သိရသည်။

ဂျော်ဒန်၌ ဒုတိယမြောက်ကယ်ဆယ်ရေးစခန်းဖွင့်

ဆီးရီးယားပြည်တွင်းစစ်ကြောင့် ထွက်ပြေးတိမ်းရှောင်လာကြသော ဒုက္ခသည်များအတွက် ဂျော်ဒန်နိုင်ငံ၌ ဒုတိယမြောက် ကယ်ဆယ်ရေးစခန်းကို ကုလသမဂ္ဂဒုက္ခသည်ကယ်ဆယ်ရေးအေဂျင်စီ၏ အကူအညီဖြင့် မေ ၁၁ ရက်က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါကယ်ဆယ်ရေးစခန်းကို ဆီးရီးယားနယ်စပ်နှင့် ၂၃ မိုင်အကွာတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး စဖွင့်သည့်ရက်တွင် ဒုက္ခသည် ၁၀၀ လာရောက်ခိုလှုံခဲ့ပြီး ဒုက္ခသည် ၄၅၀၀ မှ ၅၀၀၀ အထိ ခိုလှုံနိုင်ကြောင်း သိရသည်။ ဆီးရီးယားဒုက္ခသည် ၁ ဒသမ ၃ သန်းကျော်မှာ ဂျော်ဒန်၊ တူရကီ၊ လက်ဘနွန်နှင့်အီရတ်နိုင်ငံများသို့ ဝင်ရောက်ခိုလှုံခဲ့ကြပြီး လာမည့် ရှစ်လတာကာလအတွင်း ဒုက္ခသည်အရေအတွက်မှာ လေးသန်းထိ ရှိလာနိုင်ကြောင်း ကုလသမဂ္ဂဒုက္ခသည် ကယ်ဆယ်ရေးအေဂျင်စီက ဆိုသည်။

ယူကေ၌ ကိုယ်တွင်းအင်္ဂါလှူဒါန်းမှုအရေအတွက် မြင့်တက်

ယူကေ၌ သေဆုံးသွားသူများမှ ကိုယ်တွင်းအင်္ဂါလှူဒါန်းမှု အရေအတွက်မှာ ၂၀၀၈ ခုနှစ်နှင့် နှိုင်းစာလျှင် ၅၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း သွေးနှင့် ကိုယ်တွင်းအင်္ဂါအစားထိုးကုသမှုဌာန(NHS)၏ အဆိုအရ သိရသည်။ ယမန်နှစ်က ကိုယ်တွင်းအင်္ဂါလှူဒါန်းသူအရေအတွက် ၁၂၀၀ ရှိခဲ့ပြီး အစားထိုး ကုသမှု ၃၁၀၀ ခန့်ပြုလုပ်နိုင်ခဲ့ကြောင်း၊ ယင်းသို့ လှူဒါန်းမှုအရေအတွက် မြင့်တက်လာခဲ့ခြင်းမှာ ဆေးရုံများတွင်လုပ်ကိုင်နေကြသော သူနာပြုများ၏ ပညာပေးလှုံ့ဆော်မှုကြောင့်ဖြစ်ကြောင်း NHS ၏ အဆိုအရသိရသည်။

ကမ္ဘောဒီးယား၌ ငှက်ဖျားရောဂါဖြစ်ပွားမှု ၁၅၀၀ ခန့်ရှိ

ကမ္ဘောဒီးယားနိုင်ငံအတွင်း ယခုနှစ် ပထမသုံးလတာကာလအတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းဆုံး ၁၅၀၀ ခန့်ရှိပြီး သေဆုံးသူရှစ်ဦးရှိကာ ယမန်နှစ်အလားတူကာလထက် ၁၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက မေ ၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ရောဂါဖြစ်ပွားသူအများစုမှာ ကလေးများဖြစ်ပြီး အသက်အရွယ်အားဖြင့် (၅)နှစ်မှ (၁၄)နှစ်အတွင်းဖြစ်ကြောင်း ၎င်းတို့ကဆိုသည်။ ယမန်နှစ်တစ်နှစ်တာကာလအတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှု ၄၂၃၆၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ၁၈၉ ဦး သေဆုံးခဲ့ရသည်ဆို၏။

ကုန်သွယ်မှုပြန်လည်စတင်ရေး တရုတ်နှင့်ဩစတြေးလျ ဆွေးနွေး

လွတ်လပ်စွာ ကုန်စည်စီးဆင်းရေးကဏ္ဍနှင့်ပတ်သက်၍ တရုတ်နှင့်ဩစတြေးလျနိုင်ငံအကြား ဆွေးနွေးမှုများ ပြန်လည်ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဩစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂေးလတ်ဒ် တရုတ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိနေစဉ်အတွင်း ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း၊ သို့သော် တိကျသေချာသည့် သဘောတူညီချက်များမရရှိသေးကြောင်း ဒေသဆိုင်ရာ သတင်းဌာနများ၏ ဖော်ပြချက်အရသိရသည်။

ဟိန်းထက်လင်း - စုစည်းရေးသားသည်

ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အသုံးပြုမည့် ဖျော်ဖြေရေးဝတ်စုံဒီဇိုင်းများ အချိန်မီချုပ်လုပ်နိုင်ရေးညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၁၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအစီအစဉ်များတွင် အသုံးပြုမည့် ဝတ်စုံဒီဇိုင်းများ အချိန်မီ ချုပ်လုပ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ မေ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများနှင့်ကိုယ်စားလှယ်များ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ ဝတ်စုံဒီဇိုင်းပညာရှင်များတက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ချုပ်လုပ်ရမည့် တိုင်းရင်းသားဝတ်စုံ ဒီဇိုင်းပုံစံနှင့် အရောင်သတ်မှတ်ချက်များအား အချိန်မီ ပြီးစီးအောင်ချုပ်လုပ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း(ဥပဒေကြမ်း)နှင့် ပတ်သက်၍ မန္တလေးမြို့၌ ရှင်းလင်းဆွေးနွေး

နေပြည်တော် မေ ၁၁

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း (ဥပဒေကြမ်း)အား အမျိုးသားလုံခြုံရေးအတွက် နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ ယခင်ဥပဒေများနှင့်မတူအောင် ပြန်လည်ရေးဆွဲထားပါကြောင်း၊ လိုအပ်သည့်အကြံဉာဏ်များကို ဖြည့်စွက်ဆောင်ရွက်နိုင်ရန် အကြံဉာဏ်များတောင်းခံခြင်းဖြစ်ပါကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း (ဥပဒေကြမ်း)နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲနှင့် အကြံဉာဏ်တောင်းခံခြင်း အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ရှင်းလင်းပြောကြားခဲ့သည်။**(ယာပုံ)**

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း (ဥပဒေကြမ်း)နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေပညာရှင်များက ဆွေးနွေးတင်ပြအကြံပြုကြကာ ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ စာရေးဆရာများ၊ သတင်းစာဆရာများ၊ ပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များ၊ စိတ်ဝင်စားသူများ၊ လေ့လာသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

မြောက်ဥက္ကလာပ၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၁၁

မေ ၁၁ ရက်နံနက် ၈ နာရီ ၁၅ မိနစ်တွင် မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် နွယ်နီ (၁၅)လမ်း အမှတ် (၈၁၂) ဦးဘိုနီ၏ နှစ်ထပ်တိုက်အိမ် မီးလောင်မှုဖြစ်ပွားရာ မီးသတ်ယာဉ် ၁၂ စီး၊ အုပ်ချုပ်မှုယာဉ် လေးစီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၈ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။**(ဝဲပုံ)**

မီးလောင်မှုဖြစ်ပွားရာသို့ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ပြီး အိမ်ရှင်ဦးဘိုနီ၏သား အောင်ခိုင်ဖြိုး(ခ)မောင်မောင် (၂၃)နှစ်အား မြောက်ဥက္ကလာပရဲစခန်းမှ (ပ)၃၀၁/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၃၆ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ထွန်းဝင်း)

Royal Inle Resort

Royal Inle Resort

Cyan - 10, Magenta - 25, Yellow - 60

B.A (Law), LL.B

Myanmar Legal Advisors Group.

အောင်အတိတ် အောင်နိမိတ် အောင်သပြေ

မကြာမီ မြန်မာ့ရိုးရာသင်္ကြန် အတာရေသဘင်ပွဲတော်ကို မြန်မာနိုင်ငံတစ်ဝန်းပျော်ရွှင်စွာဆင်နွှဲကြပေတော့မည်။

သင်္ကြန်ကာလအတာရေသဘင်ပွဲဆင်နွှဲရာတွင်လည်းကောင်း၊ နှစ်သစ်ကူးကာလအလှူမင်္ဂလာပွဲများကျင်းပရာတွင်လည်းကောင်း မြတ်သောပန်း၊ တော်ဝင်ပန်းအဖြစ် သုံးစွဲလာခဲ့ကြသည့်ပန်းမှာ သပြေပန်းဖြစ်သည်။ ထိုသပြေပန်းနှင့်ပတ်သက်သော ထူးခြားသည့်ဝိသေသလက္ခဏာများကို သမိုင်းပညာရှင်ကြီးတစ်ဦးက အောက်ပါအတိုင်း ဖွင့်ဆိုရှင်းပြထားပါသည်။

သပြေ(ယူဂျီးနီးယား)

ရုက္ခဗေဒအရ ပန်းသပြေသည် လေညှင်းအနွယ်ဝင်မျိုးစုဖြစ်သည်။ ဆွီဒင်းမင်းသား ယူဂျင်း(၁၆၆၃-၁၇၃၆)၏ အမည်ကို အစွဲပြုပြီး ယူဂျီးနီးယားဟု ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် နေရာအနှံ့သဘာဝအလျောက် ပေါက်ရောက်သလို စိုက်ပျိုးကြသည်လည်းရှိသည်။ ရေ၊ မြေ၊ နေရာဒေသ၊ မိုးရေချိန်နှင့် ရာသီဥတုတို့ကိုလိုက်ပြီး မျိုးစိတ်အမျိုးမျိုး၊ အပင်အမျိုးမျိုးနှင့် အရွက်နှင့်အခက် အရွယ်အစားအမျိုးမျိုးကွဲပြားသည်။



ယဉ်ကျေးမှုအရဆိုလျှင်လည်း သပြေသည် ရှေးဟောင်းဂရိတို့၏ ဟယ်လင်းနစ်ယဉ်ကျေးမှုခေတ်တွင် အသုံးပြုခဲ့သည့် သံလွင်ခက်ကဲ့သို့ပင် တော်ဝင်အပင်လည်းဖြစ်သည်။ စစ်မြေပြင်တွင် အောင်မြင်ခဲ့ကြသူများ၊ အနုပညာ၊ သိပ္ပံပညာ၊ ဂီတ၊ စာပေ၊ ကျွမ်းဘားနှင့် အားကစားစသည့်ကဏ္ဍများတွင် ထူးချွန်သူများကို သံလွင်ပင်မှရသော သံလွင်ရွက်မာများကို သရဖူပြုလုပ်၍ ဂုဏ်ပြုရာတွင် အသုံးပြုခဲ့ကြသည်။ အိုလံပစ်ဆုတံဆိပ်ရှင်များကိုလည်း သံလွင်ခက်သရဖူများဖြင့် ဂုဏ်ပြုကြသည်။ ထို့ကြောင့် ယနေ့ခေတ် အိုလံပစ်သင်္ကေတနှင့် ဆုအားလုံးတွင် သံလွင်ခက်သင်္ကေတပါရခြင်းဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုနှင့်သမိုင်းတစ်လျှောက်တွင် အောင်ပွဲ၊ အောင်မြင်သူများ၊ သူမတူသည့် လုပ်ဆောင်မှုများအတွက် ချီးမြှင့်သည့်ဂုဏ်ပြုဆုများကို ဖော်ကျူးသည့်သင်္ကေတအဖြစ် ပန်းသပြေများကို အသုံးပြုသည်။ သပြေအကြောင်းဖွဲ့ဆိုသည့် အောင်သပြေ၊ ညောင်ရေလောင်းလို့၊ ဆုတောင်းပါ့မယ်၊ သပြေခက်နှင့် ရေပက်ကြိုဆိုမယ်။ သပြေပန်းနဲ့ ရေချမ်းကိုလောင်း၊ မေတ္တာဆုတောင်း စသည့်ရှေးဟောင်းဆိုရိုးစကားများနှင့် သံချိုသံထောက်ကဗျာများ ရှိသည်။

သပြေနှင့်ပတ်သက်သည့်ရာဇဝင်များမှာ မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာ မရောက်ရှိမီ နှစ်အတော်ကြာကတည်းကပင် ရှိနေခဲ့သည်။ မြန်မာရိုးရာနက္ခတ်ပညာအရ စကြာဝဠာတစ်ခုတိုင်းတွင် ထိုစကြာဝဠာ၏အလယ်ဗဟို၌ မြင်းမိုရ်တောင်ဟုခေါ်သည့် အမြင့်ဆုံးတောင်တစ်ခုဖြင့် ဖွဲ့စည်းထားသည်ဟု အယူရှိသည်။ ထိုမြင်းမိုရ်တောင်၏ပတ်လည်တွင် (၁)ပုဗ္ဗဝိဒေဟဟုခေါ်သည့် နေထွက်ရာ အရှေ့ကျွန်း၊ (၂)အပရာဂေါယာမဟုခေါ်သည့်နေဝင်ရာ အနောက်ကျွန်း၊ (၃)ဥတ္တရဟုခေါ်သည့် လမ်းပြကြယ်ဥက္ကာထွန်းလင်းရာ မြောက်ကျွန်းနှင့်(၄)ဒက္ခိဏဟုခေါ်သည့် တောင်ကျွန်းဟူသည့် အဓိက ကျွန်းကြီးလေးခုဖြင့် ဝန်းရံထားသည်ဟု အယူရှိသည်။ အမှန်တကယ် ပါဠိဘာသာတွင် တောင်ကျွန်းကို ဒက္ခိဏဟုမခေါ်ဘဲ ဇမ္ဗူဒီပါဟုခေါ်သည်။ အဘယ်ကြောင့်ဆိုသော် ကျက်သရေသြဘာဖြင့် အပြည့်အစုံဆုံးဖြစ်သော ဇမ္ဗူ့သပြေပင်များသည် တောင်ကျွန်းတွင်သာ ပေါက်ရောက်သောကြောင့်ဖြစ်သည်။ ပွင့်ထွန်းပေါ်ပေါက်ခဲ့ပြီးသော ဘုရားအဆူဆူသည် တောင်ကျွန်းတွင်သာ ပွင့်ထွန်းခဲ့ခြင်းဖြစ်ပြီး နောင်ပွင့်မည့်ဘုရားများသည်လည်း တောင်ကျွန်းတွင်သာ ပွင့်ထွန်းကြမည်ဖြစ်သည်။ ထို့ကြောင့် တောင်ကျွန်းကို ဇမ္ဗူ့သပြေပင်ပေါက်ရာ ဇမ္ဗူဒီပါကျွန်းဟု ကျက်သရေရှိရှိခေါ်တွင်ခြင်းဖြစ်သည်။

မြင်းမိုရ်တောင်ကို လက်ယာရစ်ပြီး တောင်စဉ်ခုနစ်တန်း၊ မြစ်ကြီးခုနစ်သွယ်နှင့် သမုဒ္ဒရာခုနစ်စင်းက ဝန်းရံထားသည်။ သမုဒ္ဒရာများအတွင်းတွင် ရေနေသတ္တဝါများအနက် အကြီးဆုံးဖြစ်သောငါးကြီးအာနန္ဒာရှိပြီး ဇမ္ဗူ့သပြေသီးကို စားသုံးသည်။ ရေထဲသို့ ဇမ္ဗူ့သပြေသီးကျသည့်အခါ ဂီတသံစဉ်ခုနစ်မျိုးထွက်ပေါ်ပြီး ငါးကြီးအာနန္ဒာက ထိုဇမ္ဗူ့သပြေသီးကို မျိုချသည့်အခါတွင်လည်း ဂီတသံစဉ်ခုနစ်မျိုးထပ်မံထွက်ပေါ်သည်။ ထို့ကြောင့် မြန်မာများက သပြေကို အထူးအမြတ်ထား လေးစားပြီး ယဉ်ကျေးမှုအရ မြင့်မြင့်မားမား တန်ဖိုးထားကြခြင်းဖြစ်သည်။

သပြေကို မြန်မာ့အဆို၊ အက၊ အရေး၊ အတီးအနုပညာများ၊ ပန်းဆယ်မျိုးနှင့် စာပေတို့တွင်လည်း အထွတ်အမြတ် နေရာတစ်နေရာရနေသည်ကို တွေ့ရသည်။ သပြေ၏အရှေ့တွင် ကောင်းချီးပေးသည့် နာမဝိသေသနများ ကပ်လေ့ရှိသည်ကို အောင်သပြေ၊ အောင်ပန်းနှင့် အောင်နိမိတ်ပန်း စသည့်အသုံးအနှုန်းများတွင် တွေ့ရသည်။ အောင်ပွဲ (သို့မဟုတ်) အောင်မြင်မှုတစ်ခုခုကို မျှော်လင့်နေသည့် မိတ်ဆွေတစ်ဦးအား သပြေခက် တစ်ခက်ကို လေးလေးနက်နက် လက်ဆောင်ပေးရုံမျှဖြင့် သူ့ကို သင်မည်မျှလေးစားသည်ကို ဖော်ပြနိုင်သည်။

မြန်မာ့ရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်သည့် သင်္ကြန်ပွဲတွင် မြန်မာလူမျိုးတို့သည် အတာရေအိုးမှ ကြည်လင်အေးမြသော အတာရေဖြင့် သွန်းလောင်းပက်ဖျန်းကြပါသည်။ ထိုအတာအိုးတွင် နေ့တစ်နေ့စီကို ကိုယ်စားပြုသောပန်းပွင့်ပန်းခက်များကို ထိုးစိုက်ထားသည်။ (၁)အုန်းလက်သည် တနင်္ဂနွေနေ့ကို ကိုယ်စားပြုသည်။(၂)ကံ့ကော်သည်တနင်္လာနေ့ကို ကိုယ်စားပြုသည်။ (၃)စိန်ပန်းသည် အင်္ဂါနေ့ကို ကိုယ်စားပြုသည်။ (၄)ရွက်လှသည် ဗုဒ္ဓဟူးနေ့ကို ကိုယ်စားပြုသည်။ (၅)မြေစာသည် ကြာသပတေးနေ့ကို ကိုယ်စားပြုသည်။ (၆)သီးခက်သည် သောကြာနေ့ကို ကိုယ်စားပြုသည်။ (၇)ဒန်းသည် စနေနေ့ကို ကိုယ်စားပြုသည်။ ထိုအခက်များကို အတာအိုးတွင် အစီအစဉ်လိုက် ထိုးထားရသည်။ ထိုအတာအိုးတွင် အောင်မြင်မှု၏သင်္ကေတအဖြစ် ပန်းသပြေများကိုပါ ထိုးထားသည်။

ရဟန်းခံခြင်း၊ သိက္ခာထပ်ခြင်း၊ သင်္ကန်းလှူခြင်း၊ ဆွမ်းကပ်ခြင်း၊ ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းခြင်းတို့အပါအဝင် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ပြီးနောက် ရေစက်ချအမျှပေးဝေကြသည်။ ငွေဖလားအတွင်း ပန်းသပြေစိမ်တရားရေကို အဆက်မပြတ်တစ်စက်ချင်းချနေခြင်းသည် ရေစက်ချခြင်းပင်ဖြစ်သည်။ တရားနာရေစက်သွန်းလောင်းပြီးနောက်အရပ်လေးမျက်နှာနှင့် အထက်ဘုံအောက်ဘုံတို့တွင် ရှိရှိသမျှအားလုံးသော သတ္တဝါများအတွက် ယခုပင်မိမိတို့ပြုလုပ်သမျှသောကောင်းမှုအဝဝတို့ကို အမျှပေးဝေကြသည်။ ထို့နောက်ပရိသတ်ကြီးက သာဓု(ကောင်းလေစွ)သုံးကြိမ်ရွတ်ဆို၍ ကောင်းမှုကုသိုလ်တို့အပေါ် အားရဝမ်းသာပီတိဖြစ်ကြရသည်။

လက်ထပ်မင်္ဂလာပွဲများတွင်လည်း သတို့သားနှင့်သတို့သမီးတို့သည် ပန်းသပြေတို့ဖြင့် ဘုရား၊ တရား၊ သံဃာ၊ နှစ်ဖက်မိဘ၊ ဆရာနှင့်ဧည့်ပရိသတ်တို့ကို ရှိခိုးကန်တော့လေ့ရှိကြသည်။ ဦးသုံးကြိမ်ချ၍ ရှိခိုးကန်တော့နေကြသော သတို့သားနှင့်သတို့သမီးတို့၏ ဦးခေါင်းပေါ်သို့ ဘိသိက်ဆရာသည် မန္တရားများ ရွတ်ဆိုပွားများရင်း လက်တွင်ကိုင်ထားသော ခရုသင်းအတွင်းမှရေကို ပန်းသပြေဖြင့် ဆွတ်ဖျန်းပေးသည်။ ထို့နောက်ကျန်ရှိနေသောရေကို ငွေဖလားအတွင်းသို့ သွန်းလောင်းသည်။

ထီးနန်းခံယူပွဲ၏ ခေါင်းဆေးမင်္ဂလာအခမ်းအနားတွင်လည်း ပန်းသပြေတို့ ပါဝင်သည်။ နန်းတွင်းအခမ်းအနား မှန်သမျှတွင် ပန်းသပြေတို့၏ ကဏ္ဍမှာ အလွန်အရေးကြီးပါသည်။ "သပြေညာနု၊ ငွေခရုနှင့်၊ ဇေယျတု" ယင်းသည် မြန်မာတို့၏ ကြားနေကျနဘေထပ်တေးကဗျာလေးပင်ဖြစ်သည်။ စစ်ရေးပြပွဲများတွင်ဖြစ်စေ၊ စစ်ပွဲသို့ချီတက်ရာတွင်ဖြစ်စေ လမ်းတစ်လျှောက်ရှိ ပြည်သူတို့က စစ်သည်တော်တို့အား ရှေးယခင်မှ ယခုတိုင် ပန်းသပြေများ ကမ်းလှမ်းလေ့ရှိကြသည်။ စစ်သည်တော်တို့ကလည်း အမြတ်တနိုးဖြင့် ရင်မှာထိုး၍လည်းကောင်း၊ သံခမောက်တွင် ပန်ဆင်၍လည်းကောင်း၊ နားတွင် ညှပ်၍လည်းကောင်း ဆောင်လေ့ရှိကြသည်။

နိုင်ငံတော်တံဆိပ်၊ နိုင်ငံတော်အလံ၊ အဆောင်အယောင်၊ ဆုဖလား၊ ကုန်သွယ်အမှတ်တံဆိပ်၊ ကုန်ပစ္စည်းအမှတ်တံဆိပ်နှင့် နေအိမ်နှင့် ဆိုင်ခန်းတို့၏ မင်္ဂလာအမည်များတွင်လည်း ပန်းသပြေကို အလေးပေးဖော်ညွှန်းလေ့ရှိကြသည်။ ကျား၊ မ မရွေး လူအမည်တို့တွင်လည်း သပြေဟူသော စကားလုံးပါရှိတတ်သည်။

ပန်းသပြေမျိုးစိတ်အားလုံးတွင် ဇမ္ဗူ့သပြေသည် အမွန်မြတ်ဆုံးဖြစ်ဖွယ်ရှိသည်။ ရနံ့အလွန်သင်း၍ အသီးမှာ အရည်ရွှမ်းသည်။ အကာမှာ အနက်ဖြစ်၍ အသားမှာ အနီရင့်ရောင်ဖြစ်သည်။ စားလို့လည်း အလွန်ကောင်းပါသည်။ ယင်းသပြေသီးအတွက် ရိုးရာတေးလေးပင်ရှိပါသည်။ ယင်းမှာ "ဝါဆိုဝါခေါင် ရေတွေကြီးလို့၊ သပြေသီးမှည့်ကောက်စို့ကွယ်" ပင်ဖြစ်သည်။ အရွက်ကို ရှူလျှင်သော်လည်းကောင်း၊ အသီးကို စားလျှင်သော်လည်းကောင်း အမူးအမော်ပြေသည်ဟု တိုင်းရင်းဆေးပညာရှင်တို့က အဆိုရှိကြသည်။ အထက် မြန်မာနိုင်ငံတွင် ထူးခြားသည့်ပဒေသာသပြေမျိုးစိတ်တစ်မျိုးရှိသည်။ တစ်ခက်ကို ပန်းအိုးတွင်ထိုး၊ ပန်းအိုးအတွင်းမှရေကို နေ့စဉ်လဲပေးလျှင် ယင်းအခက်မှ အဆို့အတက်များဖြာထွက်လာကာ စိမ်းလန်းစိုပြည်မှုအရသာကို ပေးစွမ်းနိုင်သည်။

ယနေ့အခါတွင်ပန်းဆိုင်များက နံနက်ခင်းဈေးတွင် ပန်းသပြေမျိုးစိတ်အသစ်တစ်မျိုးကို ရောင်းချလျက်ရှိနေကြသည်။ အာဆီယံသပြေဟု အမည်ပေးထားကြသည်။ ယခုလာမည့် အရှေ့တောင်အာရှအားကစားပွဲတော်ကို မြန်မာကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အာဆီယံသပြေသည် မြန်မာတို့အတွက် အောင်နိမိတ် အောင်အတိတ်ကောင်းတစ်ခုပင် ဖြစ်ပါတော့သည်။

ပန်းသပြေတို့ ထာဝစဉ် လန်းဝေနိုင်ကြပါစေ။ ။

မြန်မာ့သပြေ

* သပြေပန်းလျှင်
"ပန်း"ဟူ၍သာ၊ ခေါ်ဝေါ်ပါလည်း
သူ့မှာကင်းဘိ၊ ဖူးပွင့်မရှိ။
* သို့ပါသော်ငြား
ထူးခြားမြရွက်၊ နီညိုရွက်နှင့်
အရွက်အလှ၊ တင့်ရှန်းပ။
* သပြေပန်းအား
ဘုရားတင်ကာ၊ ဆုပန်ထွာ၍
ကေသာထက်တွင်၊ အလှဆင်၍
မင်္ဂလာမှု၊ အစုစုတွင်
ဂုဏ်ပြုသုံးကြ၊ မြတ်နိုးကြ။
* အို-ရှုစမ်းပါ
စစ်လှမ်းချီရာ၊ အောင်စေရာတည့်
အောင်ရာအောင်ကြောင်း၊ အောင်ဆုတောင်း၍
အောင်ကြောင်းဝေဖြာ၊ စစ်အောင်ရာတွင်
ကြည်သာရွှင်ပျ၊ ပေးဆက်ကြသည်
မြန်မာ့သပြေ-အောင်သပြေ။

မင်းယုဝေ

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၂-၄-၂၀၁၃ (သောကြာနေ့)

၇း၀၂ နိုင်ငံတော်သီချင်း
၇း၀၃ တရားတော်
၇း၁၅ ဓမ္မပူဇာတေး
၇း၂၀ မျိုးချစ်တပ်မတော်
၇း၂၅ မြန်မာ့ရှုခင်း
၇း၃၅ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ သာယာသီကြွေး
ခေတ်ဆန်းတေး
၇း၄၅ အမျိုးသားရေးတေးကဗျာ
၇း၅၅ မြန်မာသင်္ကြန်
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅ ဇာတ်လမ်းတို
၄း၀၃ အဖွင့်သီချင်း
၄း၂၀ မြန်မာစာမြန်မာစကား(၁၁)
၄း၂၇ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀ လည်မယ်. . . စားမယ်ကမ္ဘာ
တစ်ခွင်ဝယ်
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ "ရွာ"ဟာသဇာတ်လမ်းတွဲ
(အပိုင်း-၁၉၄)
ချစ်ဖွယ်၊ ငွေမိုး၊ ဦးမင်းခိုင်၊
နိုင်ဝင်း၊ စနိုးစံနှင့်
သရုပ်ဆောင်များ
(ဒါရိုက်တာ-မိုးဇော်ကို)
၆း၂၅ ရွှင်မြူးဟစ်ကြွေးကဗျာတေး
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"လူငယ်လေးရဲ့
အစိမ်းရောင်ကမ္ဘာ"
(အပိုင်း-၂၈)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
-သံစဉ်များနှင့်ကမ္ဘာ
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"ချစ်ခွင့်ရချင်ပြီ" (အပိုင်း-၄)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

❖ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
❖ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့။

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တာဝန်အရသာမက စေတနာပါပေါင်းစပ်ရောယှက် လုပ်ဆောင်

နေပြည်တော် ဧပြီ ၁၁

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဧပြီ ၉ ရက် ညနေပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မိမိတို့အဖွဲ့ ယခုကဲ့သို့ ရောက်ရှိလာခြင်းမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်စေရေးအတွက် အထောက်အကူပြု ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသွားနိုင်ရန် ဖြစ်ကြောင်း၊ မြို့နယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များကို အစိုးရဝန်ကြီးဌာနများမှဝန်ထမ်းများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံနှင့်အဝန်း မြို့နယ်များတွင် မလိုလားအပ်သည့် ဖြစ်စဉ်ဖြစ်ရပ်များ၊ အရေးကိစ္စများ မဖြစ်ပေါ်စေရန် အားလုံးဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြရန် လိုအပ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဒေသခံများနှင့်အတူ အစိုးရဝန်ထမ်းများက ပူးပေါင်းလုပ်ကိုင်ရာ၌ တာဝန်အရသာမက စေတနာပါပေါင်းစပ်ရောယှက် လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။**(အပေါ်ဝဲပုံ)**

ယင်းနောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်တို့က ဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးနိုင်ရန် အခြေအနေများနှင့်သတ္တုတွင်းထွက် အင်ကြင်းကျောက်ထုတ်လုပ်သည့်လုပ်ငန်းများ ပိုမိုအကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်နိုင်စေရေး၊ အချောထည်ထုတ်လုပ်သည့် လုပ်ငန်းများ ပိုမိုအောင်မြင်လာစေရေးကိစ္စရပ်များ အပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေအလုံအလောက်ရရှိစေရေးနှင့် ရေကောင်းရေသန့်ရရှိစေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ဒေသခံ စေတနာရှင်ပြည်သူများကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကောင်းမွန်စေရန် သတိ ဝီရိယထား ဆောင်ရွက်လုပ်ကိုင်ကြရမည်ဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားကြစေရေး ကိစ္စရပ်များအပေါ် မှာကြားပြီး ကျောက်ပန်းတောင်းမြို့ မြို့ဦးအောင်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။ **(သတင်းစဉ်)**

၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေ နည်းဥပဒေများ(မူကြမ်း)ရေးဆွဲရေး ပထမအကြိမ် ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဧပြီ ၁၁

၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ဖြင့် မတ် ၂၂ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီးသော ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေအား ဥပဒေအာဏာ သက်ရောက်စေရန်အတွက် အနည်းဆုံးအခကြေးငွေနည်းဥပဒေများ(မူကြမ်း) ရေးဆွဲရေး ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အနည်းဆုံးအခကြေးငွေ နည်းဥပဒေများ(မူကြမ်း)ရေးဆွဲရေး ညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များတက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပြည်ပ၌ အင်အားပြင်းထန်သော ငလျင်လှုပ်

နေပြည်တော် ဧပြီ ၁၁

ယနေ့ နံနက် ၂ နာရီ ၅၅ မိနစ် ၃၂ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် မိုင် ၁၇၀၀ ခန့် ကွာဝေးသည့် မြန်မာနိုင်ငံပြည်ပ(BATAN ISLANDS REGION, PHILIPPINES)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဧပြီ ၁၁

ယနေ့နံနက် ၄ နာရီ ၃၆ မိနစ် ၁၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၁၇၀ ခန့် ကွာဝေးသည့် မြန်မာနိုင်ငံပြည်တွင်း(ဘော်လခဲမြို့၏ တောင်-အရှေ့တောင်ဘက် ၂၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ရှိ လမ်းအချို့အား တစ်လမ်းမောင်းစနစ်ကျင့်သုံးမည်

၁။ မဟာသင်္ကြန်ပွဲတော်ကာလဖြစ်သည့် ဧပြီလ ၁၃ ရက်(အကြိုနေ့)မှ ၁၆ ရက်(အတက်နေ့)အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ရန်ကုန်မြို့ရှိ အောက်ဖော်ပြပါလမ်းများအား တစ်လမ်းမောင်းစနစ်ကျင့်သုံးမည်ဖြစ်သည်-

(က) **ဆရာစံလမ်း။** ကမ္ဘာအေးစေတီလမ်းဆုံ(ပုလဲကွန်ဒို)မှ စက်မှု(၁)လမ်းဆုံ(ရန်ကင်းစင်တာ)အထိ **အနောက်မှအရှေ့သို့** တစ်လမ်းမောင်းသတ်မှတ်သည်။

(ခ) **စက်မှု(၁)လမ်း။** ဆရာစံလမ်းဆုံ(ရန်ကင်းစင်တာ)မှ ကမ္ဘာအေးစေတီလမ်းဆုံ(ဆီဒိုးနား)အထိ **အရှေ့မှအနောက်သို့** တစ်လမ်းမောင်းသတ်မှတ်သည်။

(ဂ) **ကန်တော်ကြီးပတ်လမ်း။** ဗဟန်းအဝိုင်း၊ တိရစ္ဆာန်ဥယျာဉ်ဘက်မှ ကန်ရိပ်သာလမ်းသို့ အဝင်လမ်းသတ်မှတ်ပြီး ကန်ရိပ်သာလမ်းအတိုင်း လက်ဝဲရစ်မောင်းနှင်၍ ၎င်းမှ နတ်မောက်လမ်းအတိုင်း ကမ္ဘာအေးစေတီလမ်းဆုံသို့ အထွက်သတ်မှတ်ထားရှိသည်။ ကန်တော်ကြီးပတ်လမ်းသို့ ချဉ်းကပ်လမ်းများအားလုံး ညာကွေ့ပြီး လက်ဝဲရစ်သွားရမည်ဖြစ်သည်။(ကန်တော်ကြီးပတ်လမ်းသို့ ဝင်ရောက်မည့် အထက်ပန်းဆိုးတန်းလမ်းမှ ယာဉ်များသည် ဒေါ်သိန်းတင်မီးပွိုင့်မှလည်းကောင်း၊ သိမ်ဖြူလမ်းမှ ယာဉ်များသည် သိမ်ဖြူ(၅)ခွဆုံမှလည်းကောင်း လမ်းလွှဲအတိုင်း သွားရမည်ဖြစ်သည်)

၂။ ဖော်ပြပါ ကန်တော်ကြီးပတ်လမ်းတစ်လျှောက်တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ မော်တော်ယာဉ်များရပ်နားခြင်းမပြုကြရန်နှင့် မော်တော်ယာဉ်များသည် သတ်မှတ်ထားသည့်လမ်းများမှ မောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သံဝေဂတံတားဖွင့်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ မင်္ဂလာသီရိ မဟာသတိပဋ္ဌာန်ကျောင်းတိုက်၊ ဦးစီးပဓာန နာယက မြန်မာနိုင်ငံအဝန်း စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတိုက် ရိပ်သာပေါင်း(၄၅)ဌာနတို့၏ ဦးစီးပဓာန နာယကဆရာတော် ဖြစ်တော်မူသောကျေးဇူးတော်ရှင် ကမ္မဋ္ဌာနာစရိယ သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဉာဏစက္က အရှင်သူမြတ်၏ သက်တော် (၉၀)ပြည့်အထိမ်းအမှတ်အဖြစ် ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ တောင်ချောင်းကျေးရွာဆရာတော်ကြီး၏ မွေးရပ်မြေတွင် တပည့် ဒါယကာ၊ ဒါယိကာမများမှ စုပေါင်း၍ တည်ဆောက်သော သံကူကွန်ကရစ်တံတား အလျား(၁၅၃)ပေ၊ အကျယ်(၉)ပေရှိ သံဝေဂတံတားကြီးကို ၁၃-၁-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ပန္နက်ရိုက်မင်္ဂလာပြုလုပ်လျက် ၁၃၇၅ခုနှစ် တန်ခူးလဆန်း(၉)ရက်၊ ၁၉-၄-၂၀၁၃ (သောကြာနေ့) နံနက် ၉နာရီ တွင် ပြီးစီးခြင်းအထိမ်းအမှတ်ဖြင့် တံတားဖွင့်ပွဲမင်္ဂလာကို ကျင်းပမည်ဖြစ်ပါ၍ ဆရာတော်ကြီးအား ဦးထိပ်ပန်ဆင်လျက် လှူဒါန်းထားသော အလှူရှင်၊ အလှူ့အမအပေါင်းတို့အား တံတားဖွင့်ပွဲအခမ်းအနားသို့ ကိုယ်တိုင် ပါဝင်ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

တံတားဖြစ်မြောက်ရေးကော်မတီ
မင်္ဂလာသီရိ မဟာသတိပဋ္ဌာန်ကျောင်းတိုက်၊
ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊



ပျောက်ဆုံး

ရန်ကင်းမြို့နယ်၊ရန်ကင်းပန်းခြံအိမ်ရာရှိ အခန်းနံပါတ်(၂၀၂)နေ ဦးတင်ဝင်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ရကန(နိုင်)၀၂၅၆၉၂]၊ သက်သေခံ ကတ်ပြားအမှတ် စီဂျီ-၀၉၀၈၆၃ သည် ၂၂-၃-၂၀၁၃ရက်တွင် ထိုင်းနိုင်ငံသံရုံးသို့ ပြည်ဝင်ခွင့်လျှောက်ထားစဉ် ပျောက်ဆုံးနေပါ၍ ယင်းကတ်ပြားမူရင်းကို တွေ့ရှိလက်ဝယ်ထားသူသည် ဖုန်းနံပါတ်-၂၀၀၁၆၉(သို့မဟုတ်)HP No ၀၉၄၃၁၃၂၆၈၆ သို့ကျေးဇူးပြုပြီး ဆက်သွယ်ပါရန် တွေ့ရှိသူအား ငွေကြေးဖြင့် အထူးကျေးဇူးဆပ်ပါမည်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်သီသီဝင်း [၁/မညန(နိုင်)၀၈၀၂၇၀] အင်းစိန်မြို့နယ်၊ မုဒိတာ(၂)တိုက် 2A(234)၏ စာချုပ်မူရင်းနှင့် ငွေသွင်း ချလန်များ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။ ဒေါ်သီသီဝင်း **Ph:095033656**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ၈၂လမ်း၊ ၁၄×၁၅ လမ်းကြားနေ ဦးအိုက်ကျိုး[၉/မနမ(နိုင်)၀၈၀၉၁၂]-ဒေါ်တွမ်ဆင်းရိန်[၉/မနမ(နိုင်)၀၈၀၉၀၆]တို့၏သမီး မစုစု[၉/အမဇ(နိုင်)၀၁၁၆၈၇]သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးအိုက်ကျိုး-ဒေါ်တွမ်ဆင်းရိန်

မန္တလေးမှနေ၍ စင်ကာပူသို့ တိုက်ရိုက်ပြေးဆွဲပျံသန်းပေးသည့် ရွှေမြန်မာလေကြောင်း

မြန်မာနိုင်ငံ၏ အရှိန်အဟုန်ဖြင့် ပြောင်းလဲလာသော အခြေအနေများကြောင့် နိုင်ငံတကာမှ မြန်မာနိုင်ငံကို အထူးအလေးထား စိတ်ဝင်စားလာခဲ့ကြသည်ကို မည်သူမျှမငြင်းနိုင်ပါ။

မြန်မာနိုင်ငံမှာ ပြည်တွင်းပြည်ပ ခရီးသည်များ တစ်နေ့တခြားတိုးပွားလာရာ အချိန်ကုန်သက်သာသည့် လေကြောင်းခရီးကို ရွေးချယ်လာကြပါသည်။ ထို့ကြောင့် လေကြောင်းခရီးစဉ်များကို တိုးချဲ့ပြေးဆွဲနေရာ တိုးချဲ့လာသော လေကြောင်းလိုင်းများထဲမှ ဈေးနှုန်းသက်သာသည့် ရွှေမြန်မာလေကြောင်းလိုင်း (Golden Myanmar Airlines) သို့ သွားရောက်၍ MD ဦးအောင်ကြီးနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ရွှေမြန်မာလေကြောင်းလိုင်းဆိုတဲ့ အမည်လေး ရွေးချယ်ပေးဖြစ်ပုံလေးနဲ့ ရည်ရွယ်ချက်ကို သိပါရစေခင်ဗျာ။

ဖြေ။ ။ဒါရိုက်တာ အဖွဲ့ဝင်တွေရဲ့ စိတ်ကူးနဲ့ အများသဘောတူ ရွေးချယ်ကြတာပါ။ ကိုယ့်နိုင်ငံရဲ့ နာမည်လည်းပါအောင် ရွှေမြန်မာဆိုတဲ့ အမည်လေးကို ရွေးဖြစ်သွားတာပါ။ တကယ်တော့ လေကြောင်းလိုင်းတွေက တိုင်းပြည်ရဲ့ သံတမန်တွေပါ။ နိုင်ငံရဲ့ဂုဏ်သိက္ခာတွေပါ။ ဒါကြောင့် ဒီလေကြောင်းလိုင်းကို တည်ထောင် ဖြစ်တာပါ။ နောက်တစ်ချက်က မြန်မာနိုင်ငံရဲ့စီးပွားရေး လျင်မြန်စွာ တိုးတက်ရေးမှာ မြန်မာ့လေကြောင်းဈေးကွက်လိုအပ်မှုတွေကို ဖြည့်ဆည်းပေးဖို့ ဖြစ်ပါတယ်။

မေး။ ။ရွှေမြန်မာလေကြောင်းလိုင်းရဲ့ ပြေးဆွဲနေတဲ့ ပြည်ပခရီးစဉ်တွေနဲ့ တိုးချဲ့ပြေးဆွဲမယ့် ခရီးစဉ်တွေကို သိပါရစေ။

ဖြေ။ ။အဓိကကတော့ ဈေးကွက်ပေါ့၊ ဈေးနှုန်းသက်သာစွာနဲ့ (တန်ဖိုးနည်းလေကြောင်း)တစ်ခုအဖြစ် ဆွဲဆောင်နိုင်ဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ အာဆီယံဒေသတွင်းမှာ တကယ် ခရီးသွားသူများပါတယ်။ ဒါကြောင့် ဗန်ကောက်နဲ့ စင်ကာပူကိုရွေးတာပါ။ အဲဒါပြီးရင် ဒုတိယအနေနဲ့ အာဆီယံနဲ့ တရုတ်ကို လျာထားပါတယ်။ ဒါတွေ ပြည့်စုံသွားပြီဆိုရင် ကိုရီးယား၊ ဂျပန်၊

"လေကြောင်းလိုင်းတွေသာရှိပြီး မထွက်ရင်မရပါဘူး၊ လေကြောင်းလိုင်းလည်းရှိတယ်၊ လေယာဉ်လည်း နေ့စဉ်ထွက်ရမယ်၊ ဈေးနှုန်းကိုလည်း ချထားရမယ်၊ ရည်ရွယ်ချက်က လူတိုင်း လေယာဉ်စီးနိုင်ရမယ်"
ဦးအောင်ကြီး
MD
ရွှေမြန်မာလေကြောင်း။

ဩစတြေးလျတို့ကို ဆက်လက်ပြေးဆွဲမှာပါ။ တကယ်တိုးတက်ချင်ရင် network ထဲကိုဝင်ရမှာပါ။ ငွေရေးကြေးရေးလည်းပြည့်စုံရမယ်၊ လူတွေလည်း ပြည့်စုံရမယ်၊ ပြီးရင် ဒုတိယအဆင့်အနေနဲ့ network ထဲကို သွားမှာပါ။ အခုတော့ နှစ်နှစ်၊ သုံးနှစ်အတွင်း ဒေသတွင်းမှာ ပွိုင့်တူ ပွိုင့်ပြေးဆွဲပျံသန်းမှာပါ။

မေး။ ။တစ်ပတ်ကို ဘယ်နှကြိမ်ပြေးဆွဲပြီး ဘယ်လိုဈေးနှုန်းတွေသတ်မှတ်ထားပါသလဲခင်ဗျာ။

ဖြေ။ ။မန္တလေး-ရန်ကုန်-စင်ကာပူ၊ စင်ကာပူ-ရန်ကုန်-မန္တလေး ခရီးစဉ်တွေကို နေ့စဉ်ပြေးဆွဲပေးတာပါ။ မန္တလေးကနေ နံနက် ၈ နာရီ ၁၀ မိနစ်မှာထွက်ပါတယ်။ ရန်ကုန်ကို ရောက်ပါတယ်။ ရန်ကုန်ကနေ နံနက် ၁၀ နာရီ ၁၀ မိနစ်မှာပြန်ထွက်ပါတယ်၊ စင်ကာပူကနေ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှာထွက်ပါတယ်၊ ရန်ကုန်ကို ညနေ ၅ နာရီ ၁၀ မိနစ် ရောက်ပါတယ်၊ ရန်ကုန်ကနေ ပြန်ထွက်ပါတယ်၊ မန္တလေးကို ည ၇ နာရီ ရောက်ပါတယ်။ ဒီမှာ ကျွန်တော်တို့ လေကြောင်းလိုင်းအနေနဲ့ အထူးဝန်ဆောင်မှုပေးတာက မန္တလေး-တံတားဦး လေဆိပ်ကနေ ကျိုးရှေ့၊ ဆီဒိုးနား ဟိုတယ်ထိ ခရီးသည်တွေကို အသွား၊ အပြန် အဆင့်မြင့်ကားတွေနဲ့ သယ်ယူပို့ဆောင်ပေးတာပါ။ ဒါဟာဘယ်သူမှ မန္တလေးလေဆိပ်နဲ့ ကျိုးထိဝန်ဆောင်မှု မပေးသေးပါဘူး၊ ဈေးနှုန်းတွေက ဦးရာလူစနစ်ပါ၊ စောစောကြိုဝယ်ရင် ဈေးသက်သာပါတယ်။ အလယ်လောက်မှာ ဝယ်ရင် ဈေးတစ်မျိုး၊ ထွက်ခါနီးကျမှ လေဆိပ်မှာဝယ်ရင် ဈေးတစ်မျိုး။ နိုင်ငံတကာစနစ်တွေနဲ့ ဈေးကွက်ကို ထိန်းထားတာပါ။ မန္တလေးကနေ လက်မှတ်ခ စင်ကာပူထိ အမေရိကန်ဒေါ်လာ ၉၅ နဲ့ ၁၅ ခုံစာအတွက်ပါ၊ စောစောဝယ်ရင်ပေါ့၊ နောက်ကျရင်တော့ တစ်ဈေး ပေါ့၊ ပျမ်းမျှ ၉၅ ဒေါ်လာကနေ ၁၄၅ ဒေါ်လာထိကျပါတယ်။ ရန်ကုန်ကနေ စင်ကာပူထိဆိုရင် စောစောဝယ်ရင် ၅၉ ဒေါ်လာ၊ နောက်ကျဝယ်ရင် ဈေးတက်သွားပါတယ်၊ အမေရိကန်ဒေါ်လာ ၅၉ ကနေ ၁၁၅ ဒေါ်လာထိဖြစ်ပါတယ်။ လေကြောင်းလိုင်းတွေသာရှိပြီး မထွက်ရင်မရပါဘူး၊ "လေကြောင်းလိုင်းလည်းရှိတယ်၊ လေယာဉ်လည်း နေ့စဉ်ထွက်ရမယ်၊ ဈေးနှုန်းကိုလည်း ချထားရမယ်၊ ရည်ရွယ်ချက်က လူတိုင်း လေယာဉ်စီးနိုင်ရမယ်"။

မေး။ ။ပြည်တွင်းခရီးစဉ်လိုင်းတွေနဲ့

အမေး၊ အရေး-ဇော်ထွန်း(သတင်းစဉ်)
ဓာတ်ပုံ-သာဉာဏ်(သတင်းစဉ်)

ဈေးနှုန်းတွေကိုလည်း သိပါရစေ။

ဖြေ။ ။ကျွန်တော်တို့ လေယာဉ်က A-320 ခရီးသည် ၁၈၀ ဆံ့ လေယာဉ်ကြီးဆိုတော့ ရန်ကုန်-မန္တလေး-နေပြည်တော်ပဲ ဆင်းလို့ရပါတယ်၊ လောလောဆယ်တော့ ရန်ကုန်-မန္တလေးခရီးစဉ်ပဲပေါ့၊ လိုအပ်ရင် နေပြည်တော်ကိုလည်းဆင်းပါတယ်၊ ကျွန်တော်တို့စလိုက်တဲ့ ရန်ကုန်-မန္တလေးခရီးစဉ်ဆိုရင် ဈေးနှုန်းချလိုက်တာနဲ့ လူတွေလေယာဉ်စီးလာကြတယ်၊ အချိန်ကုန်သက်သာတယ်၊ တစ်ခါစီးပြီးရင် နောက်စီးချင်

မန္တလေးမှ စင်ကာပူသို့ တိုက်ရိုက်ပြေးဆွဲနေသော A-320 Airbus လေယာဉ်အား တွေ့ရစဉ်။

လာရမယ်၊ လူတိုင်းစီးလို့ရတယ်ဆိုတာ ဖြစ်နေရမယ်၊ mouth to mouth တစ်ယောက်စကားကနေ နောက်တစ်ယောက်လက်ဆင့်ကမ်း သတင်းပေးလိုက်တာပေါ့၊ ဆွဲဆောင်ရမယ်၊ ဈေးနှုန်းချရတယ်၊ တခြားလေကြောင်းလိုင်းတွေလည်း ဒီလိုပဲလုပ်ကြတယ်၊ လူတိုင်းလေယာဉ်စီးရမယ်ဆိုတာပေါ့၊ ရန်ကုန်-မန္တလေး ခရီးစဉ်ဆိုရင် ကျွန်တော်တို့ A-320 ၁၈၀ ဆံ့ လေယာဉ်မှာ အမြဲတမ်းခရီးသည် ၁၀၀ ကျော်ရှိတယ်၊ တံတားဦးလေဆိပ်ကနေ ကျိုးထိ ကားအသွား၊ အပြန် အခမဲ့ စီစဉ်ပေးတယ်၊ ဈေးနှုန်းက ကျပ် ၄၅၀၀၀ နဲ့စတာပေါ့၊ စောစောဝယ်ရင် ဈေးသက်သာပါတယ်၊ နောက်ကျရင်တော့ နောက်ကျဈေးပါ၊ စောစောဝယ်ရင်လျှော့ပေးတယ်၊ နောက်ကျမှဝယ်ရင် ကျပ် ၅၅၀၀၀ ဖြစ်တယ်၊ ဈေးကွက် ကစားတာပေါ့။

မေး။ ။ရွှေမြန်မာ လေကြောင်းနဲ့ လေယာဉ်စင်းရေနဲ့ ထပ်မံတိုးချဲ့ပြေးဆွဲမယ့်စင်းရေတွေကိုလည်း သိပါရစေ။

ဖြေ။ ။နယူးယောက်အခြေစိုက် လော့စ်အိန်ဂျလိစ်မှာရှိတဲ့ Airleas in Corporationကနေဒုတိယတစ်စင်းငှားမှာပါ။ မကြာခင်ရောက်လာတော့မှာပါ။ ၂၀၁၄ မှာ A-320 နှစ်စင်း၊ ၂၀၁၅ မှာ A-320 နှစ်စင်း၊ ခရီးသည် ၆၀ ဆံ့ ATR-72-600 လေးစင်း၊ ၂၀၁၅ အကုန်မှာ အားလုံး ၁၀ စင်းနဲ့ ပြေးဆွဲမှာပါ။

မေး။ ။POS ကတ်ဖြင့် ငွေပေးချေသောစက်တွေမှာ နိုင်ငံခြားသားတွေ ဗီဇာကတ်၊ master ကတ်၊ MPU ကတ်တွေနဲ့ လက်မှတ်ဝယ်ယူနိုင်တယ်ဆိုတာ ဟုတ်ပါသလားခင်ဗျာ၊ ရှင်းပြပေးပါဦး။

ဖြေ။ ။ဟုတ်ပါတယ်၊ ကတ်ဖြင့် ငွေပေးချေသောစက်တွေမှာ ဒီကတ်ရှိသူတိုင်း ဘယ်ဘဏ်မှာမဆို ဗီဇာကတ်၊ မာစဒါကတ်တွေနဲ့ လက်မှတ်ဝယ်ယူနိုင်ပါပြီ၊ အမ်ပီယူကတ်နဲ့တော့ မရသေးပါဘူး၊ ခရက်ဒစ်ကတ်နဲ့ အွန်လိုင်းပေါ်မှာလည်း ဝယ်ယူလို့ရပါတယ်။ ကတ်သုံးတဲ့ဘဏ်တွေမှာ ရပါတယ်။

မေး။ ။ရွှေမြန်မာလေကြောင်းလိုင်းက တစ်ဦးတည်းပိုင်(သို့) အများပိုင်ကုမ္ပဏီလားဆိုတာ၊ ဘယ်နှခုနှစ်က စတင်တည်ထောင် ဖွဲ့စည်းခဲ့တယ်ဆိုတာသိပါရစေ။

ဖြေ။ ။၂၀၁၂ ခုနှစ်မှာကတည်းက MIC ကိုတင်ကတည်းက ကျွန်တော်တို့ ရွှေမြန်မာလေကြောင်းလိုင်း အများပိုင်ကုမ္ပဏီအနေနဲ့တင်တာပါ၊ အခုလည်း ကျွန်တော်တို့ အများပိုင်ကုမ္ပဏီအဖြစ် သတင်းစာထဲမှာ ကြော်ငြာပါတယ်၊ ဒါရိုက်တာဖြစ်ခွင့်ကတော့ ရှယ်ယာတစ်သောင်းဝယ်ရင် ရွေးချယ်ခံပိုင်ခွင့်ရှိပါတယ်၊ အခုဆိုရင် ကျပ် ၁ ဒသမ ရှစ် ဘီလီယံရှိပါပြီ၊ ပြီးခဲ့တဲ့လအထိပေါ့၊ ကျွန်တော်တို့ လေကြောင်းလိုင်းပြေးဆွဲတဲ့အတွက် စင်ကာပူမှာရှိတဲ့ မြန်မာတွေက ကျွန်တော်တို့လေကြောင်းလိုင်းကို ကျေးဇူးတင်ကြောင်း၊ မန္တလေးမှာရှိတဲ့ မန္တလေးသားတွေက ရန်ကုန်မှာ အချိန်မကုန်တော့ဘဲ ငွေကုန်ကြေးကျသက်သာစွာနဲ့ စင်ကာပူကိုတိုက်ရိုက်ရောက်ရှိပြီဖြစ်တဲ့အတွက် ကျေးဇူးတင်ကြောင်း ကျွန်တော်တို့ကို ပြောပါတယ်။

ရန်ကုန်မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များ အပြိုင်အဆိုင်ဆောက်လုပ်မှုပြီးစီး၍ အချောသပ်လုပ်ဆောင်လျက်ရှိ

ရန်ကုန် ဧပြီ ၁၁

ယခုနှစ် ရန်ကုန်မဟာသင်္ကြန်ပွဲတော်တွင် ဖျော်ဖြေရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များဆောက်လုပ်မှု အားလုံးပြီးစီး၍အချောသပ်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြသည်။

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း၌ အင်းလျားကန်မှ ရေသွယ်ယူ၍ ရေကစားကြမည့် မဏ္ဍပ်အားလုံးသည် ဆောက်လုပ်မှုပြီးစီး၍ အချောသပ်အလှဆင်လျက်ရှိကြသည်ကို တွေ့ရသလို မဏ္ဍပ်များ၌လည်း ရေကစားမည့်သူများကို လက်ခံပေးနေသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ယင်းလမ်း၌ ဆောက်လုပ်ထားသော မဏ္ဍပ်များ အားလုံးနီးပါး ရေပက်ကစားခြင်းနှင့်အတူ ဖျော်ဖြေရေးကဏ္ဍပါ တွဲဖက်ထားသည်ကို တွေ့မြင်ရသည်။**(ယာပုံ)**

ကမ္ဘာအေးစေတီလမ်းမှ ရေကစားခြင်းနှင့်အတူ ဖျော်ဖြေရေးကိုပါ ထည့်သွင်းထားသည့် မဏ္ဍပ်တစ်ခုဖြစ်သော နဒီလှိုင်း (NDH)မှ တာဝန်ခံရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ကိုမင်းထက်က ရှင်းပြရာတွင် "ကျွန်တော်တို့ NDH မဏ္ဍပ်မှာ အဆိုတော် ဆိုတေး၊ ရတနာမိုင်၊ နန်းရွှေအိမ်၊ အဠဏီ၊ မျိုးစန္ဒီကျော်၊ လင်းရာနဲ့ ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်၊ မော်ဒယ်များစွာတို့က ဧည့်ခံဖျော်ဖြေကြပါမယ်၊ နောက်တစ်ချက်ပြောချင်တာတော့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့စာနယ်ဇင်း၊ မီဒီယာတွေအားလုံးကို ဖိတ်ခေါ်ပါတယ်၊ သတင်းထောက်တွေလာခဲ့ရင် ကတ်ပြားပြပြီး လွတ်လပ်စွာ သတင်းယူနိုင်ပါတယ်"ဟု ရှင်းပြသည်။

ရန်ကုန်မြို့၏ အစည်ကားဆုံးနေရာဖြစ်သော ကန်တော်ကြီး ကန်ပတ်လမ်းတွင် ရေကစားမဏ္ဍပ်များ အားလုံး အသင့်အနေအထားဖြစ်နေကြပြီး သင်္ကြန်အကြိုနေ့ နံနက်ပိုင်းမှစ၍ စမ်းသပ်ရေပက်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

"၁၃၇၄ ခုနှစ် ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်ကာလမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ပျော်ရွှင်ရွှင်၊ စည်စည်ကားကား စည်းကမ်းတကျ အန္တရာယ်ကင်းကင်းနဲ့ ရေကစားကြရင် အကောင်းဆုံးဖြစ်မှာပါ၊ အဖွဲ့အစည်းများကလည်း ကြပ်မတ်ကွပ်ကဲပြီး ပြည်သူများကလည်း စည်းကမ်းနဲ့ ယဉ်ကျေးမှုကို အားလုံးဝိုင်းဝန်း

ထိန်းသိမ်းကြမယ်ဆိုရင် အားလုံးပျော်ရွှင်ချမ်းမြေ့စွာနဲ့ သင်္ကြန်ကာလကို ကျော်လွန်ကာ နှစ်သစ်ကို မင်္ဂလာအပြည့်နဲ့ ကူးပြောင်းနိုင်မယ်ဆိုရင် အကောင်းဆုံးပါပဲ"ဟု တာမွေမြို့နယ် (၁၃၉)လမ်း၌ နေထိုင်သူ ဦးစိုးအောင်က ရှင်းပြသည်။

ဌေးအောင်(ကြေးမုံ)

✳ ရန်ကုန်မြို့မှ

ဖြေ။ ။ လက်ရှိ တည်ဆောက်ဆဲ တံတားကတော့ နှစ်စင်းရှိပါတယ်။ ရွှေဂုံတိုင်ခုံးကျော်တံတားနဲ့ ဘုရင့်နောင် ခုံးကျော်တံတားပါ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ အပြီးတည်ဆောက်မယ်လို့ လျာထားပါတယ်။ တံတားကြီးတွေ မြန်ဆန်ဖို့အတွက် နေ့ညမနားတမ်း လုပ်ဆောင်လျက်ပါ။ စီမံကိန်းစစချင်းမှာ နည်းနည်းကြန့်ကြာတာကတော့ တံတားအတွက် နေရာရှာပြီး အဲဒီနေရာမှာ မြေပြင်ရှင်းလင်းရေး လုပ်ရပါတယ်။ မြေအောက်ဖုန်းကြိုး၊ လျှပ်စစ်၊ ရေပိုက်လိုင်း၊ မြေအောက်မြောင်းစတာတွေ အားလုံးကို ရှင်းလင်းပြီးမှ လမ်းဖောက်ပေးရတယ်။ ဒါတွေပြီးမှ စပြီးတည်ဆောက်ရတာဆိုတော့ အဲဒီမှာ အချိန်နည်းနည်းကြန့်ကြာတတ်ပါတယ်။ ဒါကြောင့် အခုအမြန်ဆုံးပြီးဖို့အားသွန်ခွန်စိုက် ဆောင်ရွက်နေကြပါတယ်။

မေး။ ။ရန်ကုန်မြို့တွင်းမှ ခုံးကျော်တံတားသစ်နှစ်စင်းဆောက်လုပ်မယ်လို့ သိရပါတယ်။ အဲဒီတံတားနှစ်စင်းအကြောင်း ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ။ ။ဟုတ်ပါတယ်။ ရန်ကုန်မြို့မှ ထပ်မံပြီးခုံးကျော်တံတားနှစ်စင်း တည်ဆောက်ဦးမှာပါ။ အဲဒီခုံးကျော်တံတား နှစ်စင်းကတော့ မြေနီကုန်းလမ်းဆုံနဲ့ ရှစ်မိုင်လမ်းဆုံနေရာတွေမှာ ဆောက်မှာပါ။ တံတားနှစ်စင်းတည်ဆောက်ဖို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ခွင့်ပြုလိုက်တာတစ်လလောက်ရှိပါပြီ။ အခုအဲဒီလမ်းဆုံတွေမှာ ကားသွားမှုမှတ်တမ်းပြုစုနေပါတယ်။ နေ့စဉ်အချိန်ပိုင်းစစ်ဆေးမှတ်တမ်းထားပြီး နေ့အလိုက် အချိန်ပိုင်းနဲ့ယာဉ်ဖြတ်သန်းမှုတွေကိုကောက်ယူပါတယ်။ နေ့ကြီး၊ ရက်ကြီးတွေမှာ ယာဉ်ဖြတ်သန်းမှု၊ ဘယ်လမ်းဘက်ကိုဘယ်လိုကားတွေ အသွားများတယ်။ ကားကြီးဘယ်နှစီး၊ ကားလေးဘယ်နှစီး အသေးစိတ်မှတ်တမ်းပြုစုပြီး နောက်ကာလများမှာ ဖြစ်ပေါ်လာနိုင်မယ့်နှစ်ထပ်ကားကြီးတွေ၊ မြေအောက်ရထား၊ မြေပေါ်ရထားတွေ ပေါ်ပေါက်လာရင် အဲဒါတွေအပေါ်မှာ အားလုံးစဉ်းစားတွက်ချက်ပြီး ဒီဇိုင်းရေးဆွဲရမှာပါ။ ဒီဇိုင်းကအခုမဆွဲရသေးဘူး၊ ဒီဇိုင်းကဆွဲပြီးရင် အထက်တင်ပြရဦးမယ်လေ၊ ဘတ်ဂျက်ကများတော့ ပြည်ထောင်စုအဆင့်အထိ တင်ပြသွားပြီး ခွင့်ပြုချက်ရတာနဲ့ တည်ဆောက်ရေးကို စတင်မှာပါ။ မကြာမီကာလမှာ ပြည်သူတွေဆီ ဒီဇိုင်းပုံစံအမြန်တင်ပြနိုင်အောင်ကြိုးစားမှာပါ။

မေး။ ။အစ်ကို့အနေနဲ့ ပြည်သူကိုအသိပေးချင်တာရှိရင်လည်းပြောပေးပါ။

ဖြေ။ ။ ပြောချင်တာလေးတစ်ခုကတော့ ရန်ကုန်မြို့မှာ ယာဉ်ကြောပိတ်ဆို့တာကတော့ တချို့ယာဉ်မောင်းတွေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းနေတယ်၊ ပြည်သူတွေလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ဥပဒေနဲ့အညီ အားလုံးသိရှိပြီး လိုက်နာဖို့လိုအပ်တယ်လေ၊ အဲဒီလို တစ်ဖက်နဲ့တစ်ဖက် နားလည်သွားမယ်ဆိုရင် ယာဉ်ကြောပိတ်ဆို့မှု ထိုက်သင့်သလောက် နည်းသွားနိုင်တယ်၊ အခုဆိုရင် ရန်ကုန်မြို့တော်စည်ပင်က ရန်ကုန်မြို့တွင်း ယာဉ် ရပ်နားခတွေကို ဧပြီ ၁ ရက်ကစပြီး မကောက်ခံတော့ဘူး၊ ကားပါကင်တွေမှာ ဘယ်ကားမဆို အချိန်ကန့်သတ်ချက်မရှိ ရပ်နားခွင့်ပြုထားပြီးဖြစ်ပါတယ်၊ ရပ်နားတဲ့ ကားကလည်း ကိုယ်လိုတဲ့ အချိန်လောက်ရပ်နားပြီး အများရပ်နိုင်အောင် တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိရင်တော့ အကောင်းဆုံးအနေအထားကို ရောက်လာမှာပါ၊ မြို့တော်စည်ပင်အနေနဲ့ ကားပါကင်ရပ်နားခွင့် သုံးမျိုးကနေ ရတဲ့အခွန်တွေကို အဆုံးခံပြီး ပြည်သူတွေအတွက် အဆင်ပြေအောင် စီစဉ် ပေးလိုက်တာပါ။

အခုလိုရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

❐ **ကျောဖုံးမှ**

ထို့နောက် အခမ်းအနားကျင်းပရာ မန္တလေး[...] ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓေ[...] ဝိစာရိန္ဒာဘိဝံသအမှူးပြုသော ဆရာတော် သံဃ[...] တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးနှင့်[...] ဧည့်ပရိသတ်အပေါင်းတို့က နမောတဿသုံးကြိမ်ရွတ်[...] အခမ်းအနားကိုဖွင့်လှစ်ပြီး မဟာဝိဇိတာရုံဆရာတော်[...] ခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ပရိသတ်များက ဆရာတော် သ[...] မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်[...] မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အမှူးပြု[...] လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီးနေ[...] ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူ[...] ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသန် စိရံတိ[...] ဆုတောင်း၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်း[...]

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူး[...]
ဆရာတော် သံဃာတော်များအား သိမ်ဆင်းလောင်း[...]

နေပြည်တော် တပ်ကုန်းမြို[...]

နေပြည်တော် ဧပြီ ၁၁

နေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာ[...] ကျောင်းလမ်း၊ ပုန်းညက်လမ်းနှင့် ရဲမာန်အောင်လမ်း[...] ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်[...] နာရီ ၄၇ မိနစ်က ကျင်းပရာ နေပြည်တော်စည်ပင်[...] သာယာရေးကော်မတီမှ ညွှန်ကြားရေးမှူး(အင်/ယာ[...] ဦးအောင်မိုးက မဟာသီဟနာဒကျောင်းလမ်း၊ ပုန်းညက်[...] လမ်းနှင့် ရဲမာန်အောင်လမ်း ကတ္တရာလမ်းသစ်နှ[...] ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်း[...] တင်ပြပြီး ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးကျော်ဝင်းမှ ကျေးဇူး[...] တင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မဟာသီဟနာဒကျောင်းလမ်း[...] ပုန်းညက်လမ်းနှင့် ရဲမာန်အောင်လမ်း ကတ္တရာလမ်း[...] သစ်အား နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ[...] နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်[...] ဦးကျော်မြင့်နှင့် တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး[...] ဦးအေးလူတို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်[...]

ခင်ဦးမြို့နယ် ချောင်းဆုံကျေး[...]

ခင်ဦး

ဧပြီ ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ခင်[...] ဖြစ်စဉ်မှာ အဝတ်အထည်ချုပ်သူ မဘီဘီ(၂၈)နှစ်သ[...] စတင်လောင်ခဲ့ကြောင်း သိရသည်။ မွန်းလွဲ ၁ နာရီ [...] မီးဘေးဒုက္ခသည် ၃၁၆ ဦးအား ကျေးရွာမူလတန်းကျေ[...] ခင်ဦး၊ ရေဦး၊ ရွှေဘို၊ ဇီးကုန်းမြို့နယ်များမှ မီးသတ်ယ[...] ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက [...] ခြင်း၊ အစားအသောက်၊ အဝတ်အထည်၊ ရေနှင့် ဆေး[...] ကြောင်း သိရသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစ[...]

၁၂-၄-၂၀၁၃ (သောကြာနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်		MRTV-4
၆း၃၀	ပြည်သူ့နီတိ "ရွှေသမက်လောင်း" [ဝင်းနိုင်(အနုပညာ)၊ မှူးသီဟသူ၊ ဂွမ်းပုံကြီး၊ ခင်ရတနာဦး၊ SB အဖွဲ့] (ဒါရိုက်တာ-ကိုဇော်ဝေမောင်	၁၁း၀၀	ပျော်ရွှင်[...] (အပိုင်း-[...] (မြင့်မြတ်[...] (ဒါရိုက်တ[...]
		၄း၁၅	ပြည်ထော[...]

❒ **ကျောဖုံးမှ**

ထို့နောက် အခမ်းအနားကျင်းပရာ မန္တလေးမြို့ မဟာဝိဇိတာရုံ ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသအမှူးပြုသော ဆရာတော် သံဃာတော် ၁၈ ပါးနှင့် ဧည့်ပရိသတ်အပေါင်းတို့က နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မဟာဝိဇိတာရုံဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ပရိသတ်များက ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အမှူးပြုသောအလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)** ဆက်လက်၍ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး သူရ သက်ဆွေနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ် ခင်အောင်မြင့်နှင့်ဇနီး နှင့် ဧည့်ပရိသတ်များက ဆရာတော်များထံ လှူဖွယ် ဝတ္ထုပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်မဟာဝိဇိတာရုံဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

❁ **ပေလီကမ်းခြေသကြံန်မှ**

ယခုနှစ် ခရီးသွားရာသီတွင် ပေလီသို့ ဧည့်သည်များ လာရောက်မှုမှာ ယခင်နှစ် များထက်စာလျှင် အလွန်နည်းပါးနေပြီး သင်္ကြန်ကာလအတွင်း အနည်းငယ်တိုးလာကြောင်းလည်း ၎င်းက ပြောသည်။

လက်ရှိအခြေအနေအရ သံတွဲမြို့ပေါ်တွင် ဗဟိုမဏ္ဍပ်တစ်ခုတည်းသာ ထားရှိခြင်းက ကောင်းမွန်သော စီမံမှုဖြစ်ကြောင်း သံတွဲဒေသခံတစ်ဦးဖြစ်သူ ဦးခင်မောင်စိုးက ပြောသည်။

(ပိုင်စိုး)

သွေးသည်
အသက်

နေပြည်တော် တပ်ကုန်းမြို့၌ ကတ္တရာလမ်းသစ်များဖွင့်

နေပြည်တော် ဧပြီ ၁၁

နေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာဒ ကျောင်းလမ်း၊ ပုန်းညက်လမ်းနှင့် ရဲမာန်အောင်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၄၇ မိနစ်က ကျင်းပရာ နေပြည်တော်စည်ပင် သာယာရေးကော်မတီမှ ညွှန်ကြားရေးမှူး(အင်/ယာ) ဦးအောင်မိုးက မဟာသီဟနာဒကျောင်းလမ်း၊ ပုန်းညက်လမ်းနှင့် ရဲမာန်အောင်လမ်း ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးကျော်ဝင်းမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မဟာသီဟနာဒကျောင်းလမ်း၊ ပုန်းညက်လမ်းနှင့် ရဲမာန်အောင်လမ်း ကတ္တရာလမ်းသစ်အား နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်နှင့် တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးလူတို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ယနေ့ဖွင့်လှစ်သည့် တပ်ကုန်းမြို့ မဟာသီဟနာဒ ကျောင်းလမ်း၊ ပုန်းညက်လမ်းနှင့် ရဲမာန်အောင်လမ်းတို့သည် ယခင်က ကျောက်ချောလမ်းနှင့် မြေသားလမ်းဖြစ်သဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ မဟာသီဟနာဒကျောင်းလမ်းအား အရှည်ပေ ၂၆၀၀၊ အကျယ် ၁၂ ပေအား ငွေကျပ် ၃၇၂ သိန်းဖြင့် လည်းကောင်း၊ ပုန်းညက်လမ်းအား အရှည် ၂၉၄၇ ပေ၊ အကျယ် ၁၂ ပေအား ငွေကျပ် သိန်း ၄၅၀ ဖြင့် လည်းကောင်း၊ ရဲမာန်အောင်လမ်းအား အရှည်ပေ ၃၁၀၀၊ အကျယ် ၁၂ ပေအား ငွေကျပ် ၅၂၀ သိန်းဖြင့် လည်းကောင်း အကုန်အကျခံ၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ယင်းကြောင့် ရပ်ကွက်နေပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာဖြင့် ရာသီမရွေး ဆက်သွယ်ဆောင်ရွက်သွားလာနိုင်ပြီ ဖြစ်ကြောင်း သိရသည်။ **(ဇော်မင်းအောင်)**

❖ **မိတ္ထီလာမှ**

မိသားစုတို့အချင်းများပြီး ကိုယ်ထိလက်ရောက်ရိုက်နှက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဦးခင်မောင်ဝင်းမှာ ပေါက်ပြဲဒဏ်ရာတစ်ချက်နှင့် မျက်နှာဖူးရောင်ဒဏ်ရာများရရှိခဲ့သဖြင့် မိတ္ထီလာမြို့ အမှတ်(၂)ရဲစခန်းမှ (ပ)၇၄/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၃၂၅/၄၂၇/၁၁၄ဖြင့် အမှုဖွင့်ခဲ့ပြီး ဆိုင်ရှင် ဦးထွန်းထွန်းဦးအပါအဝင် သုံးဦးအား ဖမ်းဆီးထိန်းသိမ်းထားခဲ့ကြောင်း၊ ဤဖြစ်စဉ်မှအစပြု၍ မိတ္ထီလာမြို့တွင် ပြဿနာများ ဖြစ်ပွားခဲ့ကာ ရုန်းရင်းဆန်ခတ်ပဋိပက္ခမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါရွှေဆိုင်၏ အမှုကို အမှတ်(၂)ရဲစခန်းက အမှုဖွင့်ခဲ့ပြီးနောက် ဧပြီ ၅ ရက်မှစတင်၍ မိတ္ထီလာမြို့နယ် တရားသူကြီးရုံးတွင် ပြစ်မှုကြီးအမှတ် ၁၁၇၈/၂၀၁၃ဖြင့် ကြားနာစစ်ဆေးခဲ့ရာ ယနေ့အထိ အသိသက်သေ ၁၃ ဦးတို့အား စစ်ဆေးခဲ့ပြီး မြို့နယ်တရားရုံးက တရားခံဦးထွန်းထွန်းဦး(ခ)အာရှစ် (၂၃)နှစ်အား ပုဒ်မ ၃၈၂ အရ ထောင်ဒဏ်(၇) နှစ်၊ ပုဒ်မ ၃၂၅ အရ ထောင်ဒဏ်(၅)နှစ်နှင့် ပုဒ်မ ၃၂၄ အရ ထောင်ဒဏ်(၂)နှစ် စုစုပေါင်း ထောင်ဒဏ် (၁၄)နှစ်ကို အလုပ်နှင့်တကွ သီးခြားစီကျခံစေရန်လည်းကောင်း၊ အလုပ်သမား ညီညီ(ခ)မင်းအောင် (၂၁)နှစ်အား ပုဒ်မ ၃၈၂ အရ အလုပ်နှင့် ထောင်ဒဏ်(၇)နှစ်၊ ပုဒ်မ ၃၂၅ အရ ထောင်ဒဏ်(၅)နှစ်နှင့် ပုဒ်မ ၃၂၄ အရ ထောင်ဒဏ်(၂)နှစ် စုစုပေါင်း အလုပ်နှင့် ထောင်ဒဏ်(၁၄)နှစ်ကို သီးခြားစီကျခံစေရန်လည်းကောင်း၊ ရွှေဆိုင်ပိုင်ရှင် ဒေါ်မြင့်မြင့်အေး(၂၄)နှစ်အား ပုဒ်မ ၃၈၂ အရ ထောင်ဒဏ်(၇)နှစ်၊ ပုဒ်မ ၃၂၅/၁၁၄ အရ ထောင်ဒဏ်(၅) နှစ်နှင့် ပုဒ်မ ၃၂၄/၁၁၄ အရ ထောင်ဒဏ်(၂)နှစ် စုစုပေါင်း အလုပ်နှင့်ထောင်ဒဏ် (၁၄)နှစ်ကို သီးခြားစီကျခံစေရန် မြို့နယ်တရားရုံးက အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ချောင်းသာကမ်းခြေ၌ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်

ချောင်းသာ ဧပြီ ၁၁

AIR KBZ LTD. လေကြောင်းလိုင်းမှ လေယာဉ်ပြေးဆွဲပျံသန်းခြင်း (၂)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဧပြီ ၄ ရက်နှင့် ၅ ရက်တို့တွင် ချောင်းသာကမ်းခြေ၌ ပတ်ဝန်းကျင်သန့်ရှင်းရေးများ ပြုလုပ်ခဲ့ကြပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ကမ်းခြေသန့်ရှင်း သာယာလှပရေးတို့အတွက် AIR KBZ LTD. မှ တာဝန်ရှိသူ ပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ ချောင်းသာအပန်းဖြေစခန်းရှိ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုစုပေါင်းအင်အား ၂၀၀ ခန့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ **(အောက်ပုံ)** ကမ်းခြေပတ်ဝန်းကျင်တွင် အသုံးပြုရန် အမှိုက်ပုံးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ အသိပေးဆိုင်းဘုတ်များ စိုက်ထူထားရှိ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

ခင်ဦးမြို့နယ် ချောင်းဆုံကျေးရွာတွင် အိမ် ၇၅ လုံး မီးလောင်

ခင်ဦး ဧပြီ ၁၁

ဧပြီ ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ခင်ဦးမြို့နယ် ချောင်းဆုံကျေးရွာတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ အဝတ်အထည်ချုပ်သူ မဘီဘီ(၂၈)နှစ်သည် အဝတ်များမီးပူတိုက်ပြီး မီးပူထဲရှိ မီးကျီးခဲများသွန်ခဲ့ရာမှ စတင်လောင်ခဲ့ကြောင်း သိရသည်။ မွန်းလွဲ ၁ နာရီ ၅၇ မိနစ်တွင် မီးငြိမ်းသတ်နိုင်ပြီး နေအိမ် ၇၅ လုံးလောင်၍ မီးဘေးဒုက္ခသည် ၃၁၆ ဦးအား ကျေးရွာမူလတန်းကျောင်း၌ အရေးပေါ်ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည်။ ခင်ဦး၊ ရေဦး၊ ရွှေဘို၊ ဇီးကုန်းမြို့နယ်များမှ မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုဖြစ်ရာသို့ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက လိုအပ်သည့် အရေးပေါ်ကူညီစောင့်ရှောက်မှုများပြုလုပ်ပေးခြင်း၊ အစားအသောက်၊ အဝတ်အထည်၊ ရေနှင့် ဆေးဝါးများ စီစဉ်ဆောင်ရွက်ပေးထားပြီး ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၂-၄-၂၀၁၃ (သောကြာနေ့)

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၆း၃၀ ပြည်သူ့နီတိ "ရွှေသမက်လောင်း" [ဝင်းနိုင်(အနုပညာ)၊ မှူးသီဟသူ၊ ဂွမ်းပုံကြီး၊ ခင်ရတနာဦး၊ SB အဖွဲ့] (ဒါရိုက်တာ-ကိုဇော်ဝေမောင် MRTV-4]
၁၁း၀၀ ပျော်ရွှင်စေသောနေ့ရက်များ (အပိုင်း-၄) "ယောက္ခမရုပ်ရည်" (မြင့်မြတ်၊ စိုးမြတ်သူဇာ၊ မယ်လိုဒီ) (ဒါရိုက်တာ-ကျော်ဇောလင်း)
၄း၁၅ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (တတိယနှစ်) (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၅၀ "အထွက်တိုးဝေဖြာစပ်မျိုးနေကြာ"
၈း၃၅ ပြည်သူတို့ရဲ့စကားသံ
၈း၄၅ တေးလက်ဆောင်အစီအစဉ်
၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၁၄၄)

ရိုးရာဝလေ့ဖြင့် နေအိမ်များရွှေ့ပြောင်း

တောင်ငူ ဧပြီ ၁၁

ပဲခူးတိုင်း ဒေသကြီးအတွင်း မြောက်မှတောင်သို့ ရှည်လျားစွာ စီးဆင်းလျက်ရှိသည့် စစ်တောင်းမြစ်သည် မြစ်ကြောင်းတစ်လျှောက် ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်လျက်ရှိရာ ဒေသတွင်းနေပြည်သူများမှာ မြစ်ကမ်းပါးနှင့်ဝေးရာသို့ ရွှေ့ပြောင်းနေထိုင်ကြရသည်။

ထိုသို့ရွှေ့ပြောင်းရာတွင် အကုန်အကျသက်သာပြီး အချိန်တိုအတွင်း ရွှေ့ပြောင်းနိုင်သည့် ရိုးရာနည်းလမ်းများကို အသုံးပြုလျက်ရှိရာတွင် ရွာသူရွာသားများ စုပေါင်းကာ နေအိမ်၏ တိုင်များအောက်တွင် လှည်းဘီးများဆင်၍ ဝိုင်းဝန်းတွန်း ရွှေ့ကြသည်ကို တွေ့ရသည်။ **(အောက်ပုံ)** အိမ်တစ်လုံးဖျက်ပြီး ဆောက်မည်ဆိုလျှင် ငွေကျပ်ခြောက်သိန်းခန့် ကုန်ကျနိုင်ပြီး အပျက်အစီးများလည်း ကြုံတွေ့ရသဖြင့် ယခုကဲ့သို့ စုပေါင်းကာ ရွှေ့ပြောင်းလျှင် ထမင်းနှင့် ဟင်းစရိတ်သာ ကုန်ကျကြောင်း သိရသည်။ အဆိုပါ ရွှေ့ပြောင်းသည့်နည်းလမ်းမှာ မြင်တွေ့ရမှု နည်းပါး၍ ပြည်သူများအနေဖြင့် ကုန်ကျမှုနည်းပါးသော အဆိုပါ နည်းလမ်းကို ပင် ယခုထက်တိုင် သုံးစွဲနေကြဆဲဖြစ်ကြောင်း သိရသည်။ **(၅၇၈)**

ကွမ်းလုံမြို့၌ ဗုဒ္ဓအဆုံးအမခံယူပွဲ ကျင်းပ

နေပြည်တော် မေ ၁၁

မေ ၉ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့ ပြည်သူ့အားကစားကွင်း၌ ကွမ်းလုံ၊ ချင်းရွှေဟော်၊ ဟိုပန်နှင့် သိန်းနီမြို့နယ်တို့မှ သာမဏေ ၁၀၈ ပါး၊ ရဟန်းအပါး ၃၀ တို့၏ အတိဒုလ္လဘတရ ဥပသမ္ပဒ ပဗ္ဗဇ္ဇသာမဏေရမင်္ဂလာနှင့် ဗုဒ္ဓဘာသာ အဆုံးအမခံယူပွဲ၊ နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟ အသင်းဝင်ကတ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူ၊ ရှမ်းပြည်နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကိုးကန့်အထူးတိုက်ခိုက်ရေးခေါင်းဆောင် ဦးဟော်ရှောက်ချမ်းနှင့် တာဝန်ရှိသူများ၊ အလှူရှင် ဦးနန္ဒ၊ ဒေါ်ကာလာဝတီနှင့်အဖွဲ့ဝင်များ၊ သာသနာနုဂ္ဂဟ အသင်းဝင်များ၊ "ဝ"၊ ကိုးကန့်၊ မြောင်စီ စသည့် ဒေသခံတိုင်းရင်းသားလူမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ရေဦးဆရာတော် ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မိုးကုတ်မြို့ ညောင်သုံးပင်ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တတေဇော သာရာဘိဝံသက ဗုဒ္ဓအဆုံးအမခံယူပွဲ ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းကို ရှင်းလင်းမြွက်ကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မိုးကုတ်မြို့ ညောင်သုံးပင်ပရိယတ္တိစာသင်တိုက် ဆရာတော်က ကိုးကန့်အထူးတိုက်ခိုက်ရေးခေါင်းဆောင် ဦးဟော်ရှောက်ချမ်းနှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ထွန်းလူတို့အား ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့်ဇနီး ဒေါ်ခင်မလေးတို့က ဗုဒ္ဓအဆုံးအမခံယူလာသူများကိုယ်စား ကိုးကန့်တိုင်းရင်းသား ဦးလင်ဟုန်ရှမ်ထံ ဗုဒ္ဓဆင်းတုတော်နှင့် အဝတ်အထည်များကို လည်းကောင်း၊ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ဗုဒ္ဓအဆုံးအမခံယူလာသူများကိုယ်စား "ဝ" တိုင်းရင်းသား ဦးအိုက်မောင်ထံ ဘုရားပုံတော်ပါ လည်ဆွဲရတနာများကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟ အသင်းဝင်ကတ်များအား ကွမ်းလုံမြို့နယ် သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကျော်သန်းထွန်းထံသို့ လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)ကော်မတီဝင် သီရိသုဓမ္မမဏိဇောတဓရ ဦးအောင်သိန်းနှင့် ဇနီး သုဓမ္မသီဂိ ဒေါ်ခင်လှသိန်းတို့က ပုတီး ၅၆၂ ကုံးကို အဆုံးအမခံယူလာသူများကိုယ်စား ကိုးကန့်တိုင်းရင်းသား ဦးလောင်ဟယ်အား လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ထမံသိမျိုးနွယ်စု မော်ကင်းလူသား အသက်(၆၈)နှစ်ပြည့်ပြီးသော ဆရာကြီး ဦးငြိမ်းချမ်းအောင်၏ ထူးခြားစွမ်းအင်မဟာပါဝါအတွင်းအား စွမ်းရည်ပြပွဲဖြင့် ပြသဖျော်ဖြေခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၏

ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းနှင့် ချောင်းကူးတံတားဖွင့်လှစ်

ရေတာရှည် မေ ၁၁

ဒေသတွင်း ခရီးလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် မိုးရာသီကာလရောက်တိုင်း ခက်ခဲစွာသွားလာရသည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့နှင့် အရှေ့ကျေးရွာများသို့ ဆက်သွယ်ထားသည့် လမ်းပိုင်းရှိ ဆွာချောင်းဖြတ် ကွန်ကရစ်တံတားနှင့် ကွန်ကရစ်လမ်းဖွင့်လှစ်ပွဲကို မေ ၇ ရက်က ဆွာမြို့အရှေ့ဘက် ရေနီးကျေးရွာတံတားအောက် သဲသောင်ပြင်၌ ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

အရှည်ပေ ၅၀၀ ကျော်သည့် သံကူကွန်ကရစ်တံတားအား ဆွာမြို့မှ မြို့မိမြို့ဖအလှူရှင်များ၊ ဒေသတစ်ဝန်းရှိ ကျေးရွာပေါင်း ၂၅ ရွာမှ စေတနာရှင်အလှူရှင်များ၊ ဆရာတော် သံဃာတော်များ၏ သဲသောင်ပြင်တရားပွဲမှ ရရှိသည့် လှူဒါန်းငွေများဖြင့် ၂၀၀၅ ခုနှစ်မှစ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မေ ၇ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် သိန်းပေါင်း ၁၇၀၀ ခန့် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆွာမြို့ ထောက်ကြံ့ကွင်းကျေးရွာမှနေ၍ ရေနီးတံတားအထိ လမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်နိုင်ခဲ့ပြီး အဆိုပါ ဆွာချောင်းဖြတ်ကူးတံတားနှင့် ကွန်ကရစ်လမ်းဖွင့်ပွဲ အထိမ်းအမှတ်အနေဖြင့် လှူဒါန်းခဲ့ကြသော ကျေးရွာများမှ ရှင်သာမဏေ ၆၄ ပါးအား သာသနာ့ဘောင်သွတ်သွင်းသော ရှင်ပြုအလှူတော်မင်္ဂလာပွဲနှင့် ပင့်သံဃာ ၁၇၉ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူ၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၅၇၈)

ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲရေးအလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၁

မြန်မာနိုင်ငံနှင့်ကိုလံဘီယာနိုင်ငံတို့ ပူးပေါင်းပြီး "Heritage and Community Methodology for the Management of Cultural Properties in Myanmar" အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားနှင့် Launching of Publication"Heritage and Community" အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်တက်ရောက်ပြီး မြန်မာနိုင်ငံနှင့်ကိုလံဘီယာနိုင်ငံတို့အကြား နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲရေးတွင် စွမ်းရည်မြှင့်တင်နိုင်ရန် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတင်သွင်းရာတွင် ပြုစုရမည့် Nomination Dossier ပြင်ဆင်နိုင်ရေးအတွက် အထောက်အကူပြုရန်တို့ ဖြစ်ပါကြောင်း။

အလုပ်ရုံဆွေးနွေးပွဲသည် ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲရေးကဏ္ဍအတွက် အတွေ့အကြုံများ၊ နည်းလမ်းများမျှဝေခြင်းဖြင့် အကြံဉာဏ်ကောင်းများ တိုးတက်စေရန်အတွက်ဖြစ်ပြီး တက်ရောက်ခဲ့ကြသော ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးလည်း ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းများကို ပိုမိုသိနားလည်စေပြီး ယင်းတို့၏စွမ်းရည်များကို တိုးမြှင့်အသုံးချနိုင်စေမည်ဖြစ်ပါကြောင်း။

ကိုလံဘီယာနိုင်ငံတွင် အသုံးပြုလျက်ရှိသော ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းများအား မျှဝေခြင်း၊ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သော ပြဿနာနှင့်ဘေးအန္တရာယ်များအား အခြေခံ၍ ယဉ်ကျေးမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ ပြုလုပ်ခြင်းနှင့် ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များ စာရင်းမှတ်တမ်းကောက်ယူရေးဆိုင်ရာ နည်းလမ်းများ မျှဝေခြင်းတို့မှာလည်း အလွန်အကျိုးရှိပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှမျှဝေသည့် သတင်းအချက်အလက်များ၊ ဗဟုသုတများနှင့်ဆွေးနွေးချက်များသည် အနာဂတ် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား စီမံခန့်ခွဲရေးဆောင်ရွက်ရာတွင် ထိရောက်အကျိုးရှိမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကိုလံဘီယာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Patti Londono က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် ကိုလံဘီယာနိုင်ငံမှ Mr. Carlos del Cairo Hurtado နှင့် Mr. Martin Andrade Pe'rez တို့က Launching of the Publication Heritage and Community အစီအစဉ်မှ အကျိုးရလဒ်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်မြက်စိုက်ပျိုးရောင်းချသူများ အရောင်းတွင်ကျယ်

ရန်ကုန် ဧပြီ ၁၁

နေအိမ် အလှဆင်ပန်းပင်များအား တစ်စတစ်စ သုံးစွဲမှုများပြားလာသည်နှင့်အမျှ မြက်ခင်းစိုက်ပျိုးရောင်းချသူများလည်း အရောင်းတွင်ကျယ်လာကြောင်း အင်းစိန်မြို့နယ် တညင်းကုန်းရှိ မြက်ပင်စိုက်ပျိုးရောင်းချသူများထံမှ သိရသည်။

တညင်းကုန်းမှတ်တိုင်နှင့် တညင်းကုန်းဘူတာဈေးအကြား ကားလမ်းဝဲ၊ ယာတွင် ဂျပန်မြက်များစိုက်ပျိုးရောင်းချလျက်ရှိရာ ဝယ်လိုအားမြင့်မားပြီး ၁၀ ပေပတ်လည် တစ်ကျင်းလျှင် ငွေကျပ် ၈၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်။

"ရွှေပြည်သာ ဘက်မှာလည်း ကျွန်တော်တို့လို ဂျပန်မြက်စိုက်ရောင်းတဲ့သူတွေရှိတယ်။ မြက်စစိုက်ချိန်ကနေ တစ်လကျော် တစ်လခွဲအတွင်းမှာ ဖော်ရောင်းတယ်။ ဖော်ပြီးတာနဲ့ ဖွဲ့ပြာပြန်ထည့်ပြီး ခပ်ကျဲကျဲပြန်စိုက်ရတယ်။ ရေမပြတ် လောင်းပေးရတယ်။ မြက်ပင်သန်အောင် ပုလဲဓာတ်မြေဩဇာလည်း ကျွေးပေးရတယ်"ဟု ဂျပန်မြက် စိုက်ပျိုးရောင်းချသူ တစ်ဦးက ပြောကြားခဲ့သည်။ **(၅၇၈)**

ဝေါမြို့နယ်၌ ရှေးဟောင်းပစ္စည်းဟုယူဆရသော မြေသားမီးဖုတ်ရုပ်လုံးများတူးဖော်တွေ့ရှိ

ဝေါ ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဝေါမြို့အရှေ့ဘက်ကမ်း ရွှေလက်ခုပ်ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးပညာသီဟနှင့် တပည့်သံဃာတော်များသည် ၎င်းကျောင်းရန်ကုန်-မော်လမြိုင်ကားလမ်းမကြီးသို့ ရဟန်းသံဃာများ ဆွမ်းခံကြွစဉ် လမ်းပန်းအစဉ်ပြေစေရန်အတွက် ဧပြီ ၈ ရက်တွင် မြေသားလမ်းဖောက်လုပ်နေရာမှ မြေကြီးတူးဖော်စဉ် မြေသားမီးဖုတ်ရုပ်လုံးများ တွေ့ရှိခဲ့ရသည်။

ယင်းပစ္စည်းများသည် ရှေးဟောင်းရုပ်တုများဟု ယူဆရသော မြေသားပေါ်တွင်ထုထားသော ခြင်္သေ့ရုပ်ပုံများ၊ အလျားတစ်ပေခွဲ၊ အနံတစ်ပေခွဲ၊ ထုသုံးလက်မခန့်ရှိ ရုပ်လုံးတစ်ခု၊ အလျားတစ်ပေခွဲ၊ အနံတစ်ပေခွဲ၊ ထုထည်သုံးလက်မခန့်ရှိ နွားရုပ်ပုံများပါ မြေသားမီးဖုတ်ရုပ်လုံးတစ်ခု၊ အလျား ၁၀ လက်မ၊ အနံ ၁၀ လက်မ၊ ထုခြောက်လက်မခန့်ရှိ ရုပ်ပုံပီပြင်မှုမရှိတော့သည့် ငှက်ပုံသဏ္ဌာန်ရုပ်လုံး သုံးခု၊ အမျိုးအစားခွဲခြားမရသည့် ရုပ်လုံး သုံးခု၊ ကျိုးပဲ့နေသော ကချေသည်သဏ္ဌာန် လူရုပ်သုံးခုတို့အားတွေ့ရှိရသဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ရာ သက်ဆိုင်ရာမှ သွားရောက်စစ်ဆေးခဲ့ပြီး ရွှေလက်ခုပ်ကျောင်းဆရာတော်က ယခုအချိန်တွင် ထိန်းသိမ်းထားရှိပေးထားကြောင်း သိရသည်။ **(၀၂၇)**

ကျိုင်းတုံသင်္ကြန် စည်ကားစွာကျင်းပမည်

ကျိုင်းတုံ ဧပြီ ၁၁

ကျိုင်းတုံမြို့၏ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်အတွက် ကြိုတင်စီစဉ်ပြင်ဆင်နေကြပြီ ဖြစ်သည်။ ၂၀၁၂ ခုနှစ် သင်္ကြန်ပွဲမှ စတင်၍ ရုံးဌာနများကလည်း မိမိဌာန၏ အစီအစဉ်ဖြင့် တစ်ပိုင်တစ်နိုင် သင်္ကြန်ပွဲကို ပါဝင်ဆင်နွှဲရသဖြင့် လွတ်လပ်ပျော်ရွှင်ရကြောင်း သိရသည်။ ယခုနှစ်သင်္ကြန်အတွက် သီချင်းအကအလှတို့အား ကြိုတင်ဇာတ်တိုက်လေ့ကျင့်လျက်ရှိပြီး ကျိုင်းတုံမြို့နယ် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ကြီးနှင့် ဖျော်ဖြေရေးစင်မြင့်အား နောင်တုံကန်ကြီးနံဘေး နှစ်စဉ်နေရာဟောင်းတွင် တည်ဆောက်နေသည်ကို တွေ့ခဲ့ရသည်။

ကျိုင်းတုံမြို့၏ တိုင်းရင်းသားပေါင်းစုံ၊ ဘာသာပေါင်းစုံတို့၏ အတူယှဉ်တွဲ ပျော်ရွှင်ပွဲကြီးတစ်ခုဖြစ်သော သင်္ကြန်ကာလတွင် ကုသိုလ်ယူပွဲ၊ တရားစခန်းပွဲများလည်း စည်ကားစွာ ကျင်းပလေ့ရှိသည်။ မြန်မာခလေ့ ရိုးရာသင်္ကြန်ပွဲရှိရာ ကျိုင်းတုံမြို့ရှိ နယ်စပ်ဝင်ပေါက်များဖြစ်သည့် မိုင်းလား၊ တာချီလိတ်လမ်းများနှင့် လေယာဉ်လမ်းမှ တစ်ဆင့် နိုင်ငံခြား ခရီးသွားဧည့်သည်များလည်း လာရောက်လည်ပတ်လေ့လာကြကြောင်း သိရသည်။ **(၅၁၃)**

ငါးမဖမ်းရရာသီ ကန့်သတ်ချက်ကြောင့် ဖြစ်နိုင်သော နောက်ဆက်တွဲကိစ္စရပ်များတင်ပြမည်

ရန်ကုန် ဧပြီ ၁၁

ငါးမဖမ်းရ ရာသီကန့်သတ်ချက်ကြောင့် နောက်ဆက်တွဲဖြစ်လာနိုင်သော ကိစ္စရပ်များကို စုစည်းပြီး သက်ဆိုင်ရာမှ ဖြေလျှော့ပေးမှုများ လုပ်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ဦးဆောင်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန်စီစဉ်နေကြောင်း ဧပြီ ၉ ရက်တွင် ပြုလုပ်သည့် သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များပုံမှန်တွေ့ဆုံပွဲ အခမ်းအနားမှ သိရသည်။

ယင်းကိစ္စအတွက် ဧပြီ ၄ ရက်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ပင်လယ်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သော အသင်းအဖွဲ့နှင့် လုပ်ငန်းရှင်များ၊ ဆက်စပ်လုပ်ငန်းအစုအဖွဲ့မှ ပုဂ္ဂိုလ်များ ဆွေးနွေးကြကာ မြန်မာ့ပင်လယ်ပြင်တွင် ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရဇရိယာ သတ်မှတ်ခြင်းနှင့် ပတ်သက်ပြီး တွေ့ကြုံနိုင်သော အခက်အခဲများကိုလည်းကောင်း၊ ဒုတိယအကြိမ်ဆွေးနွေးမှုအဖြစ် လွန်ခဲ့သော တနင်္ဂနွေနေ့ နံနက်တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းကျွန်းတွင် လုပ်ကိုင်နေသော ငါးမွေးမြူရေးသမားများ၊ လုပ်ငန်းရှင်များနှင့်လည်း ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလို ငါးမဖမ်းရ ရာသီကန့်သတ်ချက်ကြောင့် အခက်အခဲဖြစ်နိုင်တာတွေကို ဆွေးနွေးကြတာဖြစ်ပါတယ်။ အဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်တိုင် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြဖို့ရှိတယ်၊ ဖြေလျှော့ပေးနိုင်ဖို့ တင်ပြဖို့ကိုစီစဉ်နေတယ်၊ တင်ပြတဲ့အသေးစိတ်အချက်အလက်တွေကို နောက်ပိုင်းမှာ သတင်းမီဒီယာတွေကို အသိပေးမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ဧပြီ ၉ ရက်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ **ထက်ခိုင် (စမ်းချောင်း)**

မင်္ဂလာဆုတောင်း

ချစ်တဲ့ အစ်ကိုကြီး ဗိုလ်ကြီးစိုးရွှေ(ငြိမ်း)နှင့် ချစ်တဲ့အစ်မကြီး ဒေါ်သန်းသန်းနုတို့၏ ၁၂-၄-၂၀၁၃ ရက်တွင် ကျရောက်သော (၂၈)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် ပုလဲရတု၊ ပတ္တမြားရတု၊ ရွှေရတု၊ စိန်ရတုများတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သောညီ/ညီမငယ် - ဦးဝင်းသိန်း-မမိုးမိုးထွေး
ချစ်တူမလေး- ဖူးပွင့်သီရိသွယ်





မော်တော်ယာဉ်ပျောက်ဆုံးခြင်း

ကျွန်တော် ဦးရာမေ(စ်)ကူမာ(အမည်ပြောင်းဆဲ)ပိုင်ဆိုင်သော မော်တော်ယာဉ်အမှတ်(သ/၉၄၈၁) Toyota Corolla EE 96 Van အဖြူရောင်မော်တော် ယာဉ်သည် ၆-၄-၂၀၁၃ ရက် ၁၉း၃၀ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူရထားရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် ဘူတာကြီးဝန်ထမ်းလိုင်းထောင့်တွင် ရပ်ထားရာမှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဦးရာမေ(စ်)ကူမာ[၇/ဖမန(နိုင်)၀၉၂၃၆၀]
အမှတ်(၇၄)၊ (၆)လွှာ၊ (၃၁)လမ်း(အောက်)၊ (၉)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်။
Ph:095104378

မြန်မာနိုင်ငံဆရာဝန်အသင်းပိုင်မြေနေရာ

အကျိုးရှိစွာ အသုံးချရေးနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စ

(က) အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ အလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းဒေသကြီးများသို့ ကွင်းဆင်း၍ ရှင်းလင်းတင်ပြဆန္ဒခံယူခြင်းကို ပြုလုပ်လျက်ရှိပါသည်။

(ခ) ထို့အပြင် အများဆန္ဒသဘောထားနှင့်အညီ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အထွေထွေ အစည်းအဝေးကြီးကို မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗဟိုဦးစီးကော်မတီဝင်များ၊ တစ်နိုင်ငံလုံးရှိ အသင်းခွဲကိုယ်စားပြု ဆရာဝန်များ၊ ဘာသာရပ်ဆိုင်ရာနှင့် အခြားလုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

(ဂ) ထိုအစည်းအဝေးကြီးတွင် အပြန်အလှန် ဆွေးနွေး၊ တိုင်ပင်၊ ညှိနှိုင်း၊ ဆုံးဖြတ်ကြမည်ဖြစ်ပါသည်။

(ဃ) ကိုယ်စားလှယ်အမည်စာရင်းကို ၂၀၁၃ ခုနှစ် မေလ ၁၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)သို့ အရောက်ပေးပို့ရမည်ဖြစ်ပါသည်။

(င) ထိုအစည်းအဝေးကြီးသို့ မိမိကိုယ်စားပြုအဖွဲ့၏ သဘောထားကို ရယူခဲ့ရပါမည်။

(စ) ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသော လုပ်ပိုင်ခွင့်များအရ အများဆန္ဒသဘောထားနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

မူးယစ်ဆိုက ဆန့်ကျင်ကြ

ကျေးဇူးဆပ်ပါမည်

(၇ခ/၁၅၀၁)ယာဉ်မှတ်ပုံတင်စာအုပ်နှင့်အတူ အရေးကြီးစာရွက်စာတမ်းများ ကို ဧပြီ ၈ ရက်တွင် တက္ကစီပေါ်၌ မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်တစ်ခုသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၅၁၉၈၀၄၉၊ ၀၉-၄၂၀၆၈၆၂၆၊ ၀၉-၄၅၀၀၃၈၃၃၃၊ ၀၅၃-၅၈၀၀၇

အတားအဆီး အပိတ်အဆို့များကိုဖယ်ရှားပြီး လွယ်ကူညင်သာ ချောမွေ့သောခံစားမှုဆီသို့ ?

ပျောက်ဆုံး

ကျွန်တော် သန်းထွန်းဦး၏ ပတ်စပို့စာအုပ် M-844116 ပျောက်ဆုံးသွားပါသဖြင့် တွေ့ ရှိပါက အကြောင်းကြားပေးပါရန်။ **Ph:095363459**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအေးမင်းစိုး [၇/ပတန(နိုင်) ၀၇၃၉၃၁]၏ နိုင်ငံကူးလက်မှတ် အမှတ်- ၆၇၄၁၆၄ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၅၇၀၂၇၅**

UNICEF အဖွဲ့နှင့်အတူ မဒါဂါစကာနိုင်ငံသို့ သွားရောက်လေ့လာခဲ့တဲ့ တေးသံရှင် ကေတီပယ်ရီ

လက်ရှိတွင် အနုပညာလုပ်ငန်းများဖြင့် အလုပ်ရှုပ်နေသူ တေးသံရှင် ကေတီပယ်ရီက UNICEF အဖွဲ့နှင့်အတူ မဒါဂါစကာနိုင်ငံသို့ တစ်ပတ်ကြာ သွားရောက်လည်ပတ်ခဲ့ပြီး ကစားကွင်းများထဲအတွင်း ကလေးငယ်များအား ဖျော်ဖြေမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

ကေတီသည် အဆိုပါနိုင်ငံသို့ ကလေးများ၏ အသိပညာစွမ်းရည်မြှင့်တင်ရေးစီမံကိန်းအတွက် UNICEF အဖွဲ့နှင့်အတူ သွားရောက်ခဲ့ခြင်းဖြစ်ပြီး ယင်းခရီးစဉ်မှ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်သော မဒါဂါစကာနိုင်ငံရှိ ကလေးငယ်များ၏ ဘဝအခြေအနေမှန်များနှင့် လိုအပ်ချက်များကို သိရှိလာခဲ့ရကြောင်း ကေတီက ဆိုသည်။

"မဒါဂါစကာနိုင်ငံကို ရက်သတ္တတစ်ပတ်ခန့်သွားရောက်ခဲ့ရာမှာ အဲဒီနိုင်ငံရဲ့ လူနေထူထပ်တဲ့မြို့တွေရော၊ ဝေးလံတဲ့ကျေးရွာတွေအထိ ကျွန်မသွားရောက်ခဲ့ပါတယ်။ အဲဒီမှာရှိတဲ့ အညစ်အကြေးနဲ့ အမှိုက်စွန့်ပစ်မှုစနစ်တွေ၊ ရေဆိုးသန့်စင်မှုနည်းစနစ်တွေ၊ ကလေးသူငယ်များအား မတရားညှဉ်းပန်းနှိပ်စက်မှုနဲ့ အဓမ္မပြုကျင့်မှု အကာအကွယ်ပေးရေးဆိုင်ရာတွေကို လေ့လာခဲ့ရပါတယ်၊ အဲဒါတွေအတွက် လိုအပ်တာတွေကိုလည်း UNICEF က အကူအညီပေးသွားဖို့ပြင်ဆင်နေပါတယ်"ဟု တေးသံရှင်ကေတီပယ်ရီက သူမ၏ ခရီးစဉ်နှင့် စပ်လျဉ်းပြီး ရှင်းပြခဲ့သည်။

ဆက်လက်ပြီး ယခုကဲ့သို့ မတူညီသောဘဝများကို ပိုင်ဆိုင်ထားကြသည့် ကလေးငယ်များ၏ လက်တွေ့ဘဝထဲသို့ ကွင်းဆင်းကြည့်ရှုလေ့လာခွင့်ပေးသည့်အတွက် UNICEF ကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ယင်းအဖွဲ့ကြီးက ကလေးငယ်များ၏ လိုအပ်ချက်များကို ထောက်ပံ့ပေးနေသည်ကို သူမကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ မြင်တွေ့ခဲ့ပါကြောင်း ကေတီပယ်ရီက ပြောကြားခဲ့သည်။

ယခုလက်ရှိတွင် တေးသံရှင် ကေတီပယ်ရီသည် သူမ၏ အယ်လ်ဘမ်အသစ်ထွက်ရှိနိုင်ရေးအတွက် မအားလပ်သည့်ကြားကပင် ယင်းကဲ့သို့သော ပရဟိတလုပ်ငန်းများကို လုပ်ကိုင်နေခြင်းဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် ➤ စုစည်းသည်

အမျိုးသမီးကင်ဆာရောဂါသည်များအတွက် ရန်ပုံငွေပွဲတော်တွင် အမ်မာစတုန်းနှင့် အိုလီဗာဝိုင်းလ်တို့ စီစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်မည်

ဟောလိဝုဒ်ကြယ်ပွင့် အမ်မာစတုန်းနှင့် အိုလီဗာဝိုင်းလ်**(အပေါ်ပုံ)**တို့က မေ ၄ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပမည့် (၁၆) ကြိမ်မြောက် Revlon Run/Walk for Women အခမ်းအနားတွင် အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသည် အမေရိကန်နိုင်ငံ၏ Revlon အလှကုန်ပစ္စည်းကုမ္ပဏီနှင့် Entertainment Industry Foundation (EIF) တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ရန်ပုံငွေရှာဖွေပွဲအခမ်းအနားတစ်ရပ်ဖြစ်ပြီး ယင်းအခမ်းအနားတွင် ကင်ဆာရောဂါ ခံစားနေရသည့် အမျိုးသမီးများက ငါးကီလိုမီတာအကွာအဝေးကို လမ်းလျှောက်ခြင်း၊ ပြေးခြင်းများပြုလုပ်ကြသည်။ ထိုပွဲသို့ စေတနာရှင်များ၊ ကုမ္ပဏီများမှ လာရောက်လှူဒါန်းသည့် ရရှိငွေများကို ၎င်းကင်ဆာရောဂါသည် အမျိုးသမီးများအတွက် ပြန်လည်လှူဒါန်းသည့်ရန်ပုံငွေပွဲတစ်ပွဲ ဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားကို ၁၉၉၄ ခုနှစ်မှစတင်ကာ ယခုနှစ်တိုင် ကျင်းပလျက်ရှိပြီး ကင်ဆာရောဂါသည် တစ်သန်းခန့် ပါဝင်ယှဉ်ပြိုင်ကြပြီး စုစုပေါင်း အလှူငွေ ၆၈ သန်းကျော်ကို အမျိုးသမီးကင်ဆာသုတေသနဌာနသို့ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

တာမွေစည်ပင်၌ One Stop Service ဖြင့် ဆောင်ရွက်

ရန်ကုန် ဧပြီ ၁၁

တာမွေမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် ဧပြီ ၁ ရက် မှစ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် စည်ပင်သာယာနှင့်ပတ်သက်သည့် လုပ်ငန်းများအား သက်တမ်းတိုးဆောင်ရွက်ရာတွင် ခေတ်စနစ်နှင့်အညီ ပွင့်လင်းမြင်သာရှိလာသောကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် OneStop Service ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများမှာ စားသောက်ဆိုင်လုပ်ငန်း ဘေးအန္တရာယ်လုပ်ငန်း၊ တည်းခိုခန်း၊ ဘော်ဒါဆောင်နှင့် Super Market(ခေါ်) ကိုယ်ပိုင်ဈေးလုပ်ငန်းများအား တစ်နှစ်တစ်ခါ သက်တမ်းတိုးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ ယခင်ကလုပ်ငန်းဆောင်ရွက်ရာတွင် ကြန့်ကြာမှုများရှိခဲ့သော်လည်း ယခုအခါမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးဦးအောင်ကျော်စိုးနှင့် လက်ထောက်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ခံဝန်ထမ်းများက ရပ်ကွက်အလိုက် ခွဲဝေတာဝန်ယူကာ စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တာမွေမြို့နယ် တောင်မြင်းပြိုင်ကွင်းလမ်း အမှတ် (၄၁)၌ ဖွင့်လှစ်ရောင်းချသည့် ထူးယဉ်ကြေးအိုးဆီချက်ဆိုင်ပိုင်ရှင် ဦးကြည်စိုးမှ ပြောကြားရာတွင် "ကျွန်တော်နောက်တစ်ရက် နှစ်ရက်လောက်ဆိုရင် နိုင်ငံခြားသွားဖို့ ရှိတယ်။ ဒါကြောင့် စားသောက်ဆိုင်လိုင်စင် သက်တမ်းတိုးလာရောက်ဆောင်ရွက်တာ မိနစ် ၂၀ ခန့်အတွင်း ပြီးစီးသွားလို့ အင်မတန်အံ့ဩမိပါတယ်။ ကျွန်တော့်စိတ်ထင် နှစ်ရက်၊ သုံးရက်ကြာပြီးမှ လုပ်ငန်းလိုင်စင်ရရှိမယ်လို့ ထင်ထားတာ၊ အခုလို အချိန်အနည်းငယ်အတွင်း ဆောင်ရွက်ပြီးစီးသွားလို့ အင်မတန်ဝမ်းသာမိပါတယ်၊ လုပ်ငန်းဆောင်ရွက်ပေးသူ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်" ဟု ပြောကြားသွားခဲ့သည်။ **(၅၉၇)**

ကုန်တင်ယာဉ်ကြီးများ မြို့တွင်းအရှိန်လျှော့မောင်းကြစေလို

ရေတာရှည် ဧပြီ ၁၁

သစ်လုံးတင်ယာဉ်ကြီးများ၊ အခြားသော ကုန်တင်ထွေလာယာဉ်ကြီးများမှာ ညပိုင်းအချိန်တွင် နယ်မြို့များကို ဖြတ်သန်းမောင်းနှင်သည့်အခါ အရှိန်များလွန်း၍ ယာဉ်မတော်တဆမှုများ ဖြစ်ပွားမည်ကို စိုးရိမ်နေကြရကြောင်း သိရသည်။

နေ့အပူချိန် မြင့်တက်မှုကြောင့် တစ်နေ့တာရပ်နားနေကြသော ယာဉ်ကြီးများမှာ ညနေစောင်းနှင့် ညပိုင်းအချိန်များတွင် သွားလိုသည့် ခရီးကို အားထား မောင်းနှင်ရခြင်းများကြောင့် အသွားအလာ ရှုပ်ထွေးလှသော မြို့တွင်းလမ်းများ၌ အလွန်ပင် အန္တရာယ်များလှသည်ဟု ရေတာရှည်မြို့ခံများက ပြောပြသည်။ ကားလမ်းဘေးရှိ လက်ဖက်ရည်ဆိုင်များပင် လျှင် ယာဉ်ကြီးများ မောင်းနှင်သွားသည့်အခါ အရှိန်ကြောင့် ဖုန်လုံးများ အလိပ်လိုက်ဝင်လာသည်နှင့် ကြုံကြရသည်ကို တွေ့ရသည်။

ဧပြီလဆန်းမှစ၍ နယ်ဒေသများတွင် နေ့အပူချိန်သိသိသာသာ မြင့်တက်လျက်ရှိရာ ခရီးဝေးသွား ကုန်တင်ယာဉ်ကြီးများမှာ ညအချိန်ကို အဓိကအားထား သွားလာလျက်ရှိပြီး ရပ်နားထားသည့် အချိန်ကာမိစေရန် မောင်းနှင်လျက်ရှိ၍ ယာဉ်မတော်တဆမှုများ ဖြစ်ပွားခြင်းမရှိစေရေးအတွက် တာဝန်ရှိသူများမှ လိုအပ်သော အရေးယူမှုများ ပြုလုပ်သင့်ကြောင်း မြို့ခံများက ပြောပြသည်။ **(၅၇၈)**

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့

လူမှုဖူလုံရေးအဖွဲ့ လက်အောက်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း-၆၇၀၀၀-၁၀၀၀-၇၂၀၀၀)၊ ယာဉ်မောင်း(လစာနှုန်း ၆၁၀၀၀-၁၀၀၀-၆၆၀၀၀)၊ ရုံးအကူ၊ ရုံးစောင့်၊ သန့်ရှင်းရေး (လစာနှုန်း ၅၅၀၀၀-၁၀၀၀-၆၀၀၀၀)ဝန်ထမ်းများ ဖြည့်စွက်ခန့်ထားနိုင်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ လက်အောက်ရှိ ရုံးချုပ်၊ ရုံးခွဲ၊ ဆေးရုံ၊ ဆေးခန်းများတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး (လစာနှုန်း-၆၇၀၀၀-၁၀၀၀-၇၂၀၀၀)၊ ယာဉ်မောင်း(လစာနှုန်း ၆၁၀၀၀-၁၀၀၀-၆၆၀၀၀)၊ ရုံးအကူ၊ ရုံးစောင့်၊ သန့်ရှင်းရေး(လစာနှုန်း ၅၅၀၀၀-၁၀၀၀-၆၀၀၀၀)ရာထူးနေရာများ ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် ဖော်ပြပါ လစ်လပ်နေသောမြို့များရှိ ရာထူးနေရာများအလိုက်၊ အောက်ပါသတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

လစ်လပ်နေသော ရာထူးနေရာ ရုံးများစာရင်း

(က) လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၊ နေပြည်တော်
(ခ) လူမှုဖူလုံရေးအဖွဲ့ ပြည်နယ်/တိုင်းဒေသကြီးရုံးများ
(ဂ) အလုပ်သမားဆေးရုံကြီးများ(ရန်ကုန်၊ မန္တလေး၊ ထန်းတပင်တီဘီရောဂါကုဆေးရုံ)
(ဃ) ရုံးခွဲများ(၇၇)ရုံး
(င) ဆေးခန်းများ(၉၂)ခန်း

အငယ်တန်းစာရေး ရာထူးအတွက် အရည်အချင်းသတ်မှတ်ချက်

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) B.E(Civil), B.E(Machenical), B.E(Electrical), B.C.Sc, B.Econ, B.Com, LL.B ,B.A(Eng) ဘွဲ့ရရှိပြီးသူ(သို့)ဘွဲ့တစ်ခုခုရရှိပြီး၊ အင်္ဂလိပ်စာအရေးအပြောတတ်ကျွမ်းသူ(သို့)ကွန်ပျူတာ ကျွမ်းကျင်သူများဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့် ၂၉-၄-၂၀၁၃ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်သူဖြစ်ရမည်။

ယာဉ်မောင်း ရာထူးအတွက် အရည်အချင်းသတ်မှတ်ချက်

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
(ဂ) (ခ)အဆင့် ယာဉ်မောင်းလိုင်စင်ရရှိပြီး၊ ယာဉ်မောင်းလုပ်သက် အနည်းဆုံး(၅)နှစ်ရှိ၍ ဝန်ထမ်းကြို/ပို့ယာဉ်များအား ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။
(ဃ) လျှောက်လွှာပိတ်သည့် ၂၉-၄-၂၀၁၃ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်သူဖြစ်ရမည်။

ရုံးအကူ၊ ရုံးစောင့်၊ သန့်ရှင်းရေး ရာထူးအတွက် အရည်အချင်း သတ်မှတ်ချက်

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) အခြေခံပညာ အလယ်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့် ၂၉-၄-၂၀၁၃ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်သူဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များပါဝင်ရမည်။

(က) အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ဂ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)
(ဃ) လူမျိုး/ကိုးကွယ်သည့်ဘာသာ
(င) ဖခင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(စ) ရရှိသည့်ဘွဲ့၊ခုနှစ်၊တက္ကသိုလ်
(ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်(ရက်စွဲနှင့်မြို့နယ်)
(ဇ) အမြဲတမ်းနေရပ်လိပ်စာ
(ဈ) လက်ရှိနေရပ်လိပ်စာ
(ည) ဆက်သွယ်ရန်ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ လိုအပ်သည့် အောက်ပါအချက်အလက်များ ပြည့်စုံစွာ ပူးတွဲပေးပို့ရမည်။

(က) ဘွဲ့လက်မှတ်မိတ္တူ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) အငယ်တန်းစာရေးရာထူးအတွက် တာဝန်ကျရာမည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်ပါကြောင်း ဝန်ခံကတိပြုချက်၊
(ဃ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ရဲစခန်းတို့မှ ထောက်ခံချက်မူရင်း၊
(င) ကျန်းမာကြောင်း ဒေသန္တရ ဆေးစစ်ချက်ပုံစံမူရင်း
(စ) လွန်ခဲ့သည့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ် ဓာတ်ပုံ(၄)ပုံ၊
(ဆ) အလုပ်သမားမှတ်ပုံတင်မူရင်း၊
(ဇ) ဖော်ပြပါရာထူးများတွင် ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အားအနည်းဆုံး(၂)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့်တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက အငယ်တန်းစာရေးရာထူးနေရာအတွက် လျော်ကြေးငွေ ကျပ်(၁)သိန်းတိတိနှင့် ယာဉ်မောင်း၊ရုံးအကူ၊ရုံးစောင့်၊သန့်ရှင်းရေးရာထူးနေရာအတွက် ငွေကျပ် (၅) သောင်း တိတိတို့ကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊

၄။ လျှောက်လွှာများကို ၂၉-၄-၂၀၁၃ရက်နေ့(၁၅း၀၀)နာရီ နောက်ဆုံးထား၍ညွှန်ကြားရေးမှူးချုပ် လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်ရုံးအမှတ်(၅၁) နေပြည်တော်သို့လိပ်မူ၍ ပေးပို့ပြီးသက်ဆိုင်ရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊မြို့နယ်အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများတွင် စာရင်းပေးသွင်း၍ လျှောက်ထားနိုင်ပါသည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ၊ မပြည့်စုံသူများ၊ သတ်မှတ်ရက်ထက်နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများ ကို(လုံး၀)လုံး၀ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အငယ်တန်းစာရေး ရာထူးခန့်ထားရန်အတွက် ရေးဖြေစာမေးပွဲကို ၁၁-၅-၂၀၁၃ ရက်နှင့် ၁၂-၅-၂၀၁၃ ရက်နေ့တို့တွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

(က) ရေးဖြေစာမေးပွဲပြုလုပ်မည့်နေရာ - လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၊နေပြည်တော် (သို့) ရန်ကုန်မြို့(သို့) မန္တလေးမြို့၊
(ခ) ဖြေဆိုရမည့်ဘာသာရပ်- အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊အထွေထွေဗဟုသုတ ဘာသာရပ်များ၊

၇။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၊ စီမံရေးရာဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးနှင့် မန္တလေးတိုင်းဒေသကြီးရုံးတို့တွင် ၉-၅-၂၀၁၃ ရက်နှင့် ၁၀-၅-၂၀၁၃ ရက်နေ့တို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ထုတ်ယူရန်ဖြစ်ပါသည်။

၈။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေ စစ်ဆေးမည်ဖြစ်ပါသည်။

၉။ လူတွေ့နှုတ်ဖြေစာမေးပွဲ ကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

၁၀။ယဉ်မောင်း၊ ရုံးအကူ၊ ရုံးစောင့်၊ သန့်ရှင်းရေးရာထူးနေရာများ ခန့်ထားရန်အတွက် လူမှုဖူလုံရေးအဖွဲ့ ရုံးချုပ်၊ ပြည်နယ်/တိုင်းဒေသကြီးရုံးနှင့်ရုံးခွဲများတွင် လူတွေ့နှုတ်ဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက လူမှုဖူလုံရေးအဖွဲ့ ရုံးအမှတ်-၅၁၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၀၉၈၊ ၀၆၇-၄၃၀၀၉၉၊ ၀၆၇-၄၃၀၁၀၀သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ဖြစ်စေ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင်ဖြစ်စေ သက်ဆိုင်ရာ မြို့များရှိ လူမှုဖူလုံရေးအဖွဲ့ပြည်နယ်/တိုင်းဒေသကြီးရုံးများ၊ မြို့နယ်ရုံးခွဲ/ဆေးခန်းများတွင်ဖြစ်စေ စုံစမ်းနိုင်ပါသည်။

ပရီမီယာလိဂ်ရင်ခုန်သံ – ၃၃

အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲက ပြိုင်ပွဲပြီးဆုံးဖို့နီးကပ်လာတာနဲ့အမျှ ပိုမိုအကြိတ်အနယ်ရှိလာပါတယ်။ အထူးသဖြင့် တန်းဆင်းဇုန်တိုက်ပွဲက ပြိုင်ဆိုင်မှုပြင်းထန်လွန်းနေပြီး အမှတ်ပေးဇယားအောက်ဆုံးက ရီးဒင်းကစလို့ အောက်ပိုင်း ၁၀ သင်းစလုံးဟာ တန်းဆင်းရဖို့ အကြိတ်အနယ်အားပြိုင်နေကြရသလို ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ ယူရိုပါလိဂ်ဝင်ခွင့်တွေဟာလည်း အဖြေမထွက်ပေါ်သေးတာကြောင့် စိတ်ဝင်စားဖို့ အထူးကောင်းမွန်နေပါတယ်။ ဒါကြောင့် မေ ၁၃၊ ၁၄ ရက်များမှာ ယှဉ်ပြိုင်ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ် ၃၃ အနက်က မေ ၁၃ ရက်ပွဲတွေကို ပရိသတ်လေ့လာနိုင်ဖို့ တင်ပြပေးလိုက်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်တွေ အထဲမှာတော့ အက်ဖ်အေဖလား ဆီမီးပွဲစဉ်တွေကစားရဖို့ရှိတဲ့ မန်စီးတီး၊ ချယ်လ်ဆီး၊ ဝီဂန်တို့ရဲ့ ပွဲတွေကို ထည့်သွင်းကျင်းပမှာမဟုတ်ဘဲ ခုနစ်ပွဲတည်းသာ ကျင်းပသွားမှာဖြစ်ပါတယ်။

အာဆင်နယ်-နော့ဝှစ်ချ် **ည ၈း၃၀နာရီ (၁၃-၄-၂၀၁၃)**

ပထမအကျော့ရလဒ် *နော့ဝှစ်ချ် ၁-၀ အာဆင်နယ်*

ပထမအကျော့တုန်းက အာဆင်နယ်ဟာ နော့ဝှစ်ချ်ကို မထင်မှတ်ဘဲရှုံးနိမ့်ခဲ့ရဖူးပါတယ်။ လက်ရှိအချိန်မှာတော့ အာဆင်နယ်ရဲ့ကစားပုံဟာ တည်ငြိမ်မှုရှိနေပါတယ်။ အထူးသဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် ကြိုးစားရုန်းကန်နေရတဲ့အချိန်ဖြစ်လို့ အာဆင်နယ်တို့ အိမ်ကွင်းမှာ အမှားအယွင်းအဖြစ်ခံမှာမဟုတ်ပါဘူး။ နော့ဝှစ်ချ်က တန်းမဆင်းရဖို့ရုန်းကန်နေရပေမယ့်လည်း လက်ရှိခြေက တည်ငြိမ်မှုမရှိဘူး။ အထူးသဖြင့် ခံစစ်ပိုင်းက စိတ်မချရသလို အဝေးကွင်းပွဲတွေမှာလည်း ပိုမိုအားပျော့တတ်ပါတယ်။

ဗီလာ-ဖူလ်ဟမ် **ည ၈း၃၀နာရီ (၁၃-၄-၂၀၁၃)**

ပထမအကျော့ရလဒ် *ဖူလ်ဟမ် ၁-၀ ဗီလာ*

တန်းမဆင်းရဖို့ရုန်းနေတဲ့ ဗီလာရဲ့ခြေက တည်ငြိမ်မှုအပြည့်ရှိပါတယ်။ အထူးသဖြင့် ဘန်တီကီခြေစွမ်းပြနေကာ အဘွန်လဟောနဲ့ တွဲဖက်မိနေတာကြောင့် တိုက်စစ်ပိုင်းက ထက်မြက်မှုအပြည့်ရှိပြီး အဆုံးသတ်ပိုင်းလည်း အားကောင်းမှုအပြည့်ရှိပါတယ်။ ဒီ့အပြင် ဗီလာဟာ အိမ်ကွင်းပွဲတွေမှာ ခြေပိုမိုကောင်းမွန်မှုရှိပါတယ်။ ဒါပေမယ့် ဖူလ်ဟမ်ရဲ့ အသင်းလိုက်ကစားပုံကလည်း ကောင်းမွန်မှုရှိတာကြောင့် ဗီလာတို့ လွယ်လွယ်နဲ့ အနိုင်မရနိုင်ပါဘူး။

အဲဗာတန်-ကျူပီအာ **ည ၈း၃၀နာရီ (၁၃-၄-၂၀၁၃)**

ပထမအကျော့ရလဒ် *ကျူပီအာ ၁-၁ အဲဗာတန်*

ထင်မှတ်မထားဘဲ ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပါတယ်။ အထူးသဖြင့် ကျူပီအာ တန်းမဆင်းရဖို့အတွက် ရုန်းကန်နေရလို့ အဲဗာတန်ကအမှတ်ခွဲယူနိုင်ရေး အားစိုက်ကစားလာမှာပါ။ ကျူပီအာရဲ့ အသင်းလိုက်ကစားပုံကလည်း အားကောင်းမှုရှိပြီး တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေထက်မြက်မှုရှိပါတယ်။ ဒါပေမယ့် ကျူပီအာဟာ ခံစစ်ပိုင်းကတော့ အနည်းငယ်အားပျော့မှုရှိနေပါတယ်။ အဲဗာတန်ကတော့ အခုနောက်ပိုင်း ခြေတည်ငြိမ်မှုရှိသလို ဥရောပဝင်ခွင့်ရရှိရေး အိမ်ကွင်းမှာအားစိုက်ကစားလာမှာပါ။ နှစ်သင်းစလုံး ရည်မှန်းချက်အတွက် ကြိုးစားရုန်းကန်လာမှာဖြစ်ပြီး အပြန်အလှန် ဖိအားပေးမယ့်ပွဲဖြစ်လာဖို့ရှိပါတယ်။

ရီးဒင်း-လီဗာပူး **ည ၈း၃၀နာရီ (၁၃-၄-၂၀၁၃)**

ပထမအကျော့ရလဒ် *လီဗာပူး ၁-၀ ရီးဒင်း*

ရီးဒင်းကတန်းမဆင်းရဖို့အတွက် အထူးအားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့ လီဗာပူးဆီက အမှတ်ခွဲယူနိုင်အောင် ကြိုးစားလာမှာပါ။ ဒါပေမယ့် ရီးဒင်းက ကစားပုံအားပျော့နေပါတယ်။ အထူးသဖြင့် နောက်ဆုံးသုံးပွဲမှာ တစ်ဂိုးသာသွင်းနိုင်ခဲ့တဲ့ တိုက်စစ်က အားပျော့လွန်းနေပါတယ်။ လီဗာပူးကတော့ ဥရောပဝင်ခွင့်ရရှိဖို့ တိုက်စစ်ဖွင့်ကစားလာမှာဖြစ်ပြီး အသင်းလိုက်ကစားပုံလည်း တည်ငြိမ်မှုရှိပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် လီဗာပူးကိုပဲနှစ်သက်တယ်။

ဆောက်သမ်တန်-ဝက်စ်ဟမ်း **ည ၈း၃၀နာရီ(၁၃-၄-၂၀၁၃)**

ပထမအကျော့ရလဒ် ဝက်စ်ဟမ်း ၄-၁ ဆောက်သမ်တန်

ပထမအကျော့တုန်းက ဆောက်သမ်တန်ဟာ ဝက်စ်ဟမ်းရဲ့အိမ်ကွင်းမှာ လေးဂိုး-တစ်ဂိုးနဲ့ ဂိုးပြတ် ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါပေမယ့် လက်ရှိဆောက်သမ်တန်ရဲ့ ခြေစွမ်းက တည်ငြိမ်မှုအပြည့်ရှိပြီး လီဗာပူး၊ ချယ်လ်ဆီးတို့လို အသင်းကြီးတွေအပါအဝင် နောက်ဆုံးသုံးပွဲဆက်တိုက် အနိုင်ရရှိခဲ့ပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေထက်မြက်သလို အိမ်ကွင်းအားနဲ့ တန်းမဆင်းရဖို့ ဖိအားပေးလာမှာပါ။ ဝက်စ်ဟမ်းကစားပုံ မဆိုးဘူးဆိုပေမယ့် အဝေးကွင်းမှာ တိုက်စစ်က ဂိုးရဖို့ ရုန်းကန်ရလေ့ရှိပါတယ်။ အိမ်ရှင်ဆောက်သမ်တန်ကိုပဲ နှစ်သက်ပါတယ်။

ဆက်လက်ဖော်ပြပါမည်

ရှိုင်းမင်းမင်း

အက်ဖ်အေဖလားရင်ခုန်သံ

၂၀၁၂-၂၀၁၃ ဘောလုံးရာသီ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ဆီမီးဖိုင်နယ်ပွဲစဉ်တွေကို လာမယ့်မေ ၁၃၊ ၁၄ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ အဆိုပါပွဲစဉ်တွေအထဲမှာ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့လို အသင်းကြီးနှစ်သင်းဆုံတွေ့တဲ့ပွဲပါဝင်နေတဲ့အတွက် ပရိသတ်လေ့လာနိုင်ဖို့သုံးသပ်တင်ပြလိုက်ရပါတယ်။

မီဝေါလ် - ဝီဂန်

ည ၁၀း၄၅ နာရီ(၁၃-၄-၂၀၁၃) ဝင်ဘာလေကွင်း

နောက်ဆုံးတွေ့ဆုံမှု *ဝီဂန် ၂-၀ မီဝေါလ်*

အသင်းငယ်နှစ်သင်း ဆုံတွေ့တဲ့ပွဲဖြစ်ပေမယ့်လည်း အကြိတ်အနယ်ရှိမှာပါ။ အထူးသဖြင့် ဒီနှစ်သင်းစလုံးဟာ ဒီအက်ဖ်အေဖလားကို ကလပ်အသင်း သမိုင်းကြောင်း တစ်လျှောက် တစ်ကြိမ်တစ်ခါမျှ ရယူနိုင်ခြင်းမရှိခဲ့ပါဘူး။ မီဝေါလ်က ၂၀၀၄ ခုနှစ် အက်ဖ်အေဖလားပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပေမယ့် ဒုတိယနဲ့သာ ကျေနပ်ခဲ့ရသလို ဝီဂန်ဆိုရင် အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ဆီမီးအဆင့်ကိုတောင် ကလပ်သမိုင်းကြောင်းတစ်လျှောက် အခုမှပထမဆုံးအကြိမ် တက်ရောက်လာနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်သင်းစလုံးဟာ ကလပ်သမိုင်းကြောင်းမှာ မှတ်တမ်းသစ်ရေးထိုးနိုင်ရေး ဗိုလ်လုပွဲကို တက်ရောက်နိုင်ဖို့ ခြေကုန်ထုတ်ကစားလာကြမှာပါ။ ဒီနှစ်သင်းကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဝီဂန်က အသင်းလိုက်ကစားပုံရော ကစားသမားစုဖွဲ့မှုမှာပါ အားသာမှုအပြည့်ရှိပါတယ်။ ဝီဂန်ဟာ ဒီပြိုင်ပွဲမှာ ခြေစွမ်းပြနေတဲ့ အသင်းကောင်းတစ်သင်းလည်းဖြစ်ပြီး ကွာတားဖိုင်နယ်မှာ အဲဗာတန်လိုအသင်းကောင်းတစ်သင်းကိုတောင် ဂိုးပြတ်အနိုင်ရခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် မီဝေါလ်ကလည်းခြေစွမ်းပိုင်းမဆိုးပါဘူး။ ဗီလာ၊ ဘလက်ဘန်းတို့လို အသင်းကောင်းတွေကိုတောင် ကျော်ဖြတ်ပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းလာနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် မီဝေါလ်ဟာ ၂၀၀၄ ခုနှစ်က အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ဗိုလ်လုပွဲကိုတက်လှမ်းနိုင်ခဲ့ရာမှာ ဆီမီးဖိုင်နယ်အဆင့်မှာ ပရီမီယာလိဂ်အသင်းဖြစ်တဲ့ ဆန်းဒါးလန်းကို အနိုင်ရခဲ့ဖူးတဲ့ အစဉ်အလာကောင်းလည်း ရှိပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဝီဂန်နိုင်ရင်တောင် ပြတ်သားဖို့ ခက်ပါတယ်။

ချယ်လ်ဆီး - မန်စီးတီး

ည ၉း၃၀နာရီ(၁၄-၄-၂၀၁၃) ဝင်ဘာလေကွင်း

နောက်ဆုံးတွေ့ဆုံမှု *မန်စီးတီး ၂-၀ ချယ်လ်ဆီး*

အသင်းကြီးနှစ်သင်းဆုံတွေ့မှုဖြစ်တာကြောင့် အကြိတ်အနယ်ရှိမှာသေချာနေပါတယ်။ အထူးသဖြင့် ဒီနှစ်သင်းဟာ ဒီရာသီမှာ ဖိအားတွေအောက် ရောက်ရှိနေကြရပါတယ်။ မန်စီးတီးဆိုရင် ဆုဖလားမျှော်လင့်နိုင်တဲ့ပြိုင်ပွဲအဖြစ် ဒီပြိုင်ပွဲတစ်ရပ်သာရှိသလို ချယ်လ်ဆီးအနေနဲ့လည်း ယူရိုပါလိဂ်ဆုဖလားကို မျှော်လင့်နိုင်တယ်ဆိုပေမယ့် ယူရိုပါလိဂ်ကရယူနိုင်ဖို့ ဒီပြိုင်ပွဲလောက်လွယ်ကူမှုမရှိပါဘူး။ အထူးသဖြင့် မန်စီးတီးနဲ့ ချယ်လ်ဆီးအနက် ဘယ်အသင်းပဲ ဗိုလ်လုပွဲရောက်ရောက် တစ်ဖက်ဆီမီးဖိုင်နယ်က တက်လာနိုင်တဲ့ မီဝေါလ်ကိုရော ဝီဂန်ကိုပါ အနိုင်ရနိုင်ရေးအခွင့်သာနေတာကြောင့် ဒီနှစ်သင်းစလုံးဟာ ဒီဆီမီးအဆင့်ကို ဗိုလ်လုပွဲတစ်ပွဲသဖွယ် သဘောထားပြီး ယှဉ်ပြိုင်လာမှာဖြစ်တဲ့အတွက် ဒီပွဲက ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ ဒီရာသီမှာ ဒီနှစ်သင်းဟာ သုံးကြိမ်တိုင်ဆုံတွေ့ခဲ့ဖူးပြီး အဆိုပါသုံးကြိမ်မှာ ချယ်လ်ဆီးဟာ အိမ်ကွင်းမှာကစားခဲ့ရတဲ့ ပရီမီယာလိဂ်တစ်ပွဲတည်းသာ သရေရရှိခဲ့ပြီး ကျန်မန်စီးတီးကွင်းမှာ ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲနဲ့ ဝင်ဘာလေကွင်းမှာပဲ ကစားရတဲ့ ကွန်မြူနတီဒိုင်းလုပွဲတွေမှာ မန်စီးတီးကသာ အနိုင်ရရှိခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်ဆုံတွေ့မှုမှာ မန်စီးတီးက အသာရထားသလို လက်ရှိအချိန်မှာလည်း မန်စီးတီးရဲ့ တိုက်စစ်ပိုင်းဟာ ချယ်လ်ဆီးရဲ့တိုက်စစ်ပိုင်းထက် ဂိုးသွင်းခြေ ပိုမိုတည်ငြိမ်ပါတယ်။ ချယ်လ်ဆီးကတော့ ဂိုးရဖို့အတွက် ကွင်းလယ်ကစားသမားတွေအပေါ်မှာ အများဆုံးအားပြုနေရပြီး ကွင်းလယ်ပိုင်းကောင်းမွန်တဲ့အသင်းတွေနဲ့ တွေ့တဲ့အခါ ဂိုးရဖို့ရုန်းကန်ရလေ့ရှိပြီး မန်စီးတီးဟာလည်း ကွင်းလယ်ပိုင်းကောင်းမွန်တဲ့ အသင်းပါ။ ဒါပေမယ့် ချယ်လ်ဆီးကလည်း ဒီပြိုင်ပွဲကို အလေးထားယှဉ်ပြိုင်နေသလို ကွာတားအဆင့်မှာ မန်ယူလိုအသင်းကောင်းကိုတောင် ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဘင်နီတက်ဇ်ဟာ ရှုံး/ထွက်ပြိုင်ပွဲတွေမှာ ဗျူဟာပိုင်းကောင်းမွန်တတ်တဲ့ မန်နေဂျာတစ်ဦးလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ မန်စီးတီးတို့လွယ်လွယ် အနိုင်မရနိုင်ဘဲ ချယ်လ်ဆီးနဲ့ အရဲစွန့်ချင်မိပါတယ်။

မတ်လအတွင်း မီးလောင်မှု ၃၂၄ ကြိမ်ဖြစ်ပွား

ရန်ကုန် ဧပြီ ၁၁

၂၀၁၃ ခုနှစ် မတ်လအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှု ၃၂၄ ကြိမ် ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုများတွင် မီးဖိုမီး/ပေါ့ဆမီး ၁၇၉ ကြိမ်၊ လျှပ်စစ်မီး ၃၅ ကြိမ်၊ မသမာသူ ရှို့မီး ၄၇ ကြိမ်၊ အလိုအလျောက်မီး ငါးကြိမ်၊ မိုးကြိုးပစ် တစ်ကြိမ်၊ တောမီး ၅၇ ကြိမ်ပါဝင်ပြီး အိမ်ခြေအဆောက်အအုံ ၁၆၇၄ လုံး၊ ဂိုဒေါင် ၁၇ လုံး၊ စက်ရုံ/အလုပ်ရုံ နှစ်လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၆၄၇၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူခုနစ်ဦးသေ၊ ၁၀ ဦးဒဏ်ရာရပြီး တိရစ္ဆာန် ၄၀၁ ကောင် သေဆုံး၍ ငွေကျပ် ၁၅၀၇ ဒသမ ၄၆ သန်း ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသမီးတစ်ဦး ရေတွင်းထဲကျသေဆုံး

ပဲခူး ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဟံသာဝတီရပ်ကွက် (၃)လမ်းရှိ ဓမ္မမာမကဓမ္မာရုံရေတွင်းတွင် ဟံသာဝတီ(၂)လမ်းနေ ဒေါ်ဝေညွန့်အသက်(၅၀)နှစ်(စိတ်မနှံ့သူ)သည် ယမန်နေ့ ညနေ ၃ နာရီခွဲခန့်တွင် ရေတွင်းထဲကျ၍ သေဆုံးနေသည်ကို သက်ဆိုင်ရာရဲစခန်းသို့ အကြောင်းကြားရာ အမှတ်(၁)ရဲစခန်းမှ ဒုတိယရဲအုပ်နှင့်အတူ မြို့နယ်မီးသတ်ဦးစီးဌာနမှ ကယ်ဆယ်ရေးအဖွဲ့များက ရေတွင်းထဲသို့ဆင်း၍ ၎င်းအမျိုးသမီး အလောင်းအား ဆယ်ယူခဲ့သည်။ ထို့နောက် ပဲခူးဆေးရုံကြီးသို့ တင်ပို့ပြီး ၎င်းအား အမှတ်(၁)ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မင်းသစ္စာ(ပဲခူး)**

ပဲခူး၌ သုံးဘီးဆိုင်ကယ် ချောက်ထဲထိုးကျ

ပဲခူး ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ဧပြီ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ရွှေတောင်ရိုး ဘုရားကုန်းအဆင်း လမ်းဘေးချောက်ထဲသို့ ယာဉ်မောင်းမင်းသူနိုင် မဟာကြီး(ခ)နေသူ မောင်းနှင်သောသုံးဘီးဆိုင်ကယ် ဟ/--- အပြာရောင် အမှတ် ၅ လိုင်း သုံးဘီးဆိုင်ကယ်သည် လမ်းဘေးချောက်ထဲသို့ ထိုးကျသွားရာ ခရီးသည် ၁၀ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားသဖြင့် အမှတ်(၁)ရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ရှင်းသန့်(ပဲခူး)**

ရွှေပေါက်ကံမြို့သစ်၌ လုယက်မှု ဖြစ်ပွား

ရန်ကုန် ဧပြီ ၁၁

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံရဲစခန်းအပိုင်၌ လူငယ်တစ်ဦးဈေးဝယ်ပြီး နေအိမ်သို့ပြန်လာစဉ် အမည်မသိ လူငယ်သုံးဦးမှ ရန်စပြီး ဝိုင်းဝန်းထိုးကြိတ်ကာ ငွေလုယက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၇ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် ကိုသိန်းသန်းစိုး(၂၇)နှစ်သည် ရွှေပေါက်ကံမြို့သစ် ပုဂံလမ်းဈေးဆိုင်မှဈေးဝယ်ပြီး နေအိမ်သို့ ပြန်လာစဉ် (၁၅)ရပ်ကွက် အောင်ရာဇာလမ်းအရောက်တွင် မျက်နှာချင်းဆိုင်မှလာသော အမည်မသိ လူငယ်သုံးဦးက ၎င်းအား ခြေထောက်ထိုးခံ၍ ရန်စ စကားများကြပြီး အဆိုပါလူငယ်သုံးဦးမှ လက်သီးနှင့်ထိုးကာ ခြေထောက်ဖြင့် ကန်ကျောက်ခဲ့သဖြင့် ဝဲတံတောင်ပွန်းပဲ့ဒဏ်ရာ၊ နှာခေါင်းသွေးထွက်ဒဏ်ရာများရရှိပြီး မြေကြီးပေါ်လဲကျစဉ် အင်္ကျီ၏ ညာဘက်အိတ်ကပ်အတွင်းမှ ငွေစက္ကူရောရာ နှစ်သောင်းကျပ်အား နှိုက်ယူသွားခဲ့သည်။ ထိုသူများအား စုံစမ်းကြည့်ရာ အောင်မျိုးထက် (၂၂)နှစ် ငုရွှေဝါလမ်း (၁၁/၁)ရပ်ကွက် ရွှေပေါက်ကံမြို့သစ်၊ ပိုင်ပိုင်(ခ)မင်းချစ်ပိုင်(၂၃)နှစ် ထွန်းရွှေဝါလမ်း(၁၁/၁) ရပ်ကွက် ရွှေပေါက်ကံမြို့သစ်နှင့် ညီညီ (ခ)မျိုးညီညီဦး (၁၉)နှစ် မနောသုခလမ်း (၁၁/၁) ရပ်ကွက် ရွှေပေါက်ကံမြို့သစ်နေသူ သုံးဦးတို့ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ကိုသိန်းသန်းစိုးက တရားလိုပြုလုပ်တိုင်တန်းရာ ရွှေပေါက်ကံရဲစခန်းက (ပ)၆၃/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၂ အရ အမှုဖွင့်လှစ်ပေးပြီး ဒုရဲအုပ်ကျော်ဟန်မှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းဝင်း(မြောက်ဥက္ကလာ)

ဆည်မြောင်းပေါင်တွင်ရေချိုးသောကလေးငယ် ခြေချော်ပြီး ရေနစ်သေဆုံး

ပဲခူး ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘောနက်ကြီးရဲစခန်းပိုင်နယ်မြေ ဘောနက်ကြီးဆည်မြောင်းအတွင်း ဧပြီ ၃ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ဘောနက်ကြီးကျေးရွာနေ မတင်ဇာဝင်း (၁၁)နှစ်သည် မယမင်းထက်၊ မထွေးငယ်တို့နှင့်အတူ ဆည်မြောင်းပေါင်အစပ်တွင် ရေခွက်ဖြင့်ရေခပ်ချိုးနေရာမှ မတင်ဇာဝင်းသည် ခြေချော်ကျပြီး ရေနစ်သေဆုံးသွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ဘောနက်ကြီးရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ မတင်ဇာဝင်းသည် ပြင်းထန်ဒဏ်ရာရခြင်းမရှိဘဲ ယာဘက်လက်တွင်မြက်ပင်နှင့် ရွှံ့များဆုပ်ကိုင်လျက် သေဆုံးနေသည်ကိုစစ်ဆေးတွေ့ရှိရသဖြင့် ဘောနက်ကြီးအမြန်လမ်းရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ်(၁/၂၀၁၃)ဖြင့် အမှုဖွင့်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၂၇)**

အလုံရဲစခန်းရှေ့၌ ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ဒုတပ်ကြပ် ခင်မောင်ဝင်းသည် ဧပြီ ၉ ရက်က နေမကောင်းသဖြင့် ဆေးခန်းသွားရန် ဆိုက်ကားစီးလာစဉ် အလုံရဲစခန်းရှေ့အရောက်တွင် အောက်ကြည့်မြင်တိုင်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော ဦးမောင်မောင်(၆၀)နှစ် ရေဝတီလမ်း အလုံမြို့နယ် နေသူ မောင်းနှင်သည့် ၈/--- မာစတာဂျစ် အစိမ်းရောင်ယာဉ်က နောက်မှ ဝင်တိုက်မိသည်။ ဒုတပ်ကြပ်ခင်မောင်ဝင်းမှာ နဖူး၊ ငယ်ထိပ်၊ ဦးခေါင်းကွဲဒဏ်ရာ၊ နောက်စေ့ကွဲဒဏ်ရာရရှိ (မစိုးရိမ်ရ)ပြီး ဆိုက်ကားနင်းသူ ဦးစောဝင်းတွင် ဝဲလက်မောင်းရင်းကျိုး၊ ယာခြေမျက်စိ ဖူးယောင်၊ ယာခြေကျင်းဝတ်ပေါက်ပြဲဒဏ်ရာ ရရှိသဖြင့် ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ကုသပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ဦးမောင်မောင်အား အလုံမြို့နယ် ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

သားအဖြစ်မှ စွန့်လွှတ်ခြင်း

မောင်ကျော်သူထက် ၁၂/စခန(နိုင်) ၀၆၉၉၅၂ သည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိဆန္ဒသဘောအတိုင်း ဆောင်ရွက်သွားပါ၍ ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။

မောင်ကျော်သူထက်နှင့်ပတ်သက်သည့် ကိစ္စမှန်သမျှအားလုံး မိဘများအနေဖြင့် လုံးဝတာဝန်ယူမည် မဟုတ်ပါ။

ဦးဌေးမြင့် + ဒေါ်စောနှင်းဝေ

အထက်မြန်မာပြည်သတင်း

ရေနဲ့မြေကို ရွှေထက်တန်ဖိုးထားသည့် အညာတောင်သူများ

ရေစကြို ဧပြီ ၁၁

အညာဒေသ ရေစကြိုမြို့နယ်က တောင်သူများသည် ရသမျှရေနှင့် ရှိသမျှမြေတွင် ရာသီအလိုက်သီးနှံများကို ကြိုးပမ်းစိုက်ပျိုးလျက်ရှိသည်။

ယခုအခါ ရေစကြိုမြို့အပြင် မြေအုတ်ဖုတ်ရာတွင် အသုံးပြုခဲ့သော မြေစာယူသည့် ကျင်းများ၊ ချိုင့်များသည် မြေသားများ ပြန်၍ပြည့်မလာဘဲ ချိုင့်များအသွင်ဖြစ်တည်နေပါသည်။ အဆိုပါ ချိုင့်များနေရာတွင် ယခုအခါ မြေအောက်ရေကိုရယူ၍ နွေစပါးများ စိုက်ပျိုးထားသည်ကို တွေ့မြင်ခဲ့ရသည်။**(အပေါ်ပုံ)**

ဤသို့ဖြင့် အညာဒေသမှ တောင်သူများသည် ရသမျှရေ၊ ရှိသမျှမြေများတွင် မိမိ မိသားစုဝမ်းစာဖူလုံရေး၊ ဒေသဝမ်းစာဖူလုံရေး၊ နိုင်ငံရိက္ခာ ဖွံ့ဖြိုးတိုးတက်ရေးဟူသော အသိအတွေးဖြင့် ရာသီအလိုက် ကြိုးပမ်းစိုက်ပျိုးကြလျက် ချိုင့်မြေ၊ ကျင်းမြေများကို ချန်လှပ်မထားကြဘဲ စိုက်ပျိုးရေးကို ရွှေထက်တန်ဖိုးထားသော အညာဒေသမှ တောင်သူများကို အထူးပင်လေးစားဂုဏ်ယူမိပါသည်။

(၃၇၄)

ညောင်ဦးမြို့နယ်အတွင်း ခိုင်းနွားများ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွား ကာကွယ်၊ ကုသခြင်းလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်

ညောင်ဦး ဧပြီ ၁၁

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်တောရွာ ဒေသများတွင် တောင်သူများ၏နွားများ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်နေမှုကို ခရိုင်အထူးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ညောင်ဦးခရိုင် တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ကုသရေးဦးစီးဌာနသို့ ညောင်ဦးမြို့နယ် ရွာသာအေးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကြံအောင်၏သတင်းပေးပို့ချက်အရ ညောင်ဦးခရိုင်တိရစ္ဆာန်ကုသရေးနှင့် ကာကွယ်ရေးဆရာဝန် ဒေါက်တာ ဒေါ်ရွှေမိနှင့် လက်ထောက်ဆရာဝန် ဒေါက်တာတင်မောင်လတ်တို့ ခေါင်းဆောင်၍ နွားများ ဝမ်းပျက်ဝမ်းလျှောဖြစ်နေမှုများ ကာကွယ်ခြင်းလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်ပေးခဲ့သည်။ တိရစ္ဆာန်များ၏အညစ်အကြေးစွန့်ရာနေရာများသို့ ဆေးများဖျန်းပေးခြင်း၊ တိရစ္ဆာန်ဝမ်းပျက်ဝမ်းလျှောဖြစ်နေမှုကို ဓာတ်ဆားတိုက်ကျွေးခြင်း၊ ရေမကြာခဏတိုက်ပေးခြင်း၊ နွားများ၏ အနေအထိုင်၊ အစားအစာကျွေးမွေးမှု ပြုပြင်ပြောင်းလဲပေးရန် နည်းစနစ်များကို ကျေးလက်နေပြည်သူများအား ပညာပေးဟောပြောခဲ့သည်။ ယင်းနောက် ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာ၊ ပျော့ပကန်ကျေးရွာများသို့ ဆက်လက်၍ အချိန်နှင့်တစ်ပြေးညီ ကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။**(အောက်ပုံ)**

(ကြေးမုံ)



ပျဉ်းမနားမြို့နယ်၌ ကျောက်ချောကတ္တရာ လမ်းခင်း

နေပြည်တော် ဧပြီ ၁၁

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွာကောက်ကျေးရွာအုပ်စု ပန်းခင်း(၁) ရပ်ကွက်နှင့်(၂)ရပ်ကွက်ကြားရှိ သပြေလမ်းကို နေပြည်တော် စည်ပင်သာယာရေးကော်မတီက မြေကြီးမြေသားလမ်းအား ကျောက်ချောကတ္တရာလမ်းခင်းခြင်း ကျင်းပလျက်ရှိရာ ဧပြီ ၈ ရက်တွင် အကြမ်းထည်ပြီးစီး၍ ကတ္တရာလောင်းကာ ချိပင်ကျောက်အမျိုးအစားများ ဖြန့်ကြက်ခင်းကျင်းနေကြောင်း သိရသည်။

အဆိုပါလမ်းခင်းမှုနှင့်ပတ်သက်၍ ရပ်ကွက်အတွင်း နေထိုင်ကြသည့် မိဘပြည်သူများက သွားလာရေးအဆင်ပြေကောင်းမွန်သဖြင့် ဝမ်းသာပီတိဖြစ်ကြောင်း ပြောကြားလျက်ရှိသည်။

(ကျော်သူရ)

ကျောက်ပန်းတောင်းမြို့ ဈေးပတ်လမ်း စည်းကမ်းမဲ့ယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်

ကျောက်ပန်းတောင်း ဧပြီ ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်သည် နယ်မြေဧရိယာကျယ်ဝန်းပြီး ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ခရီးတို/ခရီးရှည်ပြေးဆွဲကြသည့် လိုက်ထရပ်မော်တော်ယာဉ်များ၊ ထော်လာဂျီယာဉ်များ၊ မော်တော်ဆိုင်ကယ်များ တိုးတက်များပြားလာပေရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများ၊ စည်းကမ်းမဲ့ယာဉ်ရပ်နားမှုများကြောင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်ခြင်းနှင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိနေသော်လည်း သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အရေးယူဆောင်ရွက်မှုအပိုင်းတွင် အားနည်းလျက်ရှိနေသည်ကို တွေ့ရပေသည်။

ယခုအချိန်အခါတွင် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကြီး နီးကပ်လာသည်နှင့်အမျှ အနယ်နယ်အရပ်ရပ်မှ ဈေးရောင်းဈေးဝယ်များဖြင့် ပျားပန်းခပ်မျှရှုပ်ထွေးလာသည့် ကျောက်ပန်းတောင်းမြို့ စည်ပင်သာယာဈေးကြီးပတ်လမ်းတွင် ယာဉ်များစည်းကမ်းမဲ့ရပ်တန့်၍ ကုန်တင်၊ ကုန်ချပြုလုပ်ခြင်း၊ လက်တွန်းလှည်းနှင့် အနေးယာဉ်များ စည်းကမ်းမဲ့ရပ်တန့်ခြင်းနှင့် မော်တော်ဆိုင်ကယ်များ လမ်းပြောင်းပြန်စီးခြင်းများကြောင့် လမ်းပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ ဧပြီ ၉ ရက်က စည်ပင်သာယာဈေးကြီးပတ်လမ်း အရှေ့ထောင့်တွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ **(ဝဲပုံ)**

(၆၂၈)

မြောင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၁ ကျောင်းအား ဝတ်စုံနှင့်ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

မြောင် ဧပြီ ၁၁

ရန်ကုန်မြို့ ရွှေသံလွင်ကုမ္ပဏီလီမိတက်မိသားစုက မြောင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၁ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၃၂၈ ဦးအတွက် ဧပြီ ၇ ရက်က ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်းခဲ့ရာ ကျောင်းသားမိဘများနှင့် ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း သိရသည်။

“စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဘူးကိုင်းစံပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း “ကိုးဆယ်ဆ”ကျောင်းဆောင်သစ်ဖွင့်ပွဲနေ့မှာ ဘူးကိုင်း(အမက)လွန်ကျောင်းအပါအဝင် အနီးအနားရှိ အခြေခံပညာကျောင်းပေါင်း ၁၁ ကျောင်းမှာရှိတဲ့ ကျောင်းသား ကျောင်းသူအားလုံးအတွက် ကျောပိုးအိတ်၊ အင်္ကျီ၊ လုံချည်၊ ဦးထုပ်၊ ဗလာစာအုပ်၊ ကွန်ပါ၊ ဘောပင်၊ ခဲတံ၊ ပေတံ၊ ခဲချွန်စက်များကို ထောက်ပံ့လှူဒါန်းပေးပါတယ်”ဟု ကျောက်ရစ်အနောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးတင်နိုင်ဝင်းက ပြောပြသည်။

မြင့်နိုင်စိုး(ထီးလှိုင်မြေ)

အိတ်ဖွင့်လေလံတင်အရောင်းကြော်ငြာ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် အထူးအဖွဲ့များမှ ကတ္တရာပီပါခွံ (၂၄၂၈၈)လုံးအား ၂၅-၄-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် မကွေးတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံး၌ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ

ဖုန်း-၀၆၃-၂၈၁၈၇၊ ၀၆၃-၂၃၀၁၈၊ ဖက်စ်-၀၆၃-၂၃၄၁၂

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ပန်းရံရွာနေ ဦးကျော်သိန်း-ဒေါ်ဝင်းရီတို့၏သား

ဒေါက်တာ နေအေးချမ်း M.B.,B.S (MDY)

လက်ထောက်ဆရာဝန်၊ ပြည်သူ့ဆေးရုံကြီး(စစ်ကိုင်းမြို့)

နှင့်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ဏ/၃-၆၂၊ ဇွန်လမ်းနေ ဦးခင်မောင်စည် (First Class Engineer)(APL Company Singapore)-ဒေါ်တင်တင်ဝင်းတို့၏တစ်ဦးတည်းသောသမီး

မသူသူထက်(ခ)ဆုမီ

B.Sc(Botany)

တို့သည် ၈-၄-၂၀၁၃ရက်တွင် နှစ်ဖက်သောမိဘ၊ ဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

ဒေါက်တာနေအေးချမ်း-မသူသူထက်(ခ)ဆုမီ

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)

မန္တလေးခရိုင်တရားရုံးတော်၌

၂၀၁၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၉

ကွယ်လွန်သူ ဦးကရိန်၏ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၂လမ်း(၂၇×၂၈)၊ အမှတ်(၅၃-ခ)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကရိန်၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်အမီနာဘီဘီက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ခုနှစ်၊ ဧပြီလ ၂၄ရက် (၁၃၇၅ခုနှစ်၊ တန်ခူးလဆန်း ၁၄ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကရိန်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၃ခုနှစ်၊ဧပြီလ ၂၄ရက်(၁၃၇၅ခုနှစ်၊ တန်ခူးလဆန်း ၁၄ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်အမီနာဘီဘီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၃ခုနှစ်၊ ဧပြီလ ၅ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်ခင်လှ

ခရိုင်တရားသူကြီး

မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေကွက်/ဦးပိုင်အမှတ် (မ/၁၃၉၆)၊ ဧရိယာ (၀. ၁၄၆) ဧကရှိ ဦးသိန်းလွင် အမည်ဖြင့်ပိုင်ဆိုင်သော မြေကွက်အားအမည် ဦးသိန်းလွင်၊ အဖအမည် ဦးရဲဒင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်း၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းမြင့်အောင် [၉/မနတ(နိုင်)၀၉၆၁၅၂]၏ တတိယတန်းရေယာဉ်အုပ်လက်မှတ်(ဆတ-၁၉၃/၆၈) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၇၅၂၉၂**

အမည်ပြောင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ အထက(၅)၊ အဌမတန်း(အေ)မှ ဦးစိုးလှိုင်-ဒေါ်တင်တင်လင်းတို့၏သမီး မလှိုင်ယမင်းသူ [၉/မတရ(နိုင်)၁၇၅၆၆၆] အား ယနေ့မှစ၍ မသီရိလှိုင်သူဟု ပြောင်းလဲခေါ်ပါရန်။

မသီရိလှိုင်သူ

အမွေပြတ်စွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့၊ မြို့ဦးရပ်ကွက်၊ ဂန္ဓမာလမ်း၊ အိမ်အမှတ် (၆/၃၆၄)နေ အဖဦးဝင်းထိန်၏သား မောင်မျိုးမင်းထွန်း [၉/ပမန(နိုင်) ၁၉၀၆၄၆]အား မိဘစကားကိုနားမထောင်ပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပြီး ၎င်းနှင့်သက်ဆိုင်သောကိစ္စများအားလုံး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **အဖ ဦးဝင်းထိန်**

12-4 (15).pmd 1 4/10/2013, 11:40 PM

ယာခင်းထဲအရောက် ခရီးပေါက်နေသည့် ခြွေလှေ့စက်အကြောင်းတစေ့တစောင်း

ရေစကြို မေ ၁၁

မြန်မာ့လယ်ယာလုပ်ငန်းခွင်တွင် ယခင်က ထွက်သမျှသီးနှံများကို နွားများဖြင့်နယ်၍လည်းကောင်း၊ လူလုပ်အားဖြင့်လည်းကောင်း ခြွေ၊ လှေ့၊ ပြာတီးပြီးမှ ဈေးကွက်သို့ရောက်ခဲ့ကြရသည်။ ရိတ်သိမ်းပြီးသော သီးနှံ ဈေးကွက်ရောက်ရန် တစ်ပတ်ဆယ်ရက်မက အချိန်ကြန့်ကြာခဲ့ရသည်။

ယခုအခါ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဒေသခံစက်မှုအတတ်ပညာရှင်များက တီထွင်ပြုလုပ်သော ခြွေလှေ့စက်များ**(ယာပုံ)**ကို အသုံးပြုခြင်းဖြင့် သီးသန့်ပြာတီး လှေ့စရာမလိုတော့ဘဲ ဇလားထဲအသီးအပင်ထည့်လိုက်သည်နှင့် အခြား တစ်ဖက်မှ လှေ့ပြီး၊ ပြာပြီး၊ သန့်စင်ပြီး အစေ့အဆန်များထွက်ကျလာကာ အရိုး၊ အမှော်တို့ကလည်း ခါးနှင့်စဉ်းထားသလို အခြားအပေါက်မှ ထွက်လာသဖြင့် အချိန်တိုတွင်း ခြွေလှေ့ပြီးဖြစ်သွားသည်။ မြန်မာ့လယ်ယာလုပ်ငန်းခွင်တွင် ခြွေလှေ့စက်များ အသုံးဝင်လာသလို တောင်သူများလည်း တစ်နေ့တခြား ပိုမိုအားထားနေကြရသည်ကို ပေါက်တောကျွန်း၌ တွေ့မြင်ခဲ့ရသည်။

ရေစကြိုမြို့နယ် မိဖုရားရွာမှ ခြွေလှေ့စက်ထောင်ထားသူ ကိုသန်းဇော်က "ကျွန်တော် ဒီခြွေလှေ့စက်ဝယ်ထားတာ လေးနှစ်ရှိပါပြီ၊ ကျွန်တော်ဝယ်တုန်း ကတော့ စက်က ရှစ်သိန်း၊ အင်ဂျင်က သုံးသိန်း၊ လှည်းက ငါးသိန်း၊ အခြား ဆက်စပ်ပစ္စည်းနဲ့ဆိုရင် ၁၈ သိန်းလောက်ဖြစ်သွားပါတယ်။ ဒီခြွေလှေ့စက်က မတ်ပဲ၊ ပဲတီစိမ်း၊ ပဲပိစပ်၊ ပဲယဉ်း၊ ဂျုံ၊ စားတော်ပဲ၊ ကုလားပဲစတဲ့ ပဲမာအားလုံး ခြွေလှေ့လို့ရပါတယ်။ အခု ခြွေလှေ့နေတဲ့ ကုလားပဲက အပင်အကိုင်း ခြွေလှေ့ရတဲ့အတွက် တစ်တင်းကျရင် လေးဘူးစက်ခရတယ်၊ တချို့က ကုလားပဲကို ဒလိမ့်ရိုက်ပြီးမှ ခြွေစက်နဲ့ခြွေကြတယ်၊ အဲဒီလို ဒလိမ့်ရိုက်ပြီး ခြွေရရင် တစ်တင်းသုံးဘူးရပါတယ်၊ အခုတော့ လက်ကိုမလည်ရဘူး ကုလားပဲပေါ်ချိန် ဆိုတော့ ဟိုသွား ဒီသွားနဲ့မနားရဘူး၊ ယာခင်းထဲအရောက်သွားရတာပေါ့၊ အခု တစ်လခွဲလောက်လုပ်အားခ ကုလားပဲ တင်း ၆၀ လောက်ရနေပါပြီ၊ ကျွန်တော် တို့ဒေသကတောင်သူတွေလည်း အဆင်ပြေ၊ ကျွန်တော်လည်းအဆင်ပြေ တာပေါ့၊ ကျွန်တော်ကကြိုးစားလုပ်တော့ တစ်နှစ်အတွင်း စက်ဖိုးလည်း ကျေသွားတယ်၊ အင်ဂျင်ကိုတော့ တစ်နှစ် နှစ်ကြိမ်ကိုင်ရတယ်၊ မငှားရဘူး၊ ကျွန်တော်ကိုယ်တိုင်ကိုင်ပါတယ်" ဟု ပေါက်တောကျွန်းတွင် ကိုရှမ်း၏ကုလားပဲ များ ခြွေလှေ့ပေးနေစဉ် ပြောပြခဲ့သည်။

မြန်မာ့လယ်ယာလုပ်ငန်းခွင်တွင် တစ်နှစ်ကို နှစ်သီး၊ သုံးသီး စိုက်ပျိုး ထုတ်လုပ်လျက်ရှိရာ တစ်ရာသီနှင့် တစ်ရာသီ အချိန်မီ ထွန်ယက်၊ စိုက်ပျိုး၊ ခြွေလှေ့ရာတွင် လူလုပ်အားဖြင့် အဆင်မပြေနိုင် စက်အသုံးပြု စိုက်ပျိုးထုတ် လုပ်မှသာ အချိန်ကုန်သက်သာခြင်း၊ လေလွင့်ဆုံးရှုံးမှုနည်းပါးခြင်း၊ စရိတ်စက ကုန်ကျမှုသက်သာခြင်း၊ သီးနှံအထွက်တိုးခြင်း၊ မိမိစိုက်ပျိုးသော သီးနှံကို ဈေးကွက်သို့ အချိန်မီပို့ဆောင်ရောင်းဝယ်နိုင်ခြင်း အကျိုးတို့ကို ရရှိနိုင်သည့် အတွက် တောင်သူများလည်း စက်မှုလယ်ယာသို့ ကူးပြောင်းကြရန်နှင့် နိုင်ငံတော်မှလည်း တောင်သူများ အလွယ်တကူ အလျင်အမြန် စက်မှု လယ်ယာကူးပြောင်းနိုင်ရေး အဘက်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်ပေးသင့်ပါ ကြောင်း ရေးသားလိုက်ရပါသည်။

ဖေထွက်းဇော်(ရေစကြို)

ရာသီပူပြင်း၍ ရှင်မတောင်သနပ်ခါးတန်ဖိုးမြင့်

ရန်ကုန် မေ ၁၁

မတ်လကုန်ပိုင်းမှစ၍ သနပ်ခါး ဈေးကွက်အတွင်း ရှင်မတောင်သနပ်ခါး များမှာ ဈေးနှုန်းမြင့်တက်ကာ ဝယ်လိုအား ကောင်းမွန်လျက် ရှိကြောင်း သနပ်ခါးကုန်သည်များနှင့် စိုက်ပျိုးသူများထံမှ သိရသည်။ ဈေး ကွက်အတွင်း ဝယ်လိုအားများ၍ ဈေးနှုန်းမြင့်တက်လာရခြင်းမှာ ခုတ် ထွင်ပြီးသော သနပ်ခါးအစိုများအား မှိုမတက်စေရန်အတွက် သုံးစွဲသူ များမှာ ပူပြင်းသော နွေရာသီတွင် ဝယ်ယူသိုလှောင်မှုများပြားလာခြင်း၊ ရာသီဥတု အပူချိန်မြင့်တက်လျက် ရှိသောကြောင့် သနပ်ခါးဝယ်ယူ သုံးစွဲသူ များပြားနေခြင်းကြောင့် ဖြစ်ကြောင်း သနပ်ခါးကုန်သည်များ ထံမှ သိရသည်။**(အောက်ပုံ)**

နွေရာသီတွင် သနပ်ခါးအတုံးများ ကို တစ်နှစ်စာဝယ်ယူ စုဆောင်းသူ များပြားကြောင်း၊ အချို့မှာ ကြိတ် ပြီးသား အနှစ်များကိုလည်း ဝယ်ယူ ကြောင်းနှင့် နွေရာသီအတွက် သနပ်ခါး အမြစ်တုံးများကိုလည်း ဝယ်ယူလေ့ရှိ ကြောင်း သုံးစွဲသူများထံမှ သိရသည်။ မြန်မာ့သနပ်ခါးမှာ မြန်မာ့ရာသီ ဥတုနှင့် အကိုက်ညီဆုံးဖြစ်သော ကြောင့် မိန်းကလေး လူကြီး လူငယ် ကလေးအများစု သုံးစွဲကြကြောင်း သိရသည်။ (စိုး၀င်း-MLA)

သန်လျင်ဈေးအရှေ့လမ်းမကြီး ယာဉ်ကြောထူထပ်

သန်လျင် မေ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့မဈေးကြီးအရှေ့ဘက်ရှိ လမ်းမကြီး မှာ ဆိုင်ကယ်များ၊ မော်တော်ယာဉ် များ၊ လမ်းလျှောက်သူများဖြင့် နေ့စဉ် ရှုပ်ထွေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းမကြီးမှာ ပေ ၂၀ ခန့်ရှည်ပြီး ဈေးဘက်ခြမ်းနှင့် အခြား ဘက်ခြမ်းတို့တွင် ကယ်ရီဆိုင်ကယ် များအချိန်ပြည့် ရပ်နားထားခြင်း၊ အခြားဘက်ခြမ်းတွင်လည်း မော် တော်ယာဉ်များ ရပ်နားထားခြင်းတို့ ကြောင့် သွားလာရေးအခက်အခဲ ဖြစ်ရကြောင်း၊ ခရီးသည်တင် မော် တော်ယာဉ်များ တစ်လမ်းမောင်းကို ပြောင်းပြန်မောင်းသူများ၊ လမ်း လျှောက်သူများဖြင့် မကြာခဏယာဉ် တိုက်မှုများဖြစ်ပေါ်တတ်သဖြင့် တာ ဝန်ရှိသူများအနေဖြင့် စည်းကမ်း ပိုင်းအရ ထိန်းသိမ်းပေးဖို့လိုကြောင်း ဒေသခံများ၏အဆိုအရ သိရသည်။

တင်မောင်ဌွေ (သန်လျင်)

၁၉၇၃/၇၄-၁၉၇၄/၇၅ မြောင်းမြဆရာအတတ်သင် ကျောင်းဆင်းများပဥ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲ

ကျင်းပမည့်ရက် - ၁-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့)
အချိန် - နံနက်(၈)နာရီမှ(၁၁)နာရီ
နေရာ - ဂေါပကရုံးခန်းမဆောင် ကမ္ဘာအေးစေတီတော်
ဆက်သွယ်ရန် - ဦးစိုးသိန်း-၀၉-၇၃၂၄၄၂၅၀
ဦးလှဌွေး-၀၉-၄၂၁၁၃၈၈၁၆၊
ဦးလွင်ပင်-၀၉-၇၃၀၁၀၃၈၉

E.F.R Seconda Casa Beach Resort & Restaurant

ငွေဆောင်ကမ်းခြေ ရဲ့အလှအပကိုခံစားရင်း ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေနဲ့အတူ သင့်အားစောင့်ကြိုနေမယ့် E.F.R

Hot Line: (Yangon) 01-381010, 381066, 09-420286301
(Ngwe Saung) 042-40282, 40398, 09-49322843

အမည်ပြောင်း

လှိုင်သာယာမြို့နယ်၊ အမက(၁၉) မူလွန် စတုတ္ထတန်း A နေ ဦးကျော်မင်း၏ သမီး မကြည်ဖြူကျော်အား မအိမ့်ကြယ်စင်ဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၊ ၃၂လမ်း အိမ်ရာရှိ တိုက်အမှတ် (၁၃၈) အခန်း အမှတ် (၃၀၂)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်မြင့် N/RGN ၀၀၃၉၉၀ ထံမှ စာချုပ် စာတမ်းဖြင့်ဝယ်ယူထားသူ ဦးအောင်ကျော်ဦး [၁၂/ရပသ(နိုင်) ၀၃၆၅၀၉]က ပိုင်ရှင်အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(စက်မှုကွက်သစ်)ဦးပိုင်အမှတ် (စမ-၁၆)မြေကွက်အကျယ်အဝန်း ပေ(၈၀×၁၀၀) (၀. ၁၈၃)ဧကရှိမြေကွက်အား ယခင်မြေပေး မိန့်အရ ဦးကျော်မြင့်(ဝမ်းတွင်းမြို့နယ်နေသူ)မှ ပိုင်ဆိုင်ခဲ့ပြီး ဦးမြင့်မောင်(လွှတ်လပ်ရေး မော်ကွန်းဝင်ပထမအဆင့်) နိုင်ငံသားစိစစ်ရေး ကတ်အမှတ်(MMO-263419)၊ စစ်မှုထမ်း (ငြိမ်း) အားအဆင့်ဆင့်ပြန်လည်ရောင်းချခဲ့၍ လက်ရှိတွင် ဦးမြင့်မောင်မှ ဝမ်းတွင်းမြို့နယ် မှတ်ပုံတင်စာချုပ်စာတမ်းရုံးတွင် တရားဝင် အရောင်းအဝယ်စာချုပ်ပြုလုပ်မည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ သတင်းစာတွင်ပါသည့်နေ့ မှ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင် ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

ဦးမြင့်မောင်
(လွှတ်လပ်ရေးမော်ကွန်းဝင်ပထမအဆင့်)
ဝမ်းတွင်းမြို့၊ ဖုန်း-၀၉-၄၂၁၁၄၃၆၈၃

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၃၆)၊ စတုတ္ထထပ် (၅-လွှာ) တိုက်ခန်းတစ်ခန်းကို မူလပိုင်ရှင်ထံမှ (၁) ဦးဇော်အောင်ခမ်း [၁၃/ကခန(နိုင်) ၀၂၂၂၃၄]၊ (၂) ဒေါ်ဂျာလတ်[၁/မကန(နိုင်) ၀၀၅၈၅၅]တို့က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဇော်အောင်ခမ်း ကွယ်လွန်သွားသည့် အတွက် တရားဝင်ဇနီးဖြစ်သူ ဒေါ်ဂျာလတ်တစ်ဦးတည်းက တရားဝင်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကြေညာ၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် လက်ခံ သဘောတူသည့်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားစာရွက် စာတမ်းများ နှင့်တကွ ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးပြတ်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးကျူးခေါင် (LL.B.,D.B.L.,D.M.L) **ဦးရဲသီဟ(LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၂၈၀) **အထက်တန်းရှေ့နေ(စဉ်-၃၁၅၉၇)**
အမှတ်(၁၀/၁၂)၊ ပထမထပ်၊ အခန်း-၁၀၄(အီး)၊ ၃၅-လမ်းတို(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၉၆၉၀၃၊ ၀၉၄၂၀၁၆၀၇၀၂

ဂုဏ်ရည်ဆေးတိုက်မှ ၅၂(၂) သာယာကုန်းလမ်း၊နံ့သာကုန်း ရပ်ကွက်၊ အင်းစိန်တွင် ဆေးများကို ကုသရရှိနိုင်ပါသည်။

ဂရင်ဂျီနာ ၊ အတွင်းပြင်လိပ်ခေါင်း ၊ သွေးချိုဆီးချို ၊ ကျောက်ကပ် ၊ ဆီးကျိတ်ရောဂါ ၊ လေးဖက်နာ ၊ အဆစ်ရောင်ရောဂါ ၊ အဆီကျ ၊ ထိပ်ကပ်နာရောဂါ ၊ သွေးတိုးကျ ၊ အဖြူဆင်းပျောက်ဆေး၊ အဆုတ် ချောင်းဆိုး၊ ရင်ကျပ်၊ အသည်းရောဂါအမျိုးမျိုး၊ အပူအကျိတ်ရောဂါ၊ ဝဲနှင်းခူဆေးများကိုကုသ၍ အမြို့မြို့ဆေးဆိုင်တိုင်းတွင်ရရှိနိုင်ပါသည်။

အချိန် – နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်)။ ဖုန်း – ၆၄၁၅၀၁။

ကျွန်တော်တို့အားလုံး သစ်ပင်ဘာကြောင့်စိုက်သင့်သလဲ

ကျော်ဇင်လင်း

အညာဒေသမဆိုထားနှင့် ရန်ကုန်ပင်လျှင် အလွန်ပူပြင်းနေပေပြီ။ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် မီဒီယာများမှလည်း လူတို့ကိုဒုက္ခပေးနိုင်သော ခရမ်းလွန်ရောင်ခြည်အဆင့်သတ်မှတ်ချက် ၁၂ ၊ ၁၃သို့ရောက်နေကြောင်း၊ အပြင်ထွက်လျှင် မိမိအသားကိုနေရောင်ခြည်နှင့် မထိတွေ့ရန် အကာအကွယ်များပြုလုပ်သင့်ကြောင်း၊ နေကာမျက်မှန်များ တပ်ဆင်သင့်ကြောင်းတို့ကို အကြိမ်ကြိမ်သတိပေးနေသည်များကို ကြားသိနေရပါသည်။

ထို့ကြောင့် နေကာမျက်မှန်တပ်လေ့တပ်ထ မရှိသော ကျွန်တော်သည်ပင် စာသင်ရန်ကျောင်းသို့ နေ့ခင်းဘက်သွားသောအခါ တမင်အကျင့်လုပ်၍ နေကာမျက်မှန်တပ်သွားလေ့ရှိပါသည်။

တစ်နေ့စာသင်ခန်းအတွင်းသို့ နေကာမျက်မှန်မချွတ်ဘဲ ဝင်သွားမိပါသည်။ တပည့်များက'မင်္ဂလာပါဆရာ' ဟု တရိုတသေနှုတ်ဆက်သော်လည်း သူတို့၏မျက်နှာများသည် ပြုံးစိပြုံးစိဖြစ်နေသည်ကို သတိထားမိတော့မှ မိမိနေကာမျက်မှန်ကြီးမချွတ်မိသည်ကို သိလိုက်ပါတော့သည်။

'ဩော် . . . တပည့်တို့က ငါတို့ဆရာကြီး အသက်ကြီးမှ လှချင်လာတယ်လို့ ထင်နေကြတာကိုး၊ လှချင်လို့နေကာမျက်မှန်တပ်တာ မဟုတ်ပါဘူးကွယ်၊ သားတို့သမီးတို့သိကြတဲ့အတိုင်း ခရမ်းလွန်ရောင်ခြည်လှိုင်းတွေကလည်းမြင့်လာ၊ ဂေဟစနစ်ကြီးကလည်း ယိုယွင်းလာနေပြီကိုး'။ အလွန်သိချင်တတ်ချင်သော တပည့်မ 'သီရိမေ'က 'ဂေဟစနစ်ဆိုတာဘာလဲဆရာ' ဟု စမေးပါတော့သည်။

တပည့်တို့ကိုဆရာပုံတွေနဲ့ သေသေချာချာ ရှင်းပြပါ့မယ်။

ဂေဟစနစ်ဆိုတာအပင်တွေ၊ သတ္တဝါတွေနဲ့ သူတို့ရဲ့ ရုပ်ပိုင်း၊ အသက်ဇီဝပိုင်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်တို့ ဆက်နွှယ်မှုပဲဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်တွေကတော့ အလင်းရောင်၊ အပူ၊ ရေခိုးရေငွေ့၊လေ၊အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မြေဆီလွှာအာဟာရ၊ ရေနှင့်ကမ္ဘာ့လေထုတို့ပဲဖြစ်ပါတယ်။

အသက်ဇီဝပိုင်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်တွေကတော့ အခြားအပင်များနဲ့ တိရစ္ဆာန်များအပါအဝင်မျိုးတူများရဲ့မျိုးရိုးဇီဝဖွဲ့စည်းမှုတို့ ပါဝင်ပါတယ်။

ပုံ(၁) ကို ကြည့်ပါ။

ဂေဟစနစ်မှာ သက်ရှိ/သက်မဲ့အားလုံးဟာ အချိုးညီညီပေါင်းစပ်ထားတာကြောင့် တစ်ခုခုပျက်ရင် ဂေဟစနစ်ယိုယွင်းပျက်စီးတော့တာပါပဲ။

ကျော်မျိုးထွေးက 'ဂေဟစနစ်ဘာကြောင့် ပျက်တာပါလဲဆရာ'ဟုမေးပြန်သည်။

ဆရာ 'အက်စစ်မိုး'အကြောင်းအရင်ရှင်းပြမယ်။

ရုပ်ကြွင်းလောင်စာလို့ခေါ်တဲ့ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ လောင်စာဆီနဲ့ အခြားဟာတွေလောင်ကျွမ်းခြင်းကြောင့် ဆာလဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ်တို့ထွက်လာပြီးရေနဲ့လေထဲမှာရှိတဲ့ဓာတုပစ္စည်းများနဲ့ဓာတ်ပြုပြီး ဆာလဖျူရစ်အက်စစ်၊နိုက်ထရစ် အက်စစ်နဲ့အခြားလေထုညစ်ညမ်းတဲ့ဓာတ်ငွေ့တွေထွက်လာတာပေါ့၊ အဲဒါတွေဟာ လေထုအမြင့်ပိုင်းကို ရောက်သွားပြီးတစ်ဖန်မြေပြင်ပေါ်ကို အက်စစ်မိုး၊နှင်း၊ မြူနဲ့မမြင်နိုင်တဲ့ အခြားခြောက်သွေ့ပုံစံများအဖြစ် ပြန်ကျလာတာပေါ့။

'အက်စစ်မိုးကသမီးတို့ကမ္ဘာကို ဘာဖြစ်စေနိုင်ပါသလဲ . . . ဆရာ'ဟု သိမ့်သိမ့်ကလည်း မေးပြန်ပါသည်။

အက်စစ်မိုးက မြေဆီမြေနှစ်တွေကို ပျက်စီးစေတယ်။ အပင်များကြီးထွားမှုကိုနှောင့်နှေးစေတယ်။ ရေထဲမှာရှိတဲ့ငါးနဲ့ အခြားသတ္တဝါတွေရဲ့ ရှင်သန်မှုကို ထိခိုက် စေတယ်။ အက်စစ်နဲ့ အခြားဓာတုပစ္စည်းများဟာ မီးခိုးမြူများ(smog) ကိုဖြစ်ပေါ်စေတယ်။ အဲဒီမီးခိုးမြူများဟာ တို့ရင်ဘတ်ထဲကအဆုတ်ကို ထိခိုက်စေပြီး ဖျားနာမှုနဲ့ အရွယ်မတိုင်ခင်သေဆုံးမှုတို့ကိုဖြစ်စေတယ်။

ပုံ(၂)ကိုကြည့်ပါ။

'သားတို့ကြားကြားနေတဲ့ အိုဇုန်းဆိုတာဘာကိုခေါ်တာလဲခင်ဗျာ'ဟု မောင်ကျော်နိုင်ကမေးပါသည်။

အိုဇုန်းဟာ ဂရိလို 'အနံ့ထွက်သည်' လို့အဓိပ္ပာယ်ထွက်ပြီးအပြာရောင်ဖျော့ဖျော့၊ အနံ့ပြင်းပြင်း၊ အလွန်အဆိပ်ပြင်းတဲ့ဓာတ်ငွေ့ဖြစ်ပြီး မြေပြင်မှာဆို ညစ်ညမ်းမှု တစ်ခုသာ ဖြစ်ပါတယ်။ဒါပေမဲ့ အထက်လေထုထဲမှာရှိတဲ့ အိုဇုန်းလွှာကတော့ နေကလာတဲ့ ဒုက္ခပေးတဲ့ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးပါတယ်။

သူကဆက်၍ 'အိုဇုန်းကိုဘာနဲ့ဖွဲ့ထားတာပါလည်း ဆရာ'ဟုဆက်မေးသည်။

အိုဇုန်းဆိုတာ အောက်ဆီဂျင်အက်တမ်သုံးလုံးနဲ့ ဖွဲ့စည်းထားတဲ့မော်လီကျူးတစ်ခုပါ။

ပုံ(၃)မှာ ကြည့်ပါ။

'အိုဇုန်းလွှာဘယ်မှာရှိလဲဆိုတာ သမီးတို့ကိုရှင်းပြပေးပါဦး'ဟု ဟေသီကထမေးပြန်သည်။

အိုဇုန်းလွှာဟာ ကမ္ဘာ့မြေမျက်နှာပြင်အထက်၁၂ မိုင်မှ မိုင်၃၀အတွင်းရှိပါတယ်။

ပုံ(၄)မှာ ကြည့်ပါ။

တစ်ချိန်လုံး မေးလေးလက်ထောက်ကာ စိတ်ဝင်တစားနားထောင်နေသော 'ယမင်းထွန်း' ကစမေးပါတော့သည်။ 'အိုဇုန်းလွှာဘာကြောင့်ပေါက်ရတာပါလဲဆရာ။'

အထက်လေထုထဲမှာရှိတဲ့ အိုဇုန်းလွှာကတော့ နေကလာတဲ့ လူတွေကိုဒုက္ခပေးတဲ့ ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်ပေးတယ်ဆိုတာ သားတို့သမီးတို့သိခဲ့ပြီးပါပြီ။ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ ပျော်ရည်သန့်စင်မှုနဲ့ မှုတ်ဆေးတို့မှာသုံးတဲ့ ကလိုရိုဖလူရိုကာဗွန် chlorofluorocarbons(CFCs)လို့ခေါ်တဲ့ ဓာတုပစ္စည်းဟာအိုဇုန်းလွှာကိုဖျက်ဆီးပါတယ်။ ကလိုရို ဖလူရိုကာဗွန်မှ ကလိုရင်းဓာတ်ငွေ့ကို လေထုထဲ ထုတ်လွှတ်ပြီး အဲဒီ ကလိုရင်းက အိုဇုန်းလွှာကိုဖျက်ဆီးပါတယ်။ ကလိုရင်းအက်တမ်တစ်လုံးက အိုဇုန်းမော်လီကျူး တစ်သိန်းကို ဖျက်ဆီးပစ်နိုင်တယ်။ လူဆိုး (CFCs) ကအသက်(၁၂၀)ရှည်တယ်နော်။

(CFCs) ဖွဲ့စည်းပုံကို ပုံ(၅)မှာကြည့်ပါ။

တပည့်တို့သိချင်နေတဲ့ကျန်အဖြေတွေကို ဆရာကပဲ ဦးဆောင်ပြီးရှင်းပြသွားတော့မယ်နော်။

အိုဇုန်းလွှာပေါက်တော့ ဘာဖြစ်မလဲဆိုတာတပည့်တို့သိချင်နေကြမှာပဲ။

အိုဇုန်းလွှာပေါက်တော့ခရမ်းလွန်ရောင်ခြည်ကို မတားဆီးပေးနိုင်ဘူး။ တိုးပွားလာတဲ့ခရမ်းလွန်ရောင်ခြည်ကအရေပြားကင်ဆာ၊ မျက်လုံးတိမ်စွဲခြင်းတွေပိုဖြစ်လာစေပြီး ရောဂါခုခံနိုင်စွမ်းတွေကို ကျဆင်းစေပါတယ်။ကမ္ဘာ့ပူနွေးမှုကလည်း အိုဇုန်းလွှာပျက်စီးမှုပမာဏကိုတိုးလာစေပါတယ်။

(CFCs)ထုတ်လုပ်မှုကို ချက်ချင်းတားမြစ်ခဲ့ရင်တောင် လေထုထဲကရှိပြီးသား ကလိုရင်းဟာ အိုဇုန်းလွှာကို ဆယ်စုနှစ်ပေါင်းများစွာဆက်လက်ဖျက်ဆီးနေဦးမှာပါ။ အိုဇုန်းလွှာဟာ ဘယ်နေရာမှာပေါက်သလဲ၊ ကလိုရို ဖလူရို ကာဗွန်ဟာ အန္တာတိကတိုက်ပေါ်မှာ နှစ်စဉ်ရက်သတ္တပတ်ပေါင်းများစွာကြာရှည်တဲ့ အိုဇုန်းပေါက်ကို ဖြစ်ပေါ်စေပြီး အိုဇုန်းလွှာကိုလည်း အဆက်မပြတ်ပါးလွှာစေပါတယ်။

ဆရာတို့နေထိုင်ရာကမ္ဘာကြီးဟာ ဘယ်လောက်ထိပူနွေးလာမလဲ၊ ၂၀ရာစုမှာ ရုပ်ကြွင်းလောင်စာကို အလွန်အကျွံအသုံးပြုလာပြီး ၄င်းကထွက်လာတဲ့ဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်တဲ့(ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရပ်စ်အောက်ဆိုဒ်၊ ကလိုရိုဖလူရိုကာဗွန်၊ မီသိန်း၊ ရေငွေ့၊အိုဇုန်း)ကမြေကမ္ဘာမှအပူကို ထိန်းထားပြီးနေမှလာတဲ့ရေဒီယိုဓာတ်ကိုလည်း ကာကွယ်ပေးခြင်း မရှိပါဘူး။ ဒါကြောင့်ကမ္ဘာကြီးဟာ ၂၁၀၀ခုနှစ် လောက်မှာ လက်ရှိအပူချိန်ထက်၁၀ ဒသမ ၄ ဒီဂရီ ဖာရင်ဟိုက်ထိ တိုးလို့ ပူလောင်လာမှာပါ။

တစ်ဆက်တည်း ကမ္ဘာကြီးပူနွေးမှုကို ဘယ်လိုထိန်းချုပ်မလဲဆိုတဲ့ မေးခွန်းပေါ်လာပါတယ်။

ဖန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှုကို လျှော့ချခြင်းဟာ ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းချုပ်နိုင်တဲ့ မဟာဗျူဟာ တစ်ခုပါ။ အဲဒီမှာ ချဉ်းကပ်မှု နှစ်မျိုးရှိပါတယ်။

တစ်ခုက ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လျှော့ချခြင်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်ပါတယ်။

နောက်တစ်ခုကတော့ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို လေထုထဲကနေ စုပ်ယူထိန်းသိမ်းထားခြင်းပဲဖြစ်ပါတယ်။

ဒီနေရာမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်နဲ့ သစ်ပင်တို့ရဲ့ ဆက်စပ်မှုလည်းသိဖို့လိုလာပြီပေါ့။

အပင်များဟာ တို့လူသားများအတွက် ကျေးဇူးရှင်လား၊အပင်တွေဟာ အစာချက်ဖို့အတွက် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ကိုလေထဲမှစုပ်ယူပါတယ်။

ကာဗွန်ကိုဘယ်လိုဖမ်းဆုပ်ထားကြမလဲဆိုတာလည်း အလွန်စိတ်ဝင်စားဖို့ကောင်းတဲ့မေးခွန်းတစ်ခုပါပဲ။

ကာဗွန်ဒိုင်အောက်ဆိုဒ်ကိုလေထုထဲကနေစုပ်ယူထိန်းသိမ်းထားဖို့နည်းလမ်းတစ်ခုကတော့ သစ်ပင်များကိုထိန်းသိမ်းခြင်းနဲ့ အများအပြားထပ်မံစိုက်ပျိုးဖို့ပါပဲ။ အထူးသဖြင့် ငယ်ရွယ်ပြီး အလျင်အမြန်ကြီးထွားနိုင်တဲ့ အပင်များဟာ လေထုထဲက ကာဗွန်ဒိုင်အောက်ဆိုဒ် အမြောက်အမြားကိုစုပ်ယူပြီးထိန်းသိမ်း ထားနိုင်ပါတယ်။

ကမ္ဘာတစ်ဝန်း (အထူးသဖြင့် မြန်မာနိုင်ငံအပါအဝင် အပူပိုင်းနိုင်ငံများမှာ)သစ်တောများကို စိုးရိမ်ဖွယ်ကောင်းလောက်အောင် ခုတ်သတ်နေကြပါတယ်။

ဒါကြောင့် ဆရာတို့၊ တပည့်တို့ အပါအဝင် လူသားအားလုံးဟာ အပင်တွေကိုခုတ်လှဲတဲ့ အကျင့်ဆိုးကိုဖျောက်ဖျက်ပစ်ပြီး အပင်များများစိုက်တဲ့အကျင့်ကောင်းကိုထူထောင်ဖို့လိုပြီဆိုတာနားလည်သဘောပေါက်ပါပြီနော်။

နားလည်ပါပြီဆရာ။ကျေးဇူးတင်ပါတယ်ဆရာ။


ပုံ(၁)

ပုံ(၂)



ပုံ(၃)


ပုံ(၄)



ပုံ(၅)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မောင်မန်ရှန်ယိမ်းဘောမ်(MD, Diamond Auto Co.,Ltd.)နှင့် မဂလောင်းချန်းမျော်တို့၏ ၁၁-၄-၂၀၁၃ရက်တွင် ကျင်းပပြုလုပ်သည့် ထိမ်းမြားမင်္ဂလာလက်ထပ်ခြင်းအား အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းနှင့် သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Diamond Auto ကုမ္ပဏီဝန်ထမ်းများ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
(ဗိုလ်ကြီးလှရွှေ)(ငြိမ်း)-ဒေါ်တင်ရီ တို့၏ သား
မောင်အောင်မျိုးမင်း
B.A (Myanmar), 2nd Mate (F.G)
SB MARITIME CO., LTD
RAFFLES TECHNICAL SERVICE, PTE SINGAPORE
နှင့်
ရန်ကုန်မြို့နေ
ဦးခင်မောင်သွင်-ဒေါ်ခင်စန်းဝင်း တို့၏ သမီးထွေး
မအိစာခြည်သွင်
B.A (Eco), Dip in Hospitality & Tourism Business
Temasek Polytechnic (Singapore)

တို့၏ ၇-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့) Sedona Hotel (Grand Ballroom)ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော မဟာသရေစည်သူ ဗုတ်ယဂိုလ်ချုပ်ကြီးခင်မောင်သန်း (ငြိမ်း)နှင့် ဇနီးဒေါ်မာလာတင့်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်မှတ်ရေးထိုးမြှင့်ပေးပါသော မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်းကောလိပ်ကျောင်းအုပ်ကြီး(ငြိမ်း) ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်ဆရာကြီးဦးဝင်းသိမ်းနှင့် ဇနီးဒေါ်လှလှဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းအားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက် နယ်ဘက်မှဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာပန်းကြဲပေးသော မနိုင်ငြိမ်းချမ်းမောင်၊ မင်္ဂလာပန်းကုံးကလယ် ကိုင်ဆောင်ပေးသော မဖေအေးချမ်းသီရိမောင်၊ မင်္ဂလာလက်စွပ်ကလယ်ကိုင်ဆောင်ပေးသော မပြည့်ပြည့်ဖြိုး၊ မင်္ဂလာ သတို့သားအရံ မောင်လင်းဖြိုးအောင်နှင့် မောင်ကျော်မိုးနိုင်၊ မင်္ဂလာသတို့သမီးအရံ မသင်းနုရည်ဇော်နှင့် မဇတ်မွန် တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးညီ၊ မင်္ဂလာအခါတော် ပေးသီဆိုပေးပါသော တေးသံရှင်မေဆွိ၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော စန္ဒရားသိန်းမြင့်သန်း တေးဂီတအဖွဲ့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးပါသော ညီညီမောင်(စမ်းချောင်း)နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော Eternal နှင့် နေ့လယ်စာသီးတီးလုပ်ငန်း မင်္ဂလာတင်ကိုမ်စီစဉ်ပေးပါသော Aroma နှင့် မခင်မာရီ၊ မင်္ဂလာဓါတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုအေးဇော်မိုး(စက်မှု)နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာ စီစဉ်ပေးပါသော ဒဂုန်ပုံနှိပ်တိုက်၊ Sedona Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူး တင်ထိုက်သူများအားလုံးကို အထူးပင်လှိုက်လှိုက်လှဲလှဲကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မျိုးမင်း - မအိစာခြည်သွင်

ပြည်တွင်း၌သာခန့်ထားရန်

Star Way Co.,Ltd.၏ နိုင်ငံတကာအဆင့်မြင့်(FMCG)ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချမှုအား တက်ကြွဖျတ်လတ်ကြိုးစားအားထုတ်သော အောက်ဖော်ပြပါဝန်ထမ်းများ လာရောက်လျှောက်ထားနိုင်ပါသည်။
မြန်မာနိုင်ငံ(အောက်ပိုင်း)တွင် ခန့်ထားရန်
ရန်ကုန်(ရုံးချုပ်)တွင် ခန့်ထားရန်

(1) National Sales Manager	ကျား/မ	(၁) ဦး
(2) Assistant Sales Manager	ကျား/မ	(၂) ဦး
(3) Sales Executive	ကျား	(၂) ဦး
(4) Supervisor	ကျား	(၅) ဦး
(5) Senior Sales Representative	ကျား	(၁၀) ဦး
(6) Sales Representative	ကျား	(၃၀) ဦး
(7) Driver	ကျား	(၆) ဦး
(8) Chief Accountant	ကျား/မ	(၁) ဦး

လျှောက်ထားရမည့်လိပ်စာ-အမှတ်(၃၁)၊ ပြည်လမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၀၀၀၄
လိုအပ်သည့်အရည်အချင်းများ
(1) National Sales Manager ရာထူးအတွက်-
ဘွဲ့ရ၊ MBA အသက်(၃၅)နှစ်အထက်၊ Sales & Distribution Planning ကို ကျွမ်းကျင်စွာ ရေးဆွဲအကောင်အထည်ဖော် နိုင်ပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁၅)နှစ်၊ နိုင်ငံတကာ ကုမ္ပဏီတွင် လုပ်ကိုင်ဖူးသူ ဦးစားပေးမည်။
(2) Assistant Area Sales Manager ရာထူးအတွက်-
ဘွဲ့ရ၊ အသက်(၃၀)နှစ်အထက်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁၀)နှစ်
(3) Sales Executive ရာထူးအတွက်-
ဘွဲ့ရ၊ အသက်(၂၅)နှစ်အထက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်
(4) Supervisor ရာထူးအတွက်-
ဘွဲ့ရ၊ အသက်(၂၅)နှစ်အထက်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်
(5) Senior Sales Representative ရာထူးအတွက်-
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၁၈)နှစ်အထက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်၊
(6) Sales Representative ရာထူးအတွက်
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၁၈)နှစ်အထက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်
(7) Driver ရာထူးအတွက်
အနည်းဆုံးတက္ကသိုလ်ဝင်တန်း၊ အသက်(၂၀)နှစ်အထက်
(8) Chief Accountant ရာထူးအတွက် -
B.Com.CPA အောင်မြင်ပြီး၊ အသက်(၃၀)နှစ်အထက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်၊
အမှတ်စဉ် (1)မှ အမှတ်စဉ် (4)အထိနှင့် အမှတ်စဉ် (8)အထိ လျှောက်ထားသူများသည် English နှင့် Computer ကျွမ်းကျင်သူဖြစ်ရမည်။
အမှတ်စဉ် (1)မှ အမှတ်စဉ် (7)အထိ လျှောက်ထားသူများသည် ယာဉ်မောင်းလိုင်စင်ရှိ၍ မော်တော်ယာဉ်ကျွမ်းကျင်စွာမောင်းနှင်နိုင်ပြီး မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသမဆို ကျွမ်းကျင်စွာမောင်းနှင်နိုင်ပြီး မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသမဆို ကျွမ်းကျင်စွာမောင်းနှင်နိုင်သူဖြစ်ရမည်။
လျှောက်ထားလိုသူများ-ကိုယ်ရေးရာဇဝင်၊ ဘွဲ့လက်မှတ်(မိတ္တူ)၊ သန်းခေါင်စာရင်း(မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာရပ်ကွက်နှင့်မြို့နယ်ရဲစခန်း၏ထောက်ခံချက်(မူရင်း)၊ အလုပ်သမားရုံးမှ လေဘာကတ်(မိတ္တူ)၊ လျှောက်လွှာမတင်မီ(၁)လအတွင်း ရိုက်ထားသော (Passport) ဓာတ်ပုံ(၂)ပုံတို့နှင့်တကွ ပူးတွဲ၍ ကြော်ငြာပါသည့်ရက်မှစ၍ (၂)ပတ်အတွင်း အထက်ပါလိပ်စာသို့လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

(၃၂)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

ဖေဖေ **ဦးလင်းထွန်းမြင့်**(ဌာနမှူး၊ စိမံရေးရာဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)နှင့် မေမေ **ဒေါ်ခင်ဆွေဝင်း**(ဇမ္ဗူကျော် စိန်ရွှေရတနာ)တို့၏ ၁၂-၄-၂၀၁၃ ရက်တွင် ကျရောက်သော (၃၂)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ရက်မြတ် မှစ၍ နောက်နှစ်ပေါင်းများစွာ ချစ်သောသားသမီးများနှင့် ပျော်ရွှင်သာယာ ချမ်းမြေ့စွာ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း ဆုတောင်းလျက်-

ချစ်သမီး - **ဗိုလ်မှူးအောင်တေဇာလွင်-မဖြူသင်းနိုင်(AusAID-DFID)**
ချစ်သားကြီး - **ဒေါက်တာ မျိုးသက်ပိုင်လင်း**
ချစ်သားငယ် - **မောင်မိုးသက်နိုင်လင်း(Final Part II, UM-1)**

မိတ်ကြားခြင်း

အအားအအာ နှင့် ဓာတုအင်ဂျင်နီယာဌာန
ကျောင်းသား / သူ ဟောင်းများ၏

ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်ဖြစ်ပါ၍ အခမ်းအနား ဖြစ်မြောက်ရေးကော်မတီ အား ပြန်လည်စုံစည်းလိုပါသဖြင့် (၂၁-၄-၂၀၁၃)ရက်နေ့ နံနက် (၉း၀၀)နာရီ မှ (၁၁း၀၀)နာရီ တွင် လှည်းတန်း " Ice Berry " (ရန်ကုန်အင်းစိန်လမ်းမကြီး)သို့ ကြွရောက် ဆွေးနွေးပေးကြပါရန် လေးစားစွာ ဖိတ်ကြား အပ်ပါသည်။ အသေးစိတ် သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ကိုအေးသန်း	- 09 43121642	မအေးချမ်းမိုး	- 09 73117914
မဖြူစင်ထွန်း	- 09 73500535	မမြတ်ယဉ်ဝင်း	- 09 5182754
ကိုမင်းဇော်ထွန်း	- 09 5394144	မမေစိုးမွန်	- 09 448051728
ကိုကျော်ကျော်ထွေး	- 09 5199284	မထိုက်နန္ဒာလွင်	- 09 73174183

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

အစ်မရင်းတစ်ယောက်လို ချစ်ခင်လေးစားရပါသော မလတ်-**စာရေးဆရာမ ယဉ်ဝေလွင်**(ဆရာဦးစိန်ခိုဆေးတိုက်နှင့် ဆရာဦးစိန်ခိုဆေးဝါးထုတ်လုပ်ရေး၊ ပြည်မြို့)အား ၂၀-၃-၂၀၁၃ ရက်တွင် အိန္ဒိယနိုင်ငံ KOLKATA (I.B.A.M)မှ Ph.D.(A.M)ဘွဲ့ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယခုထက်ပို၍ အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Designer မေသက်လွင်(the CROWN fashion)မိသားစု
ရုပ်ရှင် ဗီဒီယိုနှင့် ကြော်ငြာသရုပ်ဆောင် မေသက်ခိုင် မိသားစု

FAME HerbalFresh®
Mental refreshment
စိတ်မြင့်ဆေး
TMR 011255 (1114)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME HerbalSleep®
Herbal sedative
သဘာဝအိပ်ဆေး
TMR 011160 (1114)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

